မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**အနှစ်ရှိသောတရားကိုရနိုင်**

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍၊ အနှစ်မရှိသောတရားကိုလည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသောတရားကို ရနိုင်ကြကုန်၏။ **ယမကဝဂ် (ဓမ္မပဒ - ၁၂)**

၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက် | ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၈၃)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်နိုင်ငံသံအမတ်ကြီးနှင့် ဗြိတိန်နိုင်ငံသံအမတ်ကြီးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

အလားတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး မစ္စတာ အင်ဒရူး ပက်ထရစ်အား မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ တွေ့ဆုံပြီး မြန်မာ-ဗြိတိန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး မစ္စတာ အင်ဒရူး ပက်ထရစ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်** (သတင်းစဉ်)

# အလောင်းတော်ကဿပဘုရားဖူးရာသီလမ်းကို ၂၀၁၇ ခု ဇန်နဝါရီလ ၇ ရက်နေ့တွင် ဖွင့်မည်

**မုံရွာ ဒီဇင်ဘာ ၂၁**

သဘာဝအခြေခံခရီးသွားစခန်း ၂၁ ခုတွင် တစ်ခုအပါအဝင်ဖြစ်သည့် အလောင်းတော်ကဿပအမျိုးသားဥယျာဉ်အတွင်းရှိ အလောင်းတော်ကဿပ ဘုရားဖူးရာသီကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

"စောစောပိုင်းက ဒီဇင်ဘာ ၂၈ ရက်မှာ ဖွင့်ဖို့စီစဉ်ထားပေမယ့် လမ်းဖောက်၊ လမ်းကြောင်းထိုးတာတွေ မပြီးသေးတဲ့အတွက် ဇန်နဝါရီလထဲကို ရက်ရွှေ့လိုက်တာပါ။ ဇန်နဝါရီ ၄ ရက်နဲ့ ၅ ရက်မှာ ဖွင့်ဖို့စီစဉ်ပေမယ့် လွတ်လပ်ရေးနေ့အခမ်းအနားရှိတော့ ၇ ရက်နေ့မှာ ဖွင့်ဖို့စီစဉ်တာပါ။ တိုင်းဒေသကြီးအစိုးရရဲ့လမ်းညွှန်မှုနဲ့ တိုင်းဒေသကြီးလျှပ်စစ်ကနေ အလောင်းတော်ကဿပမှာ လျှပ်စစ်မီးကောင်းမွန်စေဖို့နဲ့ သောက်သုံးရေသန့်ကို ဘုရားဖူးတွေရရှိစေဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ အလောင်းတော်ကဿပက အာဆီယံအမွေအနှစ်ဥယျာဉ် (ASEAN Heritage Park-AHP) ဖြစ်တဲ့အတွက် သန့်ရှင်းသပ်ရပ်မှုကို ရှေ့တန်းတင် ဝိုင်းဝန်းဆောင်ရွက်တဲ့အနေနဲ့ စနစ်တကျ အမှိုက်စွန့်ပစ်စေရအောင် စီစဉ်ဆောင်ရွက်နေပါတယ်" ဟု တိုင်းဒေသကြီး *စာမျက်နှာ ၃ ကော်လံ ၁ ❍*

## ကျွန်ုပ်တို့၏ နှလုံးသည်းပွတ်ပမာ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ

ဆောင်းပါး၊ စာမျက်နှာ-၆

## ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) မှ တွေ့ရှိရသော အခက်အခဲနှင့် စိန်ခေါ်မှုများအပေါ် ကျော်လွှားနိုင်မည့် နည်းလမ်းများရှာဖွေရန်အတွက် ကော်မတီ၏ မျက်နှာစုံညီစည်းဝေး

သတင်း၊ စာမျက်နှာ-၉



# ပြည်သူ့ယုံကြည်မှုနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်း

နိုင်ငံခြားငွေနှင့်လဲလှယ်ရာ၌ မြန်မာကျပ်ငွေတန်ဖိုးကျဆင်းနေခြင်းသည် ပြည်သူလူထုအတွင်း ကျယ်ပြန့်စွာရိုက်ခတ်မှုရှိသော တိုင်းပြည်၏ ပစ္စုပ္ပန်စီးပွားရေးအခြေအနေတစ်ရပ် ဖြစ်ပါသည်။ ပြည်သူလူထု၏ နေ့စဉ်ဘဝအပေါ် အကျိုးသက်ရောက်မှုကြီးမားသည့် စက်သုံးဆီ၊ စားအုန်းဆီနှင့် ဆေးဝါးကဲ့သို့သော ကုန်ပစ္စည်းများကို နိုင်ငံခြားငွေဖြင့် တင်သွင်းဝယ်ယူရခြင်းဖြစ်၍ မြန်မာကျပ်ငွေ၏ ငွေလဲလှယ်နှုန်းကျဆင်းခြင်းသည် အရေးကြီးသော ကိစ္စတစ်ရပ်ဖြစ်ပါသည်။ ငွေလဲလှယ်နှုန်း အတက်အကျမြန်ဆန်၍ မတည်မငြိမ်ဖြစ်ခြင်းသည် ပို၍သတိထားကိုင်တွယ်ရမည့် ကိစ္စရပ်ဖြစ်ပါသည်။

အဆိုပါကိစ္စရပ်နှင့် ပတ်သက်၍ ဗဟိုဘဏ်သည် လက်တွေ့ဆောင်ရွက်နိုင်သော ကိစ္စတို့ကိုစိစစ်၍ လိုအပ်သကဲ့သို့ဆောင်ရွက်နေသည်ကို တွေ့ရပါသည်။ ပြည်ပနိုင်ငံများတွင် ပြုလုပ်ထားသော မြန်မာနိုင်ငံသားတို့၏ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ဘဏ်များ၊ ကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းတို့အနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းရှိ/မရှိ စိစစ်ရန် ဗဟိုဘဏ်က အရေးယူဆောင်ရွက်လာသည်ကို တွေ့ရပါသည်။ ပြည်ပနိုင်ငံများသို့ ကုန်ပစ္စည်းများတင်ပို့သော လုပ်ငန်းရှင်များအနေဖြင့် ဥပဒေသတ်မှတ်ချက်နှင့်အညီ ပို့ကုန်ရငွေများကို ပြည်တွင်းသို့ပြန်လည်ပေးပို့စေရန်ကိုလည်း ဗဟိုဘဏ်က ကိုင်တွယ်ဆောင်ရွက်လာသည်ကို တွေ့ရပါသည်။ ပြည်တွင်း၌ဖွင့်လှစ်ထားသည့် နိုင်ငံခြားဘဏ်ခွဲ(၁၃)ခုတွင် မြန်မာကုမ္ပဏီများအား ငွေစာရင်းဖွင့်လှစ်ခွင့်ပြုရန် ဗဟိုဘဏ်က စီစဉ်ဆောင်ရွက်နေသည်ကိုလည်း တွေ့ရပါသည်။ နိုင်ငံခြားငွေနှင့် လဲလှယ်ရာ၌ မြန်မာကျပ်ငွေတန်ဖိုးကျဆင်းနေခြင်းအပေါ် ဗဟိုဘဏ်သည် လက်တွေ့ဆောင်ရွက်နိုင်သည့်ကိစ္စရပ်များအား ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်ကို တင်ပြလိုခြင်း ဖြစ်ပါသည်။

သို့သော် နိုင်ငံခြားငွေနှင့်လဲလှယ်ရာ၌ မြန်မာကျပ်ငွေတန်ဖိုးကျဆင်းနေရခြင်း၏ လတ်တလောအကြောင်းအရင်းနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်းမရှိ ဖြစ်နေပါသည်။ ပုဂ္ဂလိကသတင်းမီဒီယာများတွင် မြန်မာကျပ်ငွေတန်ဖိုးကျဆင်းနေရခြင်းသည် ပုဂ္ဂလိကဘဏ်များက နိုင်ငံခြားငွေကြေးများအားဝယ်ယူ၍ ငွေကစားနေသောကြောင့်ဟု ဖော်ပြရေးသားနေသည်များရှိနေပါသည်။ ဗဟိုဘဏ်မှထုတ်ပြန်သောအချက်အလက်များအရ ၂၀၁၅ ခုနှစ် မတ်လအကုန်အထိ မြန်မာနိုင်ငံ၏ စုစုပေါင်းနိုင်ငံခြားအရန်ငွေ သီးသန့်ငွေပမာဏသည် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၀၃ ဘီလီယံရှိ၍ နိုင်ငံပိုင် နိုင်ငံခြားငွေသီးသန့်ငွေပမာဏက အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၉ ဘီလီယံရှိပါသည်။ ပုဂ္ဂလိကပိုင် နိုင်ငံခြားငွေသီးသန့်ငွေပမာဏသည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၄ ဘီလီယံရှိပါသည်။ တင်ပြလိုသည်မှာ ပုဂ္ဂလိကဘဏ်များက နိုင်ငံခြားငွေကြေးများအားဝယ်ယူ၍ ငွေကစားနေသည်ဟူသော သတင်းအပေါ် ပြည်သူလူထုက စိုးရိမ်သောကပွားလာနိုင်သော အခြေအနေဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေနှင့်လဲလှယ်ရာ၌ မြန်မာကျပ်ငွေတန်ဖိုးကျဆင်းနေရခြင်း၏ လတ်တလောအကြောင်းရင်းကို ပြည်သူလူထုထံ အသိပေးရှင်းလင်းတင်ပြပေးပါရန် လေးစားစွာတိုက်တွန်းအကြံပြုတင်ပြအပ်ပါသည်။

# လူကုန်ကူးမှုတားဆီးရေးနှင့် လူငယ်များကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးရေး သင်တန်းဖွင့်လှစ်



**တောင်ငူ ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံ စာကြည့်တိုက်များအသင်းနှင့် The Asia Foundation၊ ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ လူကုန်ကူးမှုတားဆီးရေးနှင့် လူငယ်များကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တောင်ငူခရိုင်ရုံးခန်းမ၌ ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဒေါ်သူဇာမြင့်က အမှာစကားပြောကြားပြီး The Asia Foundation၊ Program and Operations Officer ဒေါ်မီကီကျော်မြင့်က Asia Foundation ဖြစ်ပေါ်လာပုံနှင့် ဆောင်ရွက်နေသည့် လုပ်ငန်းများအကြောင်းကို လည်းကောင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အဝင်းက စာကြည့်တိုက်များနှင့် စာကြည့်တိုက်မှူးများ ပြောင်းလဲလာသော အခန်းကဏ္ဍနှင့်ပတ်သက်သည်များကိုလည်းကောင်း ပြောကြားသည်။

အဆိုပါ သင်တန်းသို့ တောင်ငူ၊ မြင်းခြံ၊ တောင်ကြီးနှင့် ကျိုင်းတုံမြို့များမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ငါးရက်ကြာ ကျင်းပလျက်ရှိကြောင်း သိရသည်။ **မောင်ရွှေဝင်း ( ပြည် )**

## ထင်သာမြင်သာပြုပြင်စရာ

# အင်းတော်မြို့နယ် နန့်စီးအောင်ရွာ အော်တိုဖုန်းလိုင်းများ ဆက်သွယ်မရသည်မှာ ငါးနှစ်ခန့်ကြာ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နန့်စီးအောင်ကျေးရွာ၌ အော်တိုတယ်လီဖုန်း ကိုးလုံးတပ်ဆင်အသုံးပြုနေခဲ့ရာမှ ယခုအခါ ဖုန်းဆက်သွယ်မှုမရသည်မှာ ငါးနှစ်ခန့်ရှိနေကြောင်း သိရသည်။

အဆိုပါ ဖုန်းလိုင်းများကို ၂၀၀၇-၂၀၀၈ ခုနှစ်ခန့်က ဖုန်းပိုင်ရှင်တစ်ဦးလျှင် ငွေကျပ်သိန်း ၂၀ကျော် အကုန်အကျခံကာတပ်ဆင်ထားရကြောင်း သိရသည်။ ယခုအခါ မိုဘိုင်းဖုန်းများပေါ်လာသောကြောင့် အဆိုပါဖုန်းများ အသုံးပြုမှုနည်းလာကြောင်း သိရသည်။ ရံဖန်ရံခါလိုအပ်၍ ယခင်တပ်ဆင်ထားသော အော်တိုကြိုးဖုန်းများ သုံးလျှင် လုံးဝခေါ်မရတော့ကြောင်း သိရသည်။ ကြိုးလိုင်းများပေါ်တွင်လည်း ချုံနွယ်များ ဖုံးအုပ်နေခြင်း၊ ဖုန်းကြိုးများ ပြတ်တောက်နေခြင်းကို တွေ့မြင်ရသည်။



“ကျွန်တော်တို့ နန့်စီးအောင်ကျေးရွာမှာ အော်တိုကြိုးဖုန်း ကိုးလုံးတပ်ဆင်ထားပါတယ်။ ဘုန်းတော်ကြီးကျောင်းမှာလည်း တပ်ဆင်ထားပါတယ်။ တစ်ဦးကို ဖုန်းဖိုးငွေကျပ်သိန်း ၂၀ကျော် ကုန်ကျခဲ့ပါတယ်။ အခုအခါလိုအပ်လို့ ကြိုးဖုန်းနဲ့ခေါ်ရင် မရတာငါးနှစ်လောက်ရှိပါပြီ။ မော်လူးဆက်သွယ်ရေးကို အကြောင်းကြားသော်လည်း အခုချိန်အထိ လာရောက်ပြင်ဆင်ပေးတာမရှိပါဘူး”ဟု ဒေသခံကြိုးဖုန်းပိုင်ရှင် တစ်ဦးက ပြောသည်။ **လှအောင်(ကသာ)**

# ရမည်းသင်းမြို့၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု သင်တန်းဖွင့်

**ရမည်းသင်း ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၂၈) စက်မှုလယ်ယာစခန်းမှ ဖွင့်လှစ်သော လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) တောင်သူပညာပေးသင်တန်း အမှတ်စဉ်(၁/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ရက်က ရမည်းသင်းမြို့နယ် ရွှေဒါးအုပ်စု လယ်ပြင်သာကျေးရွာ အသောကာရုံကျောင်းတိုက်သဏ္ဍိသုခမ္မာရုံ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် ရိတ်သိမ်းခြွေလှေ့စက်၊ ထွန်စက်၊ လက်တွန်းထွန်စက် အစရှိသည်တို့ဖြင့် မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းကို သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၂၀ ရက်မှ ၃၁ ရက် အထိဖြစ်ကာ ရွှေဒါးအုပ်စုနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသား ၄၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၁-၁၂-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၅၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၅၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၆၀/၆၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၁၀/၇၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၇၀/၇၁၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၇၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၃ · ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၄၈ · ၈၈ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၂၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၁၉ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၈၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ · ၂၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီရွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



## စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

## ညအပူချိန်များ

၂၁-၁၂-၂၀၁၆

ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့၌ ၁ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၌ ၅ ဒီဂရီ စင်တီဂရိတ်နှင့် ပင်လောင်းမြို့၊ ဟဲဟိုးမြို့၊ လွိုင်လင်မြို့နှင့် နောင်ချိုမြို့တို့၌ ၆ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များအနည်းငယ်လျော့နည်းနိုင်သည်။ (မိုး/ဇလ)

# ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် IDEA တို့အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ ဆွေးနွေး



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် IDEA ရုံးမှ အကြီးအကဲဖြစ်သူ Mr. Mark McDowell နှင့်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် International Institute for Democracy and Electoral Assistance – IDEA ရုံးမှ အကြီးအကဲဖြစ်သူ Mr. Mark McDowell နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သံတမန်ခန်းမ၌ တွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များဆွေးနွေး**

ဆွေးနွေးစဉ် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေစိစစ်ရေးဦးစီးဌာနလက်အောက်၌ ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ ဌာနခွဲတစ်ခုထားရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသော ကိစ္စရပ်များ၊ IDEA ၏ Myanmar Constitution Centre မှ စီစဉ်ဆောင်ရွက်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆွေးနွေးပွဲများနှင့် သင်တန်းများတွင် ဥပဒေအရာရှိများ တက်ရောက်လေ့လာနိုင်မည့် ကိစ္စရပ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် IDEA တို့အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

❍ ရှေ့ဖုံးမှ

အစိုးရအဖွဲ့ဝင်ဦးသန်းဌေးက ပြောသည်။

မြန်မာနိုင်ငံ၌ သဘာဝအခြေခံခရီးသွားစခန်း ၂၁ ခု စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်နှင့် ချပ်သင်းဘေးမဲ့တောတို့ ပါဝင်ပြီး အလောင်းတော်ကဿပသည် ဒေသတွင်းအာဆီယံ ၁၀ နိုင်ငံ၌ အာဆီယံအမွေအနှစ်ဥယျာဉ် ၃၈ ခုတွင် တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၊ အင်းတော်ကြီးကန်ဘေးမဲ့တော၊ နတ်မတောင်အမျိုးသားဥယျာဉ်၊ အင်းလေးကန်ဘေးမဲ့တော၊ မိန်းမလှကျွန်းဘေးမဲ့တော၊ လန်ပိကျွန်း၊ အဏ္ဏဝါအမျိုးသားဥယျာဉ်နှင့် အလောင်းတော်ကဿပအမျိုးသားဥယျာဉ်တို့ကို အာဆီယံအမွေအနှစ်သဘာဝအခြေခံခရီးသွားစခန်းများအဖြစ် သတ်မှတ်ထားသည်။

အလောင်းတော်ကဿပအမျိုးသားဥယျာဉ်အတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်းများကို ဖော်ဆောင်ထားရာ သပိတ်ဆေးစခန်း-ဘုရားဝ-ချောင်းမကြီး အသွားအပြန် ၁၀ မိုင်ရှိပြီး သပိတ်ဆေးစခန်း-ငါးဖွေချောင်း-ခြောက်ပေလမ်းအတိုင်း ဘုရားရင်ပြင်သို့ အသွားအပြန် ရှစ်မိုင်ရှိသည့်အပြင် သပိတ်ဆေးစခန်း-ကားလမ်းဟောင်း-ဘုရားရင်ပြင်အသွားအပြန်မှာ လေးမိုင်ရှိကြောင်းသိရသည်။ ထို့အပြင် သပိတ်ဆေးစခန်း-ဘုရားရင်ပြင်-ခေါက်လောက်တောင်ထိပ် ခြောက်ပေလမ်းအတိုင်း ဘုရားရင်ပြင်အထိ ခုနစ်မိုင်ခရီးရှိပြီး သပိတ်ဆေးစခန်း-ဘုရားရင်ပြင်-ညှင်းကျချောင်း-ခေါင်းတင်ချောင်း အသွားအပြန် ရှစ်မိုင်ရှိကာ ၁၀ မိုင်ရှိသည့် သပိတ်ဆေးစခန်း-ဘုရားဝ-မင်းတုန်းချောင်းဝခရီးလမ်းများကို သဘာဝအခြေခံခရီးသွားလမ်းများအဖြစ် ဖော်ဆောင်နေကြောင်း သိရသည်။

အလောင်းတော်ကဿပအမျိုးသားဥယျာဉ်အတွင်း ဘုရားဖူးရာသီရောက်လျှင်နှစ်စဉ်လမ်းဖောက်ကာ ကားလိုင်းများ ပြေးဆွဲခြင်းလုပ်ငန်းနှင့် အခြားခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဥယျာဉ်အတွင်း အလောင်းတော်ကဿပ မထေရ်မြတ်ကြီးအား ဖူးမြော်ခြင်း၊ ဆင်စီးခြင်း၊ တောတွင်းစခန်းချခြင်းနှင့် သဘာဝအလှရှုခင်းများ လေ့လာခံစားနိုင်သလို သပိတ်ဆေးစခန်းရှိ အဆောက်အအုံများ၊ ရင်ပြင်တော်ရှိ ဂေါပကကျောင်း ဘုန်းကြီးကျောင်းနှင့် ဇရပ် ၄၀ ကျော်တို့တွင် တည်းခိုနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဗုဒ္ဓဘာသာဝင်များအတွက် ဘာသာရေးအရ အရေးပါသောအထွတ်အမြတ်နယ်မြေဖြစ်သည့် အလောင်းတော်ကဿပ ရဟန္တာမထေရ်မြတ် လျောင်းတော်မူရာသဘာဝလိုဏ်ဂူတော်နှင့် စံကျောင်းတော်ကို ဖူးတွေ့ရမည်ဖြစ်သလို ဘုရားပွဲတော်ကို နှစ်စဉ် တပို့တွဲလပြည့်နေ့နှင့် တပေါင်းလပြည့်နေ့တို့တွင် ကျင်းပခြင်းဖြစ်သည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# (၃၅) ကြိမ်မြောက် ပြည်တွင်းပုလဲရောင်းချပွဲကို ဒီဇင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ သုံးရက်ကြာ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ (၃၅) ကြိမ်မြောက် ပြည်တွင်းပုလဲရောင်းချပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာပြတိုက် ရတနာဈေးထပ်၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**



ပြည်တွင်း၌ ကျပ်ငွေဖြင့် ပုလဲရောင်းချပွဲ များအား ၁၉၉၃ ခုနှစ်မှ စတင်ရောင်းချခဲ့ပြီး ယနေ့အထိ ၃၄ ပွဲ ရောင်းချခဲ့ရာ နိုင်ငံတော်ဝင်ငွေ ကျပ်သန်းပေါင်း ၁၁၀၉ သန်း ရရှိခဲ့ပြီးဖြစ်သည်။ နေပြည်တော်တွင် ၂၀၀၉ခုနှစ် စက်တင်ဘာ (၂၈) ကြိမ်မြောက် ပြည်တွင်းပုလဲရောင်းချပွဲမှ စတင်ရောင်းချခဲ့ရာ ယခု(၃၅) ကြိမ်မြောက်ပွဲ အပါအဝင် စုစုပေါင်း ရှစ်ပွဲ ကျင်းပခဲ့ပြီးဖြစ်သည်။

(၃၃)ကြိမ်မြောက် ပုလဲရောင်းချပွဲတွင် ပြည်တွင်းပုလဲကုန်သည် ၇၅ ဦး တက်ရောက်ဝယ်ယူခဲ့ပြီး ပုလဲရောင်းရငွေ စုစုပေါင်း ကျပ်သန်းပေါင်း ၂၇၀၈ သန်း ရရှိခဲ့သည်။ (၃၄)ကြိမ်မြောက် ပုလဲရောင်းချပွဲတွင် ပြည်တွင်းမှ ပုလဲကုန်သည် ၈၀ တက်ရောက်ဝယ်ယူခဲ့ကြပြီး ပုလဲရောင်းရငွေ စုစုပေါင်း ကျပ်သန်းပေါင်း ၄၂၃၇ သန်း ရရှိသည်။

(၃၅) ကြိမ်မြောက် ပြည်တွင်းပုလဲရောင်းချပွဲကို ဒီဇင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ သုံးရက်ကြာကျင်းပမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် နိုင်ငံပိုင် ပုလဲလုံးရေ ၈၄၈၅၁ လုံး၊ အလေးချိန် ၅၆၂၈၆ ဒသမ ၈၅ မိုမီ၊ တန်ဖိုးငွေကျပ်သန်းပေါင်း ၈၅၆ သန်း၊ ပြည်တွင်း/ပြည်ပ ပုလဲကုမ္ပဏီသုံးခုမှ တင်ပြရောင်းချသော ပုလဲလုံးရေ ၄၂၅၅၆ လုံး၊ အလေးချိန် ၂၄၄၀၀ ဒသမ ၂၀ မိုမီ၊ တန်ဖိုးငွေကျပ်သန်းပေါင်း ၈၅၂ သန်းရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းအနေဖြင့် ပြည်တွင်း၌ ကျပ်ငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်လည်းကောင်း ပုလဲရောင်းချပွဲ စုစုပေါင်း ၁၂၁ ပွဲမှ အမေရိကန် ဒေါ်လာ သန်းပေါင်း ၁၀၇ သန်း၊ ယူရိုငွေသန်းပေါင်း ၃၄ သန်း၊ FEC ၀ ဒသမ ၂ သန်း၊ ကျပ်ငွေသန်းပေါင်း ၁၁၀၉ သန်းကို နိုင်ငံတော်ဝင်ငွေအဖြစ် ရရှိခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ် (သတင်းစဉ်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် သတင်းမီဒီယာများအား တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် သတင်းစာ၊ ဂျာနယ်များမှ အယ်ဒီတာနှင့် သတင်းထောက်များအား ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် မီဒီယာခန်းမ၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သတင်းမီဒီယာများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မှားယွင်းသောဆောင်ရွက်မှုကြောင့် နစ်နာသူအား ကုစားပေးရေးဥပဒေတို့နှင့် စပ်လျဉ်း၍ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းသည် JICA (Japan International Co-operation Agency) မှ Legal Advisor Mr. Kenta KOMATSU နှင့် အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ရေးရာဆောင်အမှတ် (I-4) အစည်းအဝေးခန်းမတွင် တွေ့ဆုံ သည်။

တွေ့ဆုံစဉ် ဥပဒေအကြံပေးပုဂ္ဂိုလ်များဖြစ်ကြသော Mr. Kenta KOMATSU နှင့်အဖွဲ့သည် တရားမနစ်နာမှုဥပဒေ (Tort) နှင့် (State Liability) တာဝန်ရှိသူ၏ မှားယွင်းသောဆောင်ရွက်မှုကြောင့် နစ်နာသူအား ကုစားပေးရေးဥပဒေတို့နှင့် စပ်လျဉ်း၍ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီမှ တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ၂၀၁၇ ခုနှစ်၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုများမှ ရရှိလာမည့် ဆုံးဖြတ်ချက်များနှင့်အညီ ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ်တွင် စစ်မှန်သည့် ပြည်ထောင်စုကြီး တည်ဆောက်သွားနိုင်ရေး။

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏စီးပွားရေးမူဝါဒ မျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေမည့် စီးပွားရေးအခြေအနေကောင်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး။

## တိမ်အသင့်အတင့်ဖြစ်ထွန်း

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ (မိုး/ဇလ)

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၂၁-၁၂-၂၀၁၆)ရက်နေ့ကပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၂၈-၁၁-၂၀၁၆) ရက်နေ့မှ (၉-၁၂-၂၀၁၆) ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ လေးဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူဂျာနယ်နှစ်ဦး၊ မဂ္ဂဇင်းနှစ်ဦးနှင့် အထွေထွေသုံးဦး၊ ပေါင်းခုနစ်ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်လိုသူတစ်ဦးတို့ကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၃၉၅ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၁၉၉၄ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၂ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၄၄၁ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦးနှင့် ဂျာနယ်အသစ်လျှောက်ထားသူတစ်ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ဟိန္ဒားသတ္တုတူးဖော်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ဒေသခံများက သတင်းစာရှင်းလင်း

**သတင်း - မွန်းဦးနဒီ**

**ဓာတ်ပုံ - ရဲထွဋ်**

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ဟိန္ဒားသတ္တုတူးဖော်ခြင်း လုပ်ငန်းနှင့်ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် မြောင်ပြိုကျေးရွာဒေသခံများက ယနေ့နံနက်တွင် ရန်ကုန်မြို့ Orchid Hotel ၌ သတင်းစာရှင်းလင်းပွဲပြုလုပ်၍ သတင်းမီဒီယာများအား အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**



ဟိန္ဒားသတ္တုတူးဖော်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် မြောင်ပြိုကျေးရွာဒေသခံများက ရန်ကုန်မြို့၌ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်

၁၉၉၉ ခုနှစ်တွင် ယခင်အမှတ်(၂) သတ္တုတွင်း ဦးစီးဌာနနှင့် Myanmar Pongpipat Company Ltd.(MPC) တို့ အကျိုးအမြတ်ခွဲဝေသည့်စာချုပ်ချုပ်ဆိုပြီး လည်ပတ်သော ခဲမဖြူ သတ္တုတွင်းကြောင့် မြောင်ပြိုဒေသခံများ၏အိမ်များ၊ စိုက်ခင်းများ၊ ဥယျာဉ်ခြံမြေများ၊ ရေတွင်းရေကန်များနှင့် အိမ်ရာများ ပျက်စီးခဲ့ရကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ဒေသခံများက ထားဝယ်ခရိုင် တရားရုံးတွင် ထိခိုက်နစ်နာမှုများအတွက် လျော်ကြေးငွေရရှိရန် တရားစွဲဆိုခဲ့ကြောင်း မီဒီယာရှင်းလင်းပွဲမှ သိရသည်။

"ရွာက စိုက်ပျိုးရေးကို အဓိကထားလုပ်ဆောင်ပါတယ်၊ ကုမ္ပဏီ စတင်လုပ်ကိုင်ခဲ့တဲ့ အချိန်ကစပြီး စွန့်ပစ်မြေစာတွေကို သောက်သုံးရေအတွက် အသုံးပြုတဲ့ ရွာချောင်းထဲကို စွန့်ပစ်ခဲ့တယ်၊ ရွာသူရွာသားတွေအနေနဲ့ အဲဒီအချိန်ကစပြီး စွန့်ပစ်မြေစာတွေကို ချောင်းထဲမစွန့်ပစ်ဖို့ ကုမ္ပဏီကိုပြောဆို ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်မှာ သိသာထင်ရှားတဲ့ ထိခိုက်မှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်၊ ၂၀၀၉ ခုနှစ်မှာ ရွာမှာရေကြီးမှုတွေ ဖြစ်ပေါ်ခဲ့တယ်။ ၂၀၁၄ ခုနှစ်မှာတော့ အကြီးမားဆုံး ရေကြီးမှုဖြစ်ပေါ်ခဲ့တယ်" ဟု မြောင်ပြိုကျေးရွာ ဒေသခံရွာသားတစ်ဦးဖြစ်သည့် ဦးစုငယ်က ပြောသည်။

အဆိုပါ သတ္တုတူးဖော်ရေးလုပ်ငန်းကို လတ်တလောတွင် ဆိုင်းငံ့ထားပြီး ကုမ္ပဏီက ၂၀၁၆ ခုနှစ် ဇွန်လတွင် လက်ခံဖွယ်ဖြစ်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု စီမံကိန်းကို တင်ပြခဲ့ကြောင်း၊ သို့ရာတွင် သတ္တုတူးဖော်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေဆဲ ဖြစ်ကြောင်း အဆိုပါအမှုကို လိုက်ပါဆောင်ရွက်နေသော ထားဝယ် ပရိုဘိုနိုရှေ့နေများကွန်ရက်က ထုတ်ပြန်ချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။

✻ *ကျော်ဖုံးမှ*

စနစ်တကျစီမံဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း၊ စီမံကိန်းနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်သကဲ့သို့ စနစ်တကျဖြစ်ရန်လည်း လိုအပ်ကြောင်း၊ ထို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရများအနေဖြင့် တာဝန်ယူဆောင်ရွက်သွားရမည့် အပိုင်းအလိုက် တာဝန်ကျေပွန်ရန်နှင့် နိုင်ငံတော်နှင့် ပြည်သူအတွက် စံနမူနာစီမံကိန်းကြီး ဖြစ်လာစေရန်အတွက် အလေးအနက်ထား ဆောင်ရွက်ပေးကြရန် ဦးဆောင်ကော်မတီဥက္ကဋ္ဌက တိုက်တွန်းပြောကြားသည်။

ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေးစီမံကိန်း ဦးဆောင်ကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပစဉ် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် မြေနေရာအကျယ်အဝန်းအရ ပြေးလမ်းအသစ် ထပ်မံမတိုးချဲ့နိုင်ခြင်း၊ လေယာဉ်ရပ်နားရန်နေရာ လုံလုံလောက်လောက် တိုးချဲ့နိုင်မှုမရှိခြင်း၊ ပတ်ဝန်းကျင်၌ လူနေထူထပ်မှုကြောင့် ၂၄ နာရီ Operation အတွက် ဆူညံသံများရှိခြင်း၊ တပ်မတော်(လေ)နှင့် တွဲဖက်အသုံးပြုနေရခြင်း၊ လေယာဉ်အတက် အဆင်းကိစ္စရပ်များတွင်လည်း ကန့်သတ်ချက်ဆိုင်ရာကိစ္စရပ်များရှိနေခြင်း စသည့်အခက်အခဲများကို တွေ့ရသည့်အပြင် နောင်အနာဂတ်တွင် တိုးတက် များပြားလာမည့် ခရီးသည်တင်လေယာဉ်နှင့် ကုန်တင်လေယာဉ်များကို နိုင်ငံတကာ စံချိန်စံညွှန်းများဖြစ်သည့် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်၏ ဘေးအန္တရာယ်ကင်းဝေးရေးဆိုင်ရာ စံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်ရန် လိုအပ်လာသည်။ ထို့အပြင် နိုင်ငံတကာခရီးသည်တင်လေယာဉ်နှင့် ကုန်တင်လေယာဉ်ကြီးများ တစ်ဆက်တည်း ဝင်ရောက်ဆင်းသက်နိုင်စေရေးအတွက် အဆင့်မီသည့် လေဆိပ်ကြီးများရှိရန် လိုအပ်နေသည်။ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် စီမံကိန်းကို ဆောင်ရွက်နေခြင်းဖြစ်သည်။

ဟံသာဝတီလေဆိပ်သည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထောက်အကူဖြစ်လာစေမည့် အနာဂတ်အတွက် မရှိမဖြစ်လိုအပ်သည့် အပြည်ပြည်ဆိုင်ရာ လေဆိပ်တစ်ခုဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ်က တင်ဒါခေါ်ယူဆောင်ရွက်ခဲ့သည့် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် (PPP) စနစ်ကို အခြေခံသည့် စီမံကိန်းဖြစ်ကြောင်း၊ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး စီမံကိန်းနောက်ခံသမိုင်း၊ တင်ဒါခေါ်ယူခဲ့မှုအခြေအနေ၊ တင်ဒါရှင်များနှင့် လက်ရှိဆွေးနွေးနိုင်မှုအခြေအနေ၊ ODA ချေးငွေဆိုင်ရာ အခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လျာထားချက်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးပေးစေလိုကြောင်း၊ ထို့အပြင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များအနေဖြင့်လည်း လေဆိပ်ကြီးတည်ဆောက်ရာတွင် ရှိလာနိုင်မည့် အခက်အခဲများကို တင်ပြကြရန်ဖြစ်ကြောင်း၊ လေဆိပ်အသစ်တည်ဆောက်ရာတွင် လိုအပ်ချက်များဖြစ်သည့် ကောင်းမွန်ချောမွေ့သည့် လမ်းပန်းဆက်သွယ်သွားလာရေး၊ ရေရရှိရေး၊ လျှပ်စစ်မီးအလုံအလောက် သွယ်တန်းရရှိရေး၊ ဆက်သွယ်ရေးကွန်ရက်များ တည်ဆောက်တပ်ဆင်ပေးရေး၊ လေဆိပ်နှင့်ဆက်စပ်နေသည့် လက်ရှိလမ်းများကို အဆင့်မြှင့်တင်ပေးရေး၊ အသုံးပြုမည့်စီမံကိန်းမြေနေရာကို လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အမည်ပေါက်ရရှိရေး၊ စီမံကိန်းဧရိယာအတွင်းရှိ ကျူးကျော်အိမ်နေရာများကို ရွှေ့ပြောင်းပေးရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များကို ဆွေးနွေးပေးစေလိုကြောင်း ဒုတိယသမ္မတက ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အနာဂတ်ကာလတွင် ပိုမိုများပြားလာမည့် ခရီးသည်ပမာဏနှင့် လိုက်လျောညီထွေမှုရှိစေရန်အတွက် အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေးနှင့် လိုအပ်ချက်များ၊ ဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည့် အချက်အလက်များ၊ နိုင်ငံတကာအဆင့်မီလေဆိပ်သစ်ကြီးတစ်ခု ဖြစ်လာစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်က စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများက ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်တည်ဆောက်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအလိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် လိုအပ်ချက်များကို အသေးစိတ်ဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ **(သတင်းစဉ်)**


## မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။

၂။ လောင်စာမီးအားကို လိုအပ်သည်ထက် ပိုမသုံးပါနှင့်။

၃။ မီးဖို မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။

၄။ မီးဖိုနှင့် အမိုးနံရံအကြား အပူခံ အကာအရံများထားပါ။

၅။ ဆီအိုးတည်ပြီး မမေ့ပါနှင့်။

**မီးသတ်ဦးစီးဌာန**


# စစ်တွေမြို့ လောကာနန္ဒာ စေတီတော်ပရိဝုဏ်အတွင်း သာသနာ့ဗိမာန် ဆောက်လုပ်နေမှု တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ရှိ လောကာနန္ဒာ စေတီတော်ပရိဝုဏ်အတွင်း သာသနာ့ဗိမာန်ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများကို အရေးတကြီးမလုပ်ဆောင်ဘဲ လုပ်ငန်းလျာထားမှုနှင့်အညီ စနစ်တကျဆောင်ရွက်ရန်၊ ရာသီဥတုပြင်းထန်သည့် ကမ်းရိုးတန်းဒေသဖြစ်၍ မိုးဒဏ်၊ လေဒဏ်ခံနိုင်ရေးအတွက် အသုံးပြုသည့် ဆောက်လုပ်ရေးပစ္စည်းများ အမျိုးအစား၊ အရည်အသွေးကောင်းမွန်စေရေး စိစစ်ဆောင်ရွက်ရန်၊ လက်ရာသေသပ်ကောင်းမွန်စေရန်နှင့် ရေ၊ မီး၊ မိလ္လာစနစ်များအတွက် ပြည့်စုံစွာထည့်သွင်းတွက်ချက်လုပ်ဆောင်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လောကာနန္ဒာစေတီတော် ပရိဝုဏ်အတွင်း သာသနာ့ဗိမာန်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်** (သတင်းစဉ်)

✪ *ကျော်ဖုံးမှ*

နိုင်ဖို့အတွက် တိုင်ရင်းသားလုပ်ငန်းရှင်တွေကို တိုက်တွန်းလိုပါတယ်။ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးလာရင် ဒီဒေသလည်း ဖွံ့ဖြိုးလာပြီး လူငယ်တွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာမှာဖြစ်ပါတယ်”ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ကော့သောင်းခရိုင်အတွင်း လက်ရှိ၌ သူဌေးကျွန်းပေါ်၌ တည်ဆောက်ထားသည့် အခန်း ၂၀၅ ခန်းပါရှိသော Myanmar Andaman Club Hotel၊ ရတနာကျွန်းပေါ်၌ တည်ဆောက်ထားသော အခန်း ၅၂ ခန်းပါရှိသည့် Victoria Enter-tainment Resort ဟိုတယ်၊ ခရင်းခွကျွန်းပေါ်ရှိ အခန်း ၂၂ ခန်း ပါရှိသော Myanmar Andaman Re-sort ဟိုတယ်၊ ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက် ရွှေမင်းဝံဗဟိုလမ်းရှိ အခန်း ၄၈ ခန်းပါရှိသည့် ဂါးဒင်းဟိုတယ်၊ ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် ကမ်းနားလမ်းရှိ အခန်း ၃၉ ခန်းပါရှိသော ဟန်းနီးဘားဟိုတယ်၊ ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် မြို့လယ်ကျောင်းလမ်းရှိ အခန်း ၃၂ ခန်းပါသော ပင်ကွင်းဟိုတယ်၊ ကော့သောင်းမြို့ ဘုရင့်နောင်ရပ်ကွက် ဗိုလ်ဆွန်ပက်လမ်းရှိ အခန်း ၄၄ ခန်း ပါရှိသော ကော့သောင်းဟိုတယ်၊ ကော့သောင်းမြို့ ဗိုလ်ချုပ်လမ်း ရွှေပြည်စိုးကျေးရွာရှိ အခန်း ၄၀ ပါရှိသော Victoria Cliff ဟိုတယ်တို့ တည်ရှိနေသည်။

ကော့သောင်းမြို့နှင့် ကော့သောင်းခရိုင်အတွင်း လက်ရှိအခြေအနေ၌ပင် ခရီးသွားဧည့်သည်များ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာလျက်ရှိရာ မကြာမီကာလအတွင်း တနင်္သာရီတိုင်းဒေသကြီးအတွင်း အဏ္ဏဝါခရီးသွားလုပ်ငန်းတိုးတက်လာမည်ဖြစ်ရာ ဟိုတယ်နှင့် အခန်းအရေအတွက်များစွာ လိုအပ်လာမည်ဖြစ်သည်။ လက်ရှိတွင်လည်း ဟိုတယ်ခန်းများ မလုံမလောက်ဖြစ်လျက်ရှိသည်။

လောလောဆယ်တွင် ကော့သောင်းမြို့အခြေပြု ကျွန်းပတ်နေ့ချင်းပြန်ခရီးစဉ်များကိုလည်း ဆောင်ရွက်ပေးလျက်ရှိရာ ထိုင်းနိုင်ငံမှ ခရီးသွားများနှင့် ဥရောပနိုင်ငံများမှ ခရီးသွားများလည်း လာရောက်လည်ပတ်မှု တိုးမြင့်လျက်ရှိသည်။ အချို့မှာ နေ့ချင်းပြန်၊ အချို့ခရီးသွားများမှာ ညအိပ်ခရီးစဉ်များရှိရာ ကော့သောင်းခရိုင်အတွင်း နိုင်ငံတကာအဆင့်မီ ဟိုတယ်နှင့်အခန်းများ လိုအပ်နေဆဲဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်၌ ကော့သောင်းခရိုင်အတွင်းရှိ ကျွန်းများဖြစ်သော ညောင်ဦးဖီးကျွန်း၊ ဝအလယ်ကျွန်း၊ ၁၁၅ ကျွန်းတို့၌ ဟိုတယ်များ တည်ဆောက်ရန် ပြင်ဆင်နေသကဲ့သို့ ငထင်ညိုကြီးကျွန်းပေါ်၌လည်း ဟိုတယ်တည်ဆောက်ခွင့်ရရှိရန် တင်ပြထားကြောင်း သိရသည်။ ထို့အတူ လိုဏ်ဂူကျွန်းပေါ်၌ ဟိုတယ်တည်ဆောက်နိုင်ရေးအတွက် ကြိုတင်စိစစ်မှုအဖြစ် EIA၊ FIA လုပ်ငန်းများ ပြုလုပ်လျက်ရှိရာ သဘာဝပတ်ဝန်းကျင်မထိခိုက်ရေး၊ သတ်မှတ်စည်းကမ်းများနှင့်အညီ စနစ်တကျဖြစ်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကော့သောင်းဒေသသို့ နိုင်ငံတကာခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာရာတွင် အဆင်ပြေချောမွေ့စွာ ဝင်ထွက်နိုင်ရန်နှင့် တည်းခိုနေထိုင်အပန်းဖြေနိုင်ရန် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းတိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ဒေသခံတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကာ ဒေသဝင်ငွေတိုးတက်ပြီး သဘာဝပတ်ဝန်းကျင်နှင့် ရေအောက်သယံဇာတများ ရေရှည်တည်တံ့အောင် ပိုမိုထိန်းသိမ်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

# အမရပူရမြို့ပြဖွံ့ဖြိုးရေး စီမံကိန်းဆိုင်ရာ ဆောင်ရွက်ထားမှုများနှင့် ဆောင်ရွက်မည့်အစီအစဉ်များ ရှင်းလင်း



**မန္တလေး ဒီဇင်ဘာ ၂၁**

အမရပူရမြို့ပြဖွံ့ဖြိုးရေး စီမံကိန်းဆိုင်ရာ ဆောင်ရွက်ထားမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို သက်ဆိုင်ရာအစိုးရအဖွဲ့သို့ ရှင်းလင်းတင်ပြပွဲကို မန္တလေးမြို့ စွမ်းဟိုတယ်၌ ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါ ရှင်းလင်းပွဲသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်(ခ)ဦးပါလေး ဖိတ်ကြားထားသူများ တက်ရောက်သည်။

“ပွင့်လင်းမြင်သာမှုရှိနေတဲ့ အချိန်ဖြစ်လို့ ဒေသဖွံ့ဖြိုးဖို့ စီမံကိန်းတွေ ဆောင်ရွက်တာဖြစ်တဲ့အတွက် ဆောင်ရွက်ရန်သင့်၊ မသင့်ကို ပညာရှင်များ ဝိုင်းဝန်းအကြံပြုဆွေးနွေးစေလိုပါတယ်” ဟု တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ပြောကြားသည်။

ယင်းစီမံကိန်းကို ဧရာဝတီမြစ်အရှေ့ဘက်ခြမ်း၌ ဧက ၅၀၀၊ ဧရာဝတီမြစ်အနောက်ဘက်ခြမ်း၌ ဧက ၁၀၀၀ဖြင့် ဆောင်ရွက်မည်ဖြစ်သော်လည်း အချို့နေရာများ၌ ရှင်းလင်းရန်အခက်အခဲရှိသောကြောင့် ဧက ၁၀၀၀ ၌သာ ပြုလုပ်ရန် မျှော်မှန်းထားကြောင်းနှင့် EIA, SIA စိစစ်မှုများ ဆောင်ရွက်ပြီးပါက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

“စီမံကိန်းကို ကန့်ကွက်ထားတာ မရှိပါဘူး။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမယ့်နည်းလမ်းတွေနဲ့ တည်ဆောက်မှာပါ။ စီမံကိန်းတစ်ခုလုပ်ရင် သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်မှာဖြစ်တဲ့အချက်တွေကို ညွှန်ကြားမှုတွေ၊ ပုံစံတွေပြောင်းလဲခဲ့တယ်။ ရင်းနှီးမြှုပ်နှံတဲ့သူတွေအနေနဲ့ ပြောင်းလဲလာတဲ့အပေါ်မှာ သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)နဲ့ စနစ်တကျလုပ်ဆောင်သွားမှာပါ”ဟု Mandalay Business Capital City Deve-lopment ကုမ္ပဏီမှ သတင်းပြန်ကြားရေး ဦးဇော်ရဲဝင်းက ပြောကြားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကျွန်ုပ်တို့၏ နှလုံးသည်းပွတ်ပမာ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ

**ဦးအောင်(ရွှေပေါက်ကံ)**

၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော လွတ်လပ်ရေးနေ့သည် (၆၉)နှစ်မြောက် အောင်ပွဲသဘင် ဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကိုလိုနီနယ်ချဲ့ဗြိတိသျှတို့၏ လက်အောက်မှ လွတ်မြောက်ကာ လွပ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ပြန်လည်ရပ်တည်နိုင်ခဲ့သည်။

**စစ်ပွဲသုံးကြိမ်**

မြန်မာနိုင်ငံကို သိမ်းပိုက်ကျွန်ပြုရန် ရာစုနှစ်ချီ၍ မဟာဗျူဟာစီမံပြင်ဆင်ထားသော ဗြိတိသျှကိုလိုနီနယ်ချဲ့တို့သည် ၁၈၂၄ ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၅၂ ခုနှစ်တွင် တစ်ကြိမ်နှင့် ၁၈၈၅ ခုနှစ်တွင် တစ်ကြိမ် စုစုပေါင်း စစ်ပွဲကြီးသုံးကြိမ် ခင်းကျင်းတိုက်ခိုက်ပြီး မတရားကျူးကျော်သိမ်းပိုက်ခဲ့ကြသဖြင့် မြန်မာနိုင်ငံသည် ဗြိတိသျှနယ်ချဲ့လက်အောက်ကျွန်ဘဝသို့ လုံးဝကျရောက်ခဲ့ရသည်။ ခေတ်ကာလ အပိုင်းအခြားဖြင့်ဆိုသော် ကုန်းဘောင်ခေတ် မြန်မာဘုရင်သီပေါမင်း လက်ထက်တွင်ဖြစ်သည်။ ပထမစစ်ပွဲအပြီးမှသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရသည့် ကာလအထိ နှစ်ပေါင်း ၁၂၄ နှစ် ကျွန်ဘဝတွင် နေခဲ့ရသည်။

လွတ်လပ်ရေးဆုံးရှုံးခဲ့ရပုံနှင့် ဆုံးရှုံးသွားသော လွတ်လပ်ရေးကို ပြန်လည်ရရှိရန်အတွက် ကြိုးပမ်းအားထုတ်ရပုံတို့ကို ပြန်လည်စူးစမ်းလေ့လာကြည့်ပါက အထွေထွေအားနည်းချက်၊ ချွတ်ယွင်းချက်များကြောင့် လွတ်လပ်ရေးသည် တစ်ခဏတာ ကာလရက်သတ္တပတ်အတွင်း ဆုံးရှုံးသွားခဲ့ရသည်ကို ၁၈၈၅ ခုနှစ် သီပေါမင်းပါတော်မူခဲ့သည့် မြင်ကွင်းက သက်သေပြလျက် ရှိပေသည်။ ထို့ကြောင့် လွတ်လပ်ရေးဆုံးရှုံးရမှုသည် အလွယ်တကူဖြင့် ဆုံးရှုံးသွားနိုင်သော်လည်း ထိုဆုံးရှုံးသွားသော လွတ်လပ်ရေးကို ပြန်လည်ရရှိရန်အတွက် ကြိုးပမ်းရသည်မှာ နှစ်ပေါင်းတစ်ရာကျော်။ အလွန်တရာ ခက်ခဲပင်ပန်း၍ အသက်သွေးချွေးမြောက်မြားစွာ ပေးဆပ်ရယူခဲ့ရသည်ဆိုသည်ကို တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ မမေ့အပ်ပေ။

**တန်ဖိုးမဖြတ်နိုင်သောအောင်ပန်း**

"လွတ်လပ်ရေးဆိုသည်မှာ စွန့်စားကြိုးပမ်း၍ ဆွတ်ခူးရယူရမည့် အောင်ပန်းဖြစ်သည်"ဟု အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အဓိပ္ပာယ် ဖွင့်ဆိုထားသည့်အတိုင်း မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသည် စွန့်စားကြိုးပမ်း၍ ဆွတ်ခူးရယူခဲ့ရသော တန်ဖိုးမဖြတ်နိုင်သည့် အောင်ပန်းဖြစ်သည်။

ကျွန်ုပ်တို့၏ ဘိုးဘေးဘီဘင်များသည် မိမိတို့၏ သားစဉ်မြေးဆက်တစ်လျှောက် သူ့ကျွန်ဘဝ နှံ့မနစ်ရလေအောင် အသက်သွေးချွေးများ တောင်ပုံရာပုံ မြောက်မြားစွာ စတေးပြီး ကမ္ဘာ့အလယ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဟူ၍ ကမ္ဘာတည်သရွေ့ဝင့်ဝင့်ထည်ထည် ရပ်တည်နေနိုင်အောင် ဘိုးဘွားတို့ အရယူပေးခဲ့သော လွတ်လပ်ရေးနှင့် နိုင်ငံတော်၏ အသက်သွေးကြောပမာဖြစ်သည့် ဥပဒေပြုရေး အာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာဟု ဆိုအပ်သော အချုပ်အခြာအာဏာသုံးရပ်တို့ကို တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ မိမိတို့၏ နှလုံးသည်းပွတ်ပမာ တန်ဖိုးထားကာ ကျွန်ုပ်တို့ခေတ်တွင်သာမက မည်သည့်အခါမျှ လက်လွှတ်ဆုံးရှုံး မသွားရအောင် သမိုင်း အစဉ်အလာကောင်းခဲ့သည့် မျိုးချစ်စိတ် ဓာတ်ရှင်သန်ထက်မြက်မှုနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ထာဝရမဏ္ဍိုင်အဖြစ်ထားရှိကာ စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြရပေမည်။ ဤတာဝန်သည် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ မွေးရာပါ တာဝန်ဖြစ်သည်။

**နွားကွဲလျှင်ကျားဆွဲမည်**

မြန်မာနိုင်ငံ၏ အမျိုးသားလွတ်မြောက်ရေး သမိုင်းစဉ်တစ်လျှောက်လုံးတွင် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အမိမြေအတွက် တိုက်ပွဲဝင်ခဲ့ကြသည်မှာ သမိုင်းမော်ကွန်းအထင်အရှားရှိခဲ့သည်။ ကျွန်ုပ်တို့၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်နိုင်ရန်မှာလည်း ကျွန်ုပ်တို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး စည်းလုံးညီညွတ်နေရန် လိုအပ်သည်။

ကျွန်ုပ်တို့အချင်းချင်း မညီမညွတ်ဘဲ အကွဲကွဲအပြားပြား ဖြစ်နေမည်ဆိုပါက နွားကွဲလျှင်ကျား ဆွဲမည်ဆိုစကားအတိုင်း ကျားဆွဲခံရပြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် တိုင်းတစ်ပါးသားတို့ထံ ပြန်ရောက်ဆုံးရှုံးကာ သူ့ကျွန်ဘဝပြန်ရောက်သွားမည်မှာ မလွဲကေန်အမှန်ပင်ဖြစ်သည်။ တိုင်းပြည်၏ အသက်သွေးကြောဖြစ်သည့် အချုပ် အခြာ အာဏာသုံးရပ်သည် မိမိနိုင်ငံသား၊ မိမိလူမျိုးများ၏ လက်တွင်းမှာပင် ရှိနေရမည်။ မည်သည့် တိုင်းတစ်ပါးသား တို့၏လက်ထဲကိုမှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မထည့်ထားရ။ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာကို သူတစ်ပါးက တစ်နည်းနည်းဖြင့် သြဇာလွှမ်းမိုးနေပြီဆိုပါက ဤကိစ္စသည် ကိုလိုနီ လက်သစ်ဝါဒအရ သွယ်ဝိုက်သောနည်းဖြင့် ကျွန်ပြု ခြင်းခံနေရပြီဟု မှတ်ရပေမည်။ ဤသို့ဆိုက လွတ်လပ်ရေးဆိုသည်မှာ အရေခြုံအမည်ခံသာဖြစ်ပြီး ထိုနိုင်ငံမှ အစိုးရသည်လည်း (Pupet Government) ရုပ်သေးအစိုးရသာဖြစ်ပြီး နိုင်ငံအနေဖြင့်လည်း (Mandate State) သြဇာခံနိုင်ငံသာ ဖြစ်နေပေမည်။ ထိုသို့မဖြစ်စေရေး သတိထား ရှောင်ရှားကြရပေမည်။



**ထာဝရပန်းတိုင်**

ယခုမျက်မှောက်ကာလတွင် ခေတ်အဆက်ဆက် အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့သော ကျွန်ုပ်တို့၏ နိုင်ငံကို ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ဖြစ်လာစေရန်ထာဝရပန်းတိုင် အဖြစ်ထားရှိ ဆောင်ရွက်အကောင်အထည်ဖော်နေသော အချိန်အခါဖြစ်သည်။ ထိုရည်မှန်းချက်ပန်းတိုင် ကြီးသို့ ရောက်ရှိအောင် နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်ကြီး ထာဝရတည်ငြိမ် အေးချမ်းမှုရရှိစေရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်မှာ အများအသိပင်ဖြစ်သည်။ ထိုလုပ်ငန်းများ မအောင်မြင်အောင်၊ နှောင့်နှေးကြန့်ကြာအောင် အနှောင့်အယှက်ပေးနေသည်များနှင့် အယူအဆကွဲပြားခြားနားမှုအချို့ ကျန်ရှိနေသေးရာ ၎င်းတို့ကို နားလည်မှု၊ စိတ်ရှည်သည်းခံမှု၊ ပေါင်းစပ်ညှိနှိုင်းမှု၊ စည်းလုံးညီညွတ်မှုတို့ဖြင့် ဆက်လက်ဖော်ဆောင်နေဆဲဖြစ်သည်။ ထိုလုပ်ငန်းစဉ်များတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့် လက်တွဲညီညီ စိတ်တူကိုယ်တူဖြင့် အယူအဆကွဲပြားမှုများ ဖယ်ရှားကာ ဝိုင်းဝန်းပါဝင် ကူညီပံ့ပိုး ဖော်ဆောင်ပေးရန် လိုပေသည်။ ထိုသို့ဆိုပါက အလှမ်းမဝေးတော့သော အနာဂတ်တွင် အောင်မြင်မှုများရရှိကာ ထာဝရငြိမ်းချမ်းရေး အလင်းရောင် အောက်သို့ရောက်ရှိလာမည်မှာ အမှန်ပင်ဖြစ်ပေသည်။

**ညှိနှိုင်းဖြေရှင်းအဖြေရှာ**

ကျွန်ုပ်တို့နိုင်ငံသည် ရာစုနှစ်တစ်ဝက်ကျော် မငြိမ်းချမ်းဘဲ လက်နက်ကိုင်ပဋိပက္ခများ၊ ဘေးဒုက္ခများကို တိုင်းရင်းသားပြည်သူများ ခံစားခဲ့ကြရသည်။ ခံစားနေရဆဲလည်းဖြစ်သည်။ ထို့ကြောင့် အောင်မြင်သောငြိမ်းချမ်းရေးဆီ တက်လှမ်းကြပြီး တူညီမျှတမှုများကို ပေါင်းစပ်ကာ ဒုက္ခအပေါင်းမှ ကင်းဝေးအောင် အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မတူကွဲပြားသည့် သမိုင်းကြောင်း၊ အခြေခံများမှ ဖြစ်တည်လာကြသည်ဖြစ်၍ စိတ်ရှည်သည်းခံမှု၊ ယုံကြည်မှု၊ နားလည်မှုများကို မဖြစ်မနေ တည်ဆောက် ပေးကြရမည်ဖြစ်သည်။ အားလုံးတန်းတူရည်တူ အခြေခံမူဘောင်တွင် ညှိနှိုင်းဖြေရှင်းအဖြေရှာခြင်းဖြင့် လိုလားသော ပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ ပဋိပက္ခများကို ဖယ်ရှားပြီး အေးငြိမ်းချမ်းသာသောနည်းဖြင့် အဖြေရှာကြဖို့ပင်ဖြစ်သည်။ ဖြစ်ခဲ့ပြီးသည့် ဆိုးမွေများ၊ အတိတ်သမိုင်းကြောင်းများကို ဖော်ထုတ် သင်ခန်းစာယူပြီး ကျဉ်းမြောင်းသော လူမျိုးရေးအမြင်များ၊ အာဃာတများ၊ ကိုယ်ကျိုးစီးပွားများကို လျှော့ချကြရမည်ဖြစ်သည်။ လူမျိုးစွဲ၊ ဘာသာစွဲ၊ ဒေသစွဲ၊ အယူဝါဒစွဲများကို လျှော့ချကြရမည်ဖြစ်သည်။ တိုင်းပြည်အင်အားသည် ပြည်တွင်းမှာသာရှိသည်။ မတူကွဲပြားမှုများအား ပြည်ထောင်စု စိတ်ဓာတ်အပေါ်တွင် အခြေခံတည်ဆောက်ကာ ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲသွားကြမည်ဆိုလျှင် အောင်မြင်မှုကို မလွဲမသွေရရှိမည်ဖြစ်သည်။

**နိုင်ငံတော်ကာကွယ်ရေးစွမ်းအားစုကြီး**

ဤသို့ဖြင့် ထာဝရငြိမ်းချမ်းရေးရရှိကာ တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းလာပြီး တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝများ တိုးတက်ဖြစ်ထွန်းရေးကို ဇောက်ချလုပ်ကိုင်နိုင်မည်။ တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လျှင် တစ်ခုတည်းသော နိုင်ငံတော် ကာကွယ်ရေး စွမ်းအားစုကြီးဖြစ်တည် ပေါ်ပေါက်လာမည်ဖြစ်ရာ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာကို အင်အားပြည့် စွမ်းအားများဖြင့် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းသွားနိုင် ကြမည်ဖြစ်ပါကြောင်း ယခုနှစ် (၆၉)နှစ်မြောက် လွတ်လပ်ရေး အောင်ပွဲကြီးကို ဂုဏ်ပြုကြိုဆိုလိုက်ရပေသည်။

**လွတ်လပ်ရေးဆုံးရှုံးရမှုသည် အလွယ်တကူဖြင့် ဆုံးရှုံးသွားနိုင်သော်လည်း ထိုဆုံးရှုံးသွားသော လွတ်လပ်ရေးကို ပြန်လည်ရရှိရန်အတွက် ကြိုးပမ်းရသည်မှာ နှစ်ပေါင်းတစ်ရာကျော်။ အလွန်တရာ ခက်ခဲပင်ပန်း၍ အသက်သွေးချွေး မြောက်မြားစွာ ပေးဆပ်ရယူခဲ့ရသည်ဆိုသည်ကို တိုင်းရင်းသားညီအစ်ကိုမောင်နှမများ မမေ့အပ်ပေ . . .**

# အင်ကြင်းကျောက်ဖြစ်ရုပ်ကြွင်းများ တူးဖော်တွေ့ရှိ

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ပုပ္ပားတောင်မကြီး၏ ဧရိယာအတွင်းရှိ သံဘိုကျေးရွာအုပ်စု သံဘိုရွာသစ်အနီးတွင် နှစ်ပေါင်းသန်းချီ တည်ရှိနေသော သစ်ပင်ကျောက်ဖြစ်ရုပ်ကြွင်းများကို လွန်ခဲ့သည့် ရက်အနည်းငယ်ခန့်က စတင်တူးဖော်တွေ့ရှိခဲ့ပြီး ယခုအချိန်အထိ ဆက်လက်တူးဖော်နေဆဲ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်း ဒေသအခေါ် (အင်ကြင်းကျောက်)ကြီးကို သံဘိုရွာသစ် အနောက်မြောက်ဘက် သုံးဖာလုံခန့်အကွာရှိ လှည်းဘီးကွဲ ရိုးသဲချောင်း၏ လက်တက်ရိုးငယ်တစ်ခုအတွင်းမှ တွေ့ရှိရခြင်းဖြစ်သည်။ ယင်းမှာ သစ်ပင်ကြီးတစ်ပင်၏ ပင်စည်အနေအထားဖြစ်၍ အပိုင်းသုံးပိုင်း ကျိုးလျက်ရှိနေပြီး ပထမအပိုင်းမှာ အရှည် ၁၇ပေ ၇ လက်မ၊ ဒုတိယအပိုင်းမှာ ၁၂ပေခန့်နှင့် တတိယအပိုင်းမှာ လက်ရှိအချိန်အထိ ၂၈ပေ တူးဖော်ထားရှိပြီး ဆက်လက်၍ တူးဖော်နေဆဲဖြစ်ကြောင်း သိရသည်။ ထိုကျောက်ဖြစ်ရုပ်ကြွင်းများ၏ လုံးပတ်မှာလည်း ပထမအပိုင်းမှာ ၆ပေ ၂ လက်မရှိကာ ဒုတိယအပိုင်းမှာ ၆ပေ ၃ လက်မရှိ၍ တတိယအပိုင်းမှာ မြေပေါ်ပြီးနေရာတွင် ၆ပေ ၅လက်မရှိပြီး တူးဖော်ဆဲနေရာတွင် ၅ပေ ၃ လက်မရှိကြောင်း သိရသည်။ ထို့ပြင်အဆိုပါ ရုပ်ကြွင်းများ တွေ့ရှိရာနေရာ၏ မြောက်ဘက် ကိုက် ၁၅၀ခန့် အကွာ ရေရိုးငယ်တစ်ခု၏ ကမ်းပါးယံ အမြစ်ဆုံသဖွယ် လုံးပတ်ရှစ်ပေကျော်ခန့်ရှိ ကျောက်မြစ်ဆုံရုပ်ကြွင်းတစ်ခုကိုလည်း တွေ့ရှိထားကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီဒုတိယ ရုပ်ကြွင်း ကျောက်တိုင်ကြီးကို တွေ့နေတာတော့ ကြာပါပြီ။ ဒါပေမယ့် ကျောက်ဖြစ်ရုပ်ကြွင်း ရယ်လို့မသိခဲ့ကြပါဘူး။ ပြီးခဲ့တဲ့ ရက်တွေကမှ ပုပ္ပားတောင်ချစ်သူများ အသင်းနဲ့ ဘူမိဗေဒပညာရှင် ဦးသန်းထွန်းတို့အဖွဲ့ ရောက်လာပြီး တွေ့သွားကြတော့မှ ဒါဟာ အဖိုးတန်တဲ့ ကျောက်ဖြစ်ရုပ်ကြွင်း တွေဆိုတာ သိခဲ့ကြတာပါ။ သူတို့ခန့်မှန်းချက်အရတော့ နှစ်ပေါင်းသုံးသန်း လောက်ရှိပြီလို့ ပြောပါတယ်။ ဒါကို အကုန်တူးဖော်ပြီးရင် ဘူမိဗေဒပညာရှင်တွေနဲ့ နိုင်ငံခြားသားတွေ လာရောက် လေ့လာနိုင်အောင် ဘူမိပြကွက်တစ်ခု အနေနဲ့ ထားသွားမယ်လို့ပြောပါတယ်" ဟု သံဘိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်စိုးက ပြောပြသည်။

UNESCO GLOBAL GEOPARK ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် အဖွဲ့သည် ပုပ္ပားတောင်ချစ်သူများအသင်း၏ ကူညီမှုဖြင့် ပုပ္ပားတောင် ရေဝေရေလဲ ဒေသတစ်ခုလုံးကို UNESCO အသိအမှတ်ပြု ကမ္ဘာ့စာရင်းဝင်ဖြစ်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခု သံဘိုကျေးရွာတွင် တူးဖော်တွေ့ရှိသော နှစ်သန်းချီသည့် ကျောက်ဖြစ်ရုပ်ကြွင်းများ တူးဖော်တွေ့ရှိမှုမှာလည်း ယင်းလုပ်ငန်းအတွက် များစွာအထောက်အကူ ဖြစ်မည်ဖြစ်ကြောင်းသိရသည်။



**နေအောင်(မြန်/ဆက်)**

# ပါတီစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲများမထားရှိဘဲ ပြည်သူ့အကျိုးအတွက် အလေးထားဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက **ပြည်သူ့ဝန်ထမ်းများ ပြည်သူ့အကျိုးအတွက် ခရီးသွားလာရာတွင် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ခံစားမှုရရှိစေရန် မြန်မာနိုင်ငံ ခရီးစရိတ် လက်စွဲဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/ မရှိ** မေးမြန်းရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လက်ရှိအခြေအနေတွင် ဝန်ကြီးဌာနအနေဖြင့် ၁၉၈၆ ခုနှစ်က ထုတ်ပြန်ခဲ့သောဌာန၊ အဖွဲ့အစည်းများ လုပ်ငန်းဆောင်ရွက်ရာ၌ လိုက်နာကျင့်သုံးရမည့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းဆိုင်ရာ အမိန့်ကြော်ငြာစာ(ဘဏ္ဍာရေးစည်းမျဉ်း)ကို ခေတ်ကာလနှင့်လိုက်လျောညီထွေဖြစ်စေရန် ပြည်တွင်းပြည်ပပညာရှင်များနှင့် ပူးပေါင်း၍ ပြင်ဆင်လျက်ရှိပြီး ယင်းဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ မကြာမီပြီးစီးမည်ဖြစ်ပါကြောင်း။

ထိုသို့ ပြင်ဆင်ပြီးသည့်အခါ နိုင်ငံ့ဝန်ထမ်းများ နိုင်ငံ့အကျိုးအတွက် ခရီးသွားလာရာတွင် ဥပဒေပြဋ္ဌာန်းချက်နှင့် အညီခံစားမှုရရှိစေရန်နှင့် ခေတ်ကာလနှင့် လျော်ညီရန် မြန်မာနိုင်ငံခရီးစရိတ်လက်စွဲဥပဒေပါ ပြဋ္ဌာန်းချက်များပြင်ဆင်ပေးရန်ကိစ္စရပ်များကို ဆက်လက်သုံးသပ်ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်း၊ ထိုသို့ ပြင်ဆင်ဆောင်ရွက်ရာတွင် ဝန်ထမ်းများ အမှန်တကယ်



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

ကုန်ကျခဲ့သော ခရီးစရိတ်များကို ခံစားခွင့်ရရှိစေရန်နှင့် လက်ခံရရှိသူအတွက် အမြတ်အစွန်းမဖြစ်စေရန် စသည့် အခြေခံစည်းမျဉ်းများကို ထည့်သွင်းစဉ်းစား၍ ဌာန၊ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ ပညာရှင်များ၏ အကြံဉာဏ်များကိုပါရယူပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီက **ကျွန်းစုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများကို Sanction နှင့် အဆင့်တိုးမြှင့်ပေးနိုင်ခြင်း ရှိ/ မရှိနှင့် မကျီးကျွန်း ကိုယ်ထူကိုယ်ထကျောင်းကို အခြေခံပညာမူလတန်းကျောင်းအဖြစ် ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ** မေးမြန်းရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းရှိ စစ်ဘုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၊ မင်းဂုတ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၊ ချောင်းဝကြီးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၊ ရေကန်အော်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ မိုင်းသွေးကွက်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းနှင့် လင်မလိုကျေးရွာ အခြေခံပညာမူလတန်းကျောင်းများသည် လက်ရှိသတ်မှတ်မူဘောင်နှင့်ကိုက်ညီမှုရှိရန် လိုအပ်နေသေးသော်လည်း ဘဏ္ဍာရေးအခြေအနေအရ မူဘောင်များကို ဖြေလျှော့ပြီး ဆောင်ရွက်ပေးနိုင်သည့် အခြေအနေရှိပါက ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့အပြင် မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဖိုးမြတ်၊ ဟသ်ာတမဲဆန္ဒနယ်မှ ဦးခင်မောင်ရီ၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ ကျောက်ကြီး မဲဆန္ဒနယ်မှ ဦးမြင့်ငွေနှင့် ချောက် မဲဆန္ဒနယ်မှ ဦးဘိုကြီးတို့၏ ပညာရေး၊ ကျန်းမာရေးကဏ္ဍဆိုင်ရာ မေးခွန်းများကိုလည်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ယနေ့ ပြီးဆုံးမည်ဖြစ်ပါကြောင်း၊ အစည်းအဝေးကာလအတွင်း ကြယ်ပွင့်ပြမေးခွန်း ၁၁၇ ခု မေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း ၁၅၄ ခု ဖြေကြားခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အဆိုများအနေဖြင့် အရေးကြီးအဆိုတစ်ခုအပါအဝင် အဆိုစုစုပေါင်း ၁၀ ခု တင်သွင်းနိုင်ခဲ့ပြီး မှတ်တမ်းတင်အဆို ၆ ခုနှင့် ဆက်လက်ဆွေးနွေးရန် ကျန်ရှိ အဆို ၄ ခု ဖြစ်ပါကြောင်း၊ ဥပဒေကြမ်းများအနေဖြင့် ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးခဲ့သည့် ဥပဒေကြမ်း ၅ ခု အပါအဝင် ဆွေးနွေးခဲ့သည့် ဥပဒေကြမ်း ၁၇ ခုရှိပြီး အတည်ပြုနိုင်သည့် ဥပဒေကြမ်း ၇ ခု ရှိပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရန်အတွက် ဥပဒေကြမ်း ၁၀ ခု ကျန်ရှိပါကြောင်း။

ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို ကိုယ်စားလှယ်အားလုံးက တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့်အတွက် ယခုကဲ့သို့ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါကြောင်း၊ ပြည်သူ့အတွက် မိမိအပါအဝင် ကိုယ်စားလှယ်များ ဆက်လက်ထမ်းဆောင်ကြရမည့် တာဝန်များ များစွာကျန်ရှိနေပါကြောင်း၊ ပါတီစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲများမထားရှိဘဲ ပြည်သူ့အကျိုးအတွက် အလေးထား ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း၊ ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများ၊ တင်သွင်းသည့်အဆိုများသည် စိတ်ကောင်းစေတနာကောင်းနှင့် ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်ကြသည်ဆိုသော်လည်း ဥက္ကဋ္ဌအနေဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးတို့ကို ဦးစားပေးပြီး ဆောင်ရွက်ခဲ့ရခြင်းများ ရှိခဲ့ပါကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူလူထု ထိခိုက်နစ်နာမှုမရှိစေရန် ရည်ရွယ်ခြင်းကို နားလည်ပေးကြစေလိုပါကြောင်း။

လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် ဥပဒေပြုရေးတာဝန်များ ဆောင်ရွက်သည့်အခါတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ သတိပြုဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ လွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် ပြည်သူလူထုအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ခြင်း ရှိ၊ မရှိနှင့် ပြည်သူလူထုက လိုက်နာစောင့်ထိန်းနိုင်ခြင်း ရှိ ၊ မရှိ တို့ကိုလည်း အလေးအနက်ထား စဉ်းစားကြရမည်ဖြစ်ကြောင်း၊ ပြည်သူများလိုက်နာနိုင်သည့် (Law abiding)များ ဖြစ်မှသာ တရားဥပဒေစိုးမိုးရေး ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးရှိမှသာ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်များတွင်(Accountability)ဆိုသည့် တာဝန်ခံမှု၊ (Responsibility)ဆိုသည့် တာဝန်ယူမှုများ ရှိလာမည်ဖြစ်ပါကြောင်း၊ တာဝန်ခံမှု၊ တာဝန်ယူမှုဆိုသည့် ဒီမိုကရက်တစ်ယဉ်ကျေးမှု ဖော်ဆောင်နိုင်ပြီဆိုလျှင် မိမိတို့လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်နိုင်မည်ကို သတိပြုကြစေလိုပါကြောင်း။

ပြည်သူက ရွေးချယ်ထားသော လွှတ်တော်ကိုယ်စားလှယ်များ ပီသစွာ ပြည်သူ့အကျိုးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးရန်၊ အရည်အချင်းပြည့်ဝသည့် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် တည်ဆောက်ကြပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို စဉ်ဆက်မပြတ် ကာကွယ်မြှင့်တင်ဆောင်ရွက်ကြရန်၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ထောင်နိုင်ရန်ကြိုးပမ်းအားထုတ်ကြရန်၊ ဒီမိုကရေစီကို မြတ်နိုးတန်ဖိုးထားပြီး ဒီမိုကရေစီလမ်းတွင် ဆူးငြောင့်ခလုတ်များ တွေ့လျှင် ဝိုင်းဝန်းဖယ်ရှားကြရန်၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတွက် အဖျက်အမှောင့်လုပ်ငန်းများရှိလျှင် ပူးပေါင်းဖော်ထုတ်ပေးကြရန်နှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်လည်း စွမ်းဆောင်ပေးကြရန် တိုက်တွန်းနှိုးဆော်ပါကြောင်း၊ ဆက်လက်ကျင်းပမည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ရွှင်လန်းတက်ကြွစွာဖြင့် ပြန်လည်ဆုံတွေ့နိုင်ကြပါစေ၊ မကြာမီ ရောက်ရှိတော့မည့် နှစ်သစ်အခါသမယတွင်လည်း အားလုံး ကျန်းမာချမ်းသာကြပါစေ၊ သွားလမ်းသာလို့ လာလမ်းဖြောင့်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း လွှတ်တော်သို့ အသိပေး ကြေညာသည်။

(သတင်းစဉ်)

# ဒေသ၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်ကြ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ကျိုက်ထိုမြို့ရှောင်လမ်းနှင့် သထုံမြို့ရှောင်လမ်းများဖောက်လုပ်ရန် လမ်းနယ်အတွင်းပါဝင်သည့် လယ်မြေကေအရေအတွက်နှင့် မြေယာလျော်ကြေးတန်ဖိုးငွေ သတ်မှတ်ပြီးပါက ရန်ပုံငွေတင်ပြတောင်းခံ၍ မြို့ရှောင်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့တွင် ဖြေကြားလိုက်သည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန်၏ **ရန်ကုန်- မော်လမြိုင်ကားလမ်းမပေါ်ရှိ ကျိုက်ထိုမြို့နှင့် သထုံမြို့များ၌ ခရီးသွားပြည်သူများ လွယ်ကူလျင်မြန်စွာသွားလာနိုင်ရန်နှင့် ယာဉ်အန္တရာယ် ကင်းရှင်းစေရန်အတွက် မြို့ရှောင်လမ်းများ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ၊** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ထိုသို့ ရှင်းလင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ကျိုက်ထိုမြို့ရှောင်လမ်းဖောက်လုပ်ရန် လမ်းအူကြောင်း (၂) ခု လျာထားခဲ့ရာ ပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးပြီးဖြစ်နိုင်စွမ်းများသည့် လမ်းအူကြောင်းဖြစ်သော ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ် လမ်းမိုင်တိုင်အမှတ် ၁၀၅/၅ မိုင်တိုင်အမှတ် ၁၁၀/၂ အထိ ၃ မိုင် ၆ ဖာလုံရှည်လျားသည့် လမ်းအူကြောင်းကို ကျိုက်ထိုမြို့ရှောင်လမ်းအဖြစ် ရွေးချယ်ခဲ့ပါကြောင်း၊ သထုံမြို့ရှောင်လမ်းဖောက်လုပ်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက ပဏာမလမ်းအူကြောင်း၊ လမ်းဒီဇိုင်း တိုင်းတာပုံထုတ်ခြင်းလုပ်ငန်းများနှင့် ကွင်းဆင်းတိုင်းတာမှုများဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ လမ်းနယ်အတွင်းပါဝင်သွားသည့် လယ်မြေများကို ကွင်းဆင်းတိုင်းတာရန်နှင့် မြေယာလျော်ကြေး တန်ဖိုးသတ်မှတ်နိုင်ရေးဆောင်ရွက်ပေးရန် မွန်ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီကို အသစ်ပြန်လည်ဖွဲ့စည်းရန် အစီအစဉ် ရှိ/ မရှိ၊ ထိုကော်မတီကို ပြန်လည်ဖွဲ့စည်းမည်ဆိုပါက မည်သည့်အချိန်တွင် ဖွဲ့စည်းမည်၊ ဖွဲ့စည်းရာတွင် ဒေသခံများကို ထည့်သွင်းဖွဲ့စည်းရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက လက်ပံတောင်းတောင် ကြေးနီစီမံကိန်းတွင် ဖြစ်ပေါ်လျက်ရှိသောဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ကြေးနီမိုင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်ရန်သင့်၊ မသင့်နှင့် ဆန္ဒပြမှုဖြစ်စဉ်များ ထိန်းသိမ်းခြင်းတို့အပေါ် အခြေအနေအမှန်ဖော်ထုတ်နိုင်ရန်အတွက် ပြီးခဲ့သည့်ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် အရေးကြီးအဆို တင်သွင်းခဲ့ကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတရုံးက စုံစမ်းစစ်ဆေးရေးကော်မရှင်ကို အဖွဲ့ဝင် ၃၀ တို့ဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ကြောင်း၊ ယင်းနောက် စုံစမ်းစစ်ဆေးရေးကော်မရှင်ကို အဖွဲ့ဝင် ၁၆ ဦးနှင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း။

အဆိုပါ စုံစမ်းစစ်ဆေးရေးကော်မရှင်က အပြီးသတ်အစီရင်ခံစာကို ၂၀၁၃ ခုနှစ် မတ်လက ထုတ်ပြန်ခဲ့ပါကြောင်း၊ စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ ကော်မတီအနေဖြင့် အစီရင်ခံစာပါ အကြံပြုချက် (၄၂)ချက်အပေါ်(၃၇)ချက်ကို ဆောင်ရွက်ပေးပြီး ဖြစ်ပါကြောင်း။

စီမံကိန်းလုပ်ငန်းများကို ပိုမိုပြီး အနီးကပ်ကြီးကြပ်နိုင်ရန်အတွက် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းပူးပေါင်းစီမံခန့်ခွဲမှုကော်မတီက ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့ (Joint



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

Implementation Team-JTT) ကိုဖွဲ့စည်းခဲ့ပါကြောင်း၊ ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို လစဉ်ကျင်းပလျက်ရှိပါကြောင်း၊ ပူးပေါင်းစီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းပြီးဖြစ်သည့်အပြင် ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ကိုပါ ဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးရေးအစီရင်ခံစာပါ အကြံပြုချက်များမှ ဆက်လက်ဆောင်ရွက်မည့် မြေယာလျော်ကြေးနှင့် မြေယာထောက်ပံ့ကြေးများထုတ်ပေးခြင်း၊ မိုင်းပိတ်သိမ်းမှုရန်ပုံငွေထားရှိရေး ဆောင်ရွက်ခြင်း၊ ဒုတ္ထာလွှမ်းမြေများဖယ်ရှားခြင်းနှင့်အပေါ်ယံမြေဆီလွှာ သယ်ဖို့ပေးခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုစီမံခန့်ခွဲခြင်းဆိုင်ရာ လက်မှတ်များရရှိရေးဆောင်ရွက်ခြင်း၊ မြေယာဆုံးရှုံးခဲ့ရသည့် ရွာသူ၊ ရွာသားများအတွက် လစဉ် ငွေကြေးထောက်ပံ့ပေးခြင်း လုပ်ငန်းရပ်များ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိနေပြီဖြစ်သည့်အတွက် အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့်ကော်မတီကို အသစ်ပြန်လည်ဖွဲ့စည်းရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင်၏ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ လုပ်ပိုင်ခွင့်ရလယ်ပိုင်ရှင် ၂၅ ဦး၏ ဆုံးရှုံးသွားသည့် လယ်မြေများကို လျော်ကြေးပေးရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်ကလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်မေသန်းနွဲ့၏ ဘိုကလေးမြို့နယ်၌ နှစ်စဉ်နှစ်တိုင်းကြုံတွေ့နေရသော မိကျောင်းအန္တရာယ်မှ ကင်းဝေးစေရန်အတွက် လူထုပညာပေးအစီအစဉ်များ ယခုထက် ပိုမိုဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၏ သံတောင်ကြီးမြို့နယ်အတွင်း သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောအတွင်းရှိ စိုက်ပျိုးမြေများကို တရားဝင်လုပ်ပိုင်ခွင့်ရရှိရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်းနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၏ ရေစုပ်အားကောင်းသည့် ယူကလစ်ပင်စိုက်ပျိုးရေးအစား နံ့သာဖြူ၊ နံ့သာနီ၊ သစ်မွှေးအကျော်စသည့်အပင်များကို စျေးကွက်စီးပွားရေးအတွက်စီမံချက်ဖြင့် စိုက်ပျိုးထုတ်လုပ်သွားရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းကလည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါက်တာမျိုးအောင်က သက်ကြီးရွယ်အိုများ

*စာမျက်နှာ ၈ သို့*

# မောင်တောဒေသဖြစ်စဉ်များနှင့်ပတ်သက်ပြီး ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့များ ဆက်လက်၍ ကွင်းဆင်းသတင်းရယူ

**မောင်တော ဒီဇင်ဘာ ၂၁**

ရခိုင်ပြည်နယ် မောင်တောဒေသ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရမှု၊ နောက်ဆက်တွဲဖြစ်စဉ်များနှင့်ပတ်သက်၍ ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့များ ကွင်းဆင်းသတင်းရယူမှုကို ယနေ့တွင် ဒုတိယနေ့အဖြစ် ဆက်လက်ဆောင်ရွက်ကြသည်။

အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရသည့် အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်(ကျီးကန်းပြင်)သို့ ရောက်ရှိရာ ကွပ်ကဲရေးမှူး ရဲမှူးချုပ် သူရစန်းလွင်က အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရမှုဖြစ်စဉ် မဖြစ်ပွားမီအခြေအနေ၊ ဖြစ်စဉ်ဖြစ်ပွားမှုနှင့် ဖြစ်စဉ်ဖြစ်ပွားပြီးနောက်ပိုင်း အခြေအနေများကို လည်းကောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ဖမ်းဆီးရမိမှု၊ စစ်ဆေးမှု၊ အမှုဖွင့်အရေးယူဆောင်ရွက်မှု၊ ပြစ်ဒဏ်ကျမှု၊ ပြန်လည်စေလွှတ်မှုနှင့် စစ်ဆေးဆောင်ရွက်ဆဲအခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က ဖြစ်စဉ်ဖြစ်ပွားချိန်တွင် ဆောင်ရွက်ခဲ့မှု၊ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကူညီထောက်ပံ့မှု၊ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့မှု၊ တည်ငြိမ်အေးချမ်းမှု ရရှိအောင် စီစဉ်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့များက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။ ဆက်လက်၍ သတင်းမီဒီယာအဖွဲ့သည် အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်အတွင်း ဖြစ်စဉ်ဖြစ်ပွားခဲ့သည့်နေရာများကို လှည့်လည်ကြည့်ရှုကြသည်။



ကျီးကန်းပြင် အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်၌ သတင်းမီဒီယာအဖွဲ့များ သတင်းရယူစဉ်

ထို့နောက် ဝါးပိတ်ကျေးရွာ၌ အကြမ်းဖက်သမားအချို့က ပစ်ခတ်ပြီး မီးရှို့၍ထွက်ပြေးမှု၊ နေအိမ်အချို့ မီးလောင်မှု၊ ယင်းရွာအတွင်းနှင့် ရွာဝန်းကျင်မှ လက်နက်ခဲယမ်း ဆက်စပ်ပစ္စည်းများနှင့် အသုံးပြုသည့် အလံ၊ နဖူးစည်းနှင့် ယူနီဖောင်းဝတ်စုံများ သိမ်းဆည်းရရှိမှုအခြေအနေ၊ ပြောင်ပိုက်ကျေးရွာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ အကြမ်းဖက်တိုက်ခိုက်ခံရမှုနှင့် မီးလောင်မှုဖြစ်ပွားခဲ့သည့် အခြေအနေများကို တွေ့ဆုံမေးမြန်းကြသည်။

ယင်းနောက် ကြိမ်ချောင်းကျေးရွာသို့ ရောက်ရှိကာ လူမျိုးပေါင်းစုံ အတူတကွယှဉ်တွဲနေထိုင်ပြီး ဖြစ်စဉ်ဖြစ်ပွားမှု မရှိစေရန်နှင့် တည်ငြိမ်အေးချမ်းမှုရရှိစေရန်အတွက် စုပေါင်းဆောင်ရွက်မှုအခြေအနေ၊ ကြိမ်ချောင်းဈေး၌ အတူတကွ ရောင်းဝယ်မှုနှင့် စည်ကားမှုအခြေအနေ၊ ကြိမ်ချောင်း အခြေခံပညာအထက်တန်းကျောင်း၌ လူမျိုးပေါင်းစုံ အတူတကွ ပညာသင်ကြားနေမှုအခြေအနေများကို တွေ့ဆုံမေးမြန်းကြသည်။

ထို့နောက် ငါးခူးရနယ်မြေရဲစခန်းသို့ ရောက်ရှိပြီး အောက်တိုဘာ ၉ ရက်က အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရမှု၊ လူမျိုးပေါင်းစုံ အတူတကွ ယှဉ်တွဲနေထိုင်မှု၊ ဈေးဆိုင်တန်း မီးလောင်မှုနှင့် နောက်ဆက်တွဲ အခြေအနေများကို တွေ့ဆုံမေးမြန်းခဲ့ကြသည်။

**(သတင်းစဉ်)၊ ဓာတ်ပုံ-မောင်မွှေး**

ပြောင်ပိုက်ကျေးရွာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ အကြမ်းဖက်တိုက်ခိုက်ခံရမှုနှင့် မီးလောင်မှုဖြစ်ပွားခဲ့သည့် အခြေအနေများကို တွေ့ဆုံမေးမြန်းကြစဉ်



# နမ္မတူ၊ ပန်လုံဒေသမှ စစ်ဘေးရှောင်များအား သီပေါမြို့ စေတနာရှင်များက ကူညီထောက်ပံ့

**သီပေါ ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်နှင့် နမ္မတူမြို့နယ်တို့မှ စစ်ဘေးရှောင်အိမ်ထောင်စု ၂၈၆ စုနှင့် လူဦးရေ ၁၀၄၉ ဦးတို့သည် ဒီဇင်ဘာ ၂၀ ရက် ည ၈ နာရီက သီပေါမြို့နယ် ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိခိုလှုံလျက်ရှိကြောင်း သိရသည်။



အဆိုပါ စစ်ဘေးရှောင်ဒေသခံပြည်သူများသည် သီပေါမြို့နယ် မိုးတေကျေးရွာအုပ်စု မန်ကောင်းကျေးရွာ ကယ်ဆယ်ရေးစခန်းတွင် မိုင်းမော်၊ ကောင်းမူး၊ ကုံးစုံကျေးရွာမှ အိမ်ထောင်စု ၃၉ စု၊ လူဦးရေ ၁၄၂ ဦးတို့ကလည်းကောင်း၊ တာပုတ်ဘုန်းတော်ကြီးကျောင်းစခန်း၌ နမ္မတူမြို့နယ် ပန်လုံကျေးရွာအုပ်စု ပန်လုံ၊ ပန်သပြေကျေးရွာမှ အိမ်ထောင်စု ၁၀၄ စု၊ လူဦးရေ ၃၂၀ တို့ကလည်းကောင်း၊ ၂၅၀၀ ဘုန်းတော်ကြီးကျောင်းစခန်း၌ နမ္မတူမြို့နယ် ပန်လုံကျေးရွာအုပ်စု မန်ကျန်းကျေးရွာမှ အိမ်ထောင်စု ၄၅ စု၊ လူဦးရေ ၂၂၀ တို့က လည်းကောင်း၊ ဘော်ကြိုဆုတောင်းပြည့်ဘုရားကြီးစခန်း၌ အုံမုကျေးရွာအုပ်စု ပန်ခါးကျေးရွာမှ အိမ်ထောင်စု ၉၀၊ လူဦးရေ ၃၆၇ ဦးတို့ကလည်းကောင်း ရောက်ရှိခိုလှုံလျက်ရှိကြသည်။

ထို့ကြောင့် သီပေါမြို့နယ်ရှိ ကယ်ဆယ်ရေးစခန်းများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး လိုအပ်သည်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့်အပြင် စစ်ဘေးရှောင်တို့၏ ကျန်းမာရေးအတွက် သီပေါဆေးရုံအုပ်ကြီး ဒေါက်တာလှထွန်းနှင့်ကျန်းမာရေးဝန်ထမ်းများက ယာယီဆေးခန်းဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိသည်။

ဒေသခံတိုင်းရင်းသားသွေးချင်းများအပေါ် ကိုယ်ချင်းစာတရားနှင့် ကရုဏာရှေ့ထား၍ စေတနာရှင်ပြည်သူများက ဆန်၊ ဆီ၊ ဆား၊ ခေါက်ဆွဲခြောက်၊ ရေသန့်ဘူး၊ စားစရာမုန့်မျိုးစုံ၊ ကြက်ဥနှင့် ခြုံစောင်များကို လာရောက်ပေးပို့လှူဒါန်းလျက်ရှိသည့်အပြင် ၎င်းတို့ စားသောက်ရေးကိစ္စများကို မြို့ပေါ် ၁၁ ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ ဦးဆောင်ကာ နံနက်၊ နေ့လယ်စာနှင့် ညစာများကိုလည်း ထမင်းထုပ်များ ဝေငှပြီး စခန်းအလိုက် ချက်ပြုတ်ကျွေးမွေးလျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)

**စိုင်း(သီပေါ)**

*စာမျက်နှာ ၇ မှ*

ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းတင်ပြရာ အစီရင်ခံစာကိုလွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။ ယင်းနောက် အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးမြန်းခဲ့သည့်မေးခွန်းများနှင့် စပ်လျဉ်းသည့် ကော်မတီ၏ အစီရင်ခံစာကို ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမောင်မောင်အုန်းက ဆွေးနွေးပြီး ယင်းအစီရင်ခံစာကို အတည်ပြုနိုင်ရန် လွှတ်တော်သို့ အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် လွှတ်တော်ကိုယ်စားလှယ်များက ဒေသခံပြည်သူတို့အတွက် အမှန်တကယ်လိုအပ်လျက်ရှိသော ကိစ္စများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့က ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များကို ပြည်သူလူထု၏ အကျိုးအလို့ငှာ အမျိုးသားလွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း ၁၀၄ ခုနှင့် ကြယ်ပွင့်မပြ မေးခွန်း ၆၂ ခုတို့ကို မေးမြန်းခဲ့ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်(၄၂)ဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပါကြောင်း၊ အစည်းအဝေးကာလအတွင်း ကော်မတီများအနေဖြင့် အစည်းအဝေးများ (၆၇)ကြိမ် ပြုလုပ်ခဲ့ပါကြောင်းပြောကြားပြီး လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့သက်ဆိုင်ရာ ဒေသအသီးသီးသို့ ပြန်လည်ရောက်ရှိသည့်အခါ မိမိတို့မဲဆန္ဒရှင် ပြည်သူများအကျိုး၊ ဒေသ၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းသည်။

**(သတင်းစဉ်)**

# KIA လက်နက်ကိုင်အဖွဲ့က တပ်မတော်စစ်ကြောင်းကို ဆွဲမိုင်းများဖြင့်တိုက်ခိုက်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်း အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ကြောင်းကို ယနေ့ နံနက် ၁၁ နာရီ ၁၀ မိနစ်ခန့်က KIA လက်နက်ကိုင်အဖွဲ့က ဆွဲမိုင်းများဖောက်ခွဲပြီး တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းများက အုပ်ချုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နေစဉ် အောင်ဂျာကျေးရွာ၏ အနောက်ဘက်မိုင် ၂၀၀ ခန့် အကွာသို့အရောက် ယနေ့နံနက် ၁၁ နာရီ ၁၀ မိနစ်ခန့်၌ KIA လက်နက်ကိုင်အဖွဲ့မှ အင်အား ၁၀ ဦးခန့်က ဆွဲမိုင်းသုံးလုံးဖောက်ခွဲပြီး RPG တစ်လုံး ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ KIA လက်နက်ကိုင်အဖွဲ့များ အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်တွင် တပ်မတော်စစ်ကြောင်းမှ အရာရှိတချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိမ်းရှောင်စခန်းမိသားစုဝင်များသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**ဗန်းမော် ဒီဇင်ဘာ ၂၁**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီအဖွဲ့မှ ဒေါက်တာဒေါ်ရူပအောင် ပါဝင်သော ဆရာဝန် ၁၁ ဦးနှင့် ဦးခက်ထိန်နန် ဦးစီးအဖွဲ့များ၊



မြို့ခံ ဦးကျော်မင်းခိုင်(အဖွဲ့ခေါင်းဆောင်) နှင့် အဖွဲ့ဝင် ၁၇ ဦး ပါဝင်သော ဆေးဝါးကုသမှု စောင့်ရှောက်ရေးဦးစီးကော်မတီအဖွဲ့တို့ပူးပေါင်း၍ ဗန်းမော်ခရိုင်အတွင်းရှိ စစ်ဘေးရှောင်ပြည်သူများအား ဒီဇင်ဘာ ၂၀ ရက်က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကချင်ပြည်နယ် ဗန်းမော်မြို့ အရှေ့သာစည်ရပ်ကွက်ရှိ အေဒီ -၂၀၀၀ ကချင်ကက်သလစ် တိမ်းရှောင်စခန်းမိသားစုဝင်များနှင့် လီဆူနှစ်ခြင်းတိမ်းရှောင်စခန်းမိသားစုဝင် စုစုပေါင်း ၂၁၀ အား အေဒီ-၂၀၀၀ ကချင်ကက်သလစ် တိမ်းရှောင်စခန်း၌ လည်းကောင်း၊ ဗန်းမော်မြို့ ညောင်ပင်ရပ်ကွက်ရှိ ရောဘတ်တိမ်းရှောင်စခန်းမှ တိမ်းရှောင်မိသားစုဝင် ၁၂၅ ဦးကို လည်းကောင်း၊ ဗန်းမော်မြို့နယ် နန့်လှိုင်ကျေးရွာ ကက်သလစ်ဘုရားကျောင်းရှိ နန့်လှိုင်တိမ်းရှောင်စခန်းမှ တိမ်းရှောင် မိသားစုဝင် ၃၆ ဦးကို လည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) မှ တွေ့ရှိရသောအခက်အခဲနှင့် စိန်ခေါ်မှုများအပေါ် ကျော်လွှားနိုင်မည့်နည်းလမ်းများရှာဖွေရန်အတွက် ကော်မတီ၏မျက်နှာစုံညီ စည်းဝေး

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**



**ရန်ကုန် ဒီဇင်ဘာ ၂၁**

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) မှ လုပ်ဆောင်နေသည့် လုပ်ငန်းတာဝန်များအား ဆွေးနွေးရန်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) မှ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ရှိရသောအခက်အခဲနှင့် စိန်ခေါ်မှုများအပေါ် ကျော်လွှားနိုင်မည့် နည်းလမ်းများရှာဖွေရန်နှင့် NCA စာချုပ်လက်မှတ်ရေးထိုးထားသည့်အဖွဲ့များအနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုများမရှိအောင် ထိန်းသိမ်းသွားနိုင်ရန်တို့အတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ၏ မျက်နှာစုံညီအစည်းအဝေးကိုကျင်းပခဲ့သည်။

အဆိုပါ JMC ၏ ပထမဆုံး မျက်နှာစုံညီအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရုံးခွဲ၌ ကျင်းပခြင်းဖြစ်သည်။

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ဖွဲ့စည်းလိုက်ခြင်းကြောင့် ပစ်ခတ်တိုက်ခိုက်မှုများ လျှော့ချနိုင်ခဲ့ကြောင်း၊ RCSS နှင့် တပ်မတော်တို့ဖြစ်ပွားခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုများရှိသော်လည်း JMC လုပ်ငန်းလမ်းညွှန်အတိုင်း သေချာစွာ စနစ်တကျညှိနှိုင်းဖြေရှင်းဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိကအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) နှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) နှစ်ခုဖွဲ့စည်းထားပြီး အဆိုပါကော်မတီများ အပေါ်တွင်မူတည်၍ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများရှိနေကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ထောက်ပံ့သည့်အထောက်အပံ့များ စနစ်တကျစီမံခန့်ခွဲနိုင်ရန်အတွက် ယမန်နေ့ကပင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးစီး၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ NCA စာချုပ်လက်မှတ်ထိုးထားသူများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စံပြ အနေဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက NCA လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် အဖွဲ့များကိုပါ ဆွဲဆောင်နိုင်မည်ဖြစ်သောကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြီးမြောက်စေရန် စံပြအနေဖြင့် စနစ်တကျဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

လိုအပ်သည့် ထောက်ပံ့မှုများအဖြစ် ကြားကာလဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကိုပါ စီမံဆောင်ရွက်သွားမည်ဖြစ်၍ ပစ်ခတ်တိုက်ခိုက်မှုများမရှိစေရန် ထိန်းသိမ်းသွားရန်လိုအပ်ကြောင်း၊ အချို့နေရာများတွင် နယ်မြေသတ်မှတ်ချက်များ တိတိကျကျ ညှိနှိုင်းဆောင်ရွက်ထားခြင်းမရှိသေး၍ အောက်ခြေတပ်မှူးများအနေဖြင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဆိုပါက JMC ၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သော ပစ်ခတ်တိုက်ခိုက်မှုများမရှိအောင် ထိန်းသိမ်းသွားနိုင်မည်ဖြစ်ကြောင်း။

ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်နိုင်ရန်အတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများကိုလည်း မိမိတို့ JMC ကပင် ဆောင်ရွက်သွားရမည်ဖြစ်ရာ အဓိကအားဖြင့် ပြည်သူလူထုအသုံးပြုသည့်နေရာများတွင် စနစ်တကျရှင်းလင်း၍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား စီမံဆောင်ရွက်နိုင်မှသာလျှင် မိမိတို့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) အဖွဲ့ဝင်များအနေဖြင့် တစ်နှစ်တာအတွင်းတွေ့ကြုံခဲ့ရသည့်လိုအပ်ချက်၊ အားနည်းချက်၊ အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးပေးရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ JMC-U အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးရိုက JMC-U ဒုတိယဥက္ကဋ္ဌ(၁) စောအိုင်းဇက်ဖိုး၏ နှုတ်ခွန်းဆက်အမှာစကားကိုဖတ်ကြားရာတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ၏ အကောင်အထည်ဖော်မှုဆိုင်ရာ လမ်းညွှန်ချက်များအရ JMC ကို အကောင်အထည်ဖော်လာခဲ့သည်မှာ တစ်နှစ်ကျော်သက်တမ်းအတွင်းရှိလာပြီဖြစ်ကာလာမည့် နှစ်သစ်မှစတင်ကာ JMC လုပ်ငန်းများကို ရာနှုန်းပြည့်လည်ပတ်နိုင်ရန်ရှိပါကြောင်း၊ မိမိတို့ JMC ၏တာဝန်မှာ နိုင်ငံရေးဆွေးနွေးပွဲများကျင်းပနေစဉ်ကာလအတွင်း အပစ်အခတ်ရပ်စဲရေးကိုထိန်းသိမ်းရန်နှင့် ယုံကြည်မှုတည်ဆောက်ခြင်းမှတစ်ဆင့် အပစ်အခတ်ရပ်စဲရေးခိုင်မာအောင် တည်ဆောက်ရန်ပင်ဖြစ်ကြောင်း။

ယခုကာလတွင် ပြည်သူလူထုအပါအဝင် မိမိတို့လက်နက်ကိုင်အဖွဲ့အစည်းများအကြား ယုံကြည်မှုအတိုင်းအတာအဆင့်တစ်ခုကို တည်ဆောက်နိုင်ခဲ့သည်ကို အသိအမှတ်ပြုရမည်ဖြစ်ကြောင်း၊ ရရှိပြီးသောယုံကြည်မှုအဆင့်ကို ထိန်းသိမ်းမြှင့်တင်သွားရန်အတွက် ယုံကြည်မှုထိခိုက်နိုင်သည့် ထိလွယ်ရှလွယ်သောအပြောအဆိုနှင့် အပြုအမူများအားရှောင်ကြဉ်ရန်နှင့် ဖြစ်ပေါ်လာသောပဋိပက္ခများအား ညှိနှိုင်းဆွေးနွေးဖြေရှင်းသွားကြရန် ထပ်မံနှိုးဆော်ပါကြောင်း။

JMC ၏ အခြေခံမူဖြစ်သည့် ဘက်မလိုက်ခြင်း၊ တရားမျှတခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တန်းတူညီမျှမှုနှင့်ဂုဏ်သိက္ခာများကိုအခြေခံပြီး မိမိတို့၏လုပ်ငန်းများကို ပူးတွဲအကောင်အထည်ဖော်သွားကြရန်လည်း ထပ်လောင်း သတိပေးပြောကြားလိုကြောင်း၊ JMC လုပ်ငန်းအကောင်အထည်ဖော်မှုများသည် ပွင့်လင်းမြင်သာမှုနှင့်အများ၏ယုံကြည်မှုရရှိရန် အရပ်သားများပါဝင်မှုသည် အရေးကြီးသောအခန်းကဏ္ဍတွင် ပါဝင်သဖြင့် သက်ဆိုင်ရာလက်နက်ကိုင်အုပ်စုအပြင် တတိယအစုအဖွဲ့ဖြစ်သော အရပ်သားပါဝင်မှုအခန်းကဏ္ဍအား မြှင့်တင်သွားရန်လိုအပ်ကြောင်းတို့ ပါရှိသည်။

ယင်းနောက် အရပ်ဘက်မှ JMC-U ဒုတိယဥက္ကဋ္ဌ(၂) ဦးမောင်မောင်ငြိမ်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ယနေ့ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဖွဲ့စည်းထားသည့် တိုင်းဒေသကြီး/ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) များက ယင်းတို့ဒေသရှိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးလုပ်ငန်းများအကြောင်းကို ရှင်းလင်းတင်ပြသည်။ မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်လာကြသူများက တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S ) မှ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ရှိရသောအခက်အခဲနှင့် စိန်ခေါ်မှုများအပေါ် ကျော်လွှားနိုင်မည့်နည်းလမ်းများအား ဆွေးနွေးအဖြေရှာခဲ့ကြသည်။

ဒေါက်တာရွှေခါးရိုက "ဒီနေ့ကတော့ တိုင်းဒေသကြီး/ပြည်နယ်အဆင့် JMC-S တွေကနေ သူတို့တစ်နှစ်တာကာလအတွင်းမှာလုပ်ငန်းဆောင်ရွက်ချက်တွေနဲ့ လုပ်ငန်းဆောင်ရွက်တဲ့အခါမှာဘယ်လိုစိန်ခေါ်မှုတွေ တွေ့သလဲ။ နောက်ရှေ့ဆက်ပြီးတော့ ဘယ်လိုလုပ်ရင်ကောင်းမလဲဆိုတဲ့ သူတို့သုံးသပ်ချက်တွေကိုတင်ပြကြတာပဲရှိပါသေးတယ်။ မနက်မှာတော့ တင်ပြချက်တွေအပေါ်မှာ အသေးစိတ် ဆက်လက်ဆွေးနွေးမှာ ဖြစ်ပါတယ်။ NCA စာချုပ်လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေအနေနဲ့ ပစ်ခတ်တိုက်ခိုက်မှုများမရှိအောင်လုပ်ဖို့က ကျွန်တော်တို့ JMC ရဲ့အဓိကတာဝန်ပဲ။ မနက်ဖြန်မှာ တပ်မတော်နဲ့ RCSS/SSA တို့အကြားဖြစ်ပွားခဲ့တဲ့ ထိတွေ့မှုကိစ္စတွေလည်း ဆွေးနွေးမှာပါ" ဟု ပြောသည်။

ယနေ့ပြုလုပ်သည့် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီများမှ ကော်မတီဝင်များဖြစ်ကြသည့် တပ်မတော်သားကိုယ်စားလှယ်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်အစုအဖွဲ့နှင့် အရပ်သားကိုယ်စားလှယ်အစုအဖွဲ့တို့မှ ကိုယ်စားလှယ်စုစုပေါင်း ၆၇ ဦး တက်ရောက်ခဲ့ကြသည်။

## သင်္ဘောသားဝန်ဆောင်မှုကုမ္ပဏီများအား တိကျသောစည်းကမ်းများသတ်မှတ်ရန် လိုအပ်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

မြန်မာသင်္ဘောသားများနှင့် ပတ်သက်သော ပြဿနာများ ကိုင်တွယ်ဖြေရှင်းရာတွင် သင်္ဘောသားဝန်ဆောင်မှု ကုမ္ပဏီများ၌ တိကျသော စည်းမျဉ်းစည်းကမ်းများရှိရန် လိုအပ်ကြောင်း မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံမှာ SRPS လို့ခေါ်တဲ့ သင်္ဘောသားဝန်ဆောင်မှုကုမ္ပဏီတွေရှိပါတယ်။ တချို့ကုမ္ပဏီတွေဆို သင်္ဘောသားတွေဆီက ငွေကြေးမယူဘူး။ တကယ်သင်္ဘောပေါ်ရောက်အောင် တင်ပေးတယ်။ တချို့ကုမ္ပဏီတွေဆို သင်္ဘောသားတွေဆီက ငွေကြေးလည်း ယူတယ်။ တကယ်လည်း အလုပ်ရအောင် လုပ်ပေးတယ်။ တတိယအမျိုးအစားကတော့ ငွေယူပြီး သင်္ဘောပေါ်မှာ သေချာတဲ့အလုပ်ရအောင် မလုပ်ပေးနိုင်ဘူး။ တချို့သင်္ဘောပေါ်ရောက်ပြီး နှစ်လ သုံးလနဲ့ ပြန်လာရတယ်။ ဒါကြောင့် SRPS ကုမ္ပဏီတွေကို ဝန်ကြီးဌာနက လိုင်စင်ချပေးတဲ့အခါမှာ သင်္ဘောသားတွေအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ တိကျတဲ့စည်းကမ်းတွေရှိဖို့ လိုအပ်ပါတယ်" ဟု မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန် ဦးစံသိန်းက ဟောလီးဒေးဟိုတယ်၌ ပြုလုပ်သော မြန်မာနိုင်ငံရေကြောင်း အတတ်ပညာရှင်များအသင်း နှစ်ပတ်လည်အခမ်းအနားတွင် ပြောသည်။

ယခုအခါ ဗီယက်နမ်သင်္ဘောသုံးစင်းနှင့် တရုတ်သင်္ဘောတစ်စင်းတို့အပေါ်၌ လိုက်ပါလျက်ရှိသော မြန်မာသင်္ဘောသားများမှာ ၁၈ လကြာသော်လည်း လုပ်ခလစာမရဘဲ ဖြစ်နေကြောင်း၊ ရုရှား သင်္ဘောပေါ်၌ မြန်မာသင်္ဘောသားအယောက် ၂၀ သေဆုံးခဲ့ပြီး ၁၆ ဦးမှာ ယခုထိတိုင် လျော်ကြေးမရဘဲဖြစ်နေကြောင်း၊ ယင်းအတွက် သင်္ဘောသားဝန်ဆောင်မှုကုမ္ပဏီများတွင် တိကျသော စည်းမျဉ်း၊ စည်းကမ်းများရှိရန် လိုအပ်လာပြီဖြစ်ကြောင်း ၄င်းက ပြောသည်။

မြန်မာနိုင်ငံ၌ သင်္ဘောသားဝန်ဆောင်မှုကုမ္ပဏီ ၁၅၀ ခန့်ရှိကြောင်း၊ သင်္ဘောသားများအတွက် လိုအပ်သော စည်းမျဉ်း၊ စည်းကမ်းများ တိတိကျကျ သတ်မှတ်ထုတ်ပြန်ပေးလိုက်ခြင်းဖြင့် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တိုင်တန်းမှုများအပေါ် ထိထိရောက်ရောက် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာသင်္ဘောသားများအနေဖြင့် ယခုအခါ သင်္ဘောလိုက်ရာတွင် ငွေကြေးအဆမတန်ပေးရခြင်း၊ အလိမ်ခံရခြင်း၊ သင်္ဘောပေါ်တွင် လုပ်ခလစာအပြည့်အဝမရရှိခြင်း စသော ပြဿနာများဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



## ကျန်းမာရေးသင်တန်းမှ ထူးချွန်သူများအား ဆုချီးမြှင့်

**စစ်တွေ ဒီဇင်ဘာ ၂၁**

ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနကဖွင့်လှစ်သော အခြေခံကျန်းမာရေးဝန်ထမ်းကြီးကြပ်(၂)သင်တန်းအမှတ်စဉ်(၇)နှင့် အမှတ်စဉ်(၆)မှ ထူးချွန်သူများအား ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက်က စစ်တွေမြို့ မင်းဂံဒေသန္တရကျန်းမာရေးဌာနတွင် ကျင်းပရာ ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာတက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်သူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆောင်းလှိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ အဆိုပါအမှတ်စဉ်(၇)သင်တန်းသို့စစ်တွေမြို့နယ်မှအပ ရခိုင်ပြည်နယ်ရှိ ကျန် ၁၆ မြို့နယ်မှသင်တန်းသားသင်တန်းသူ ၁၀၀ တက်ရောက်ကြောင်း၊ ယခင်က သင်တန်းဆင်းပြီးသော အမှတ်စဉ်(၆)သင်တန်းတွင်လည်း စစ်တွေမြို့နယ်မှအပ ကျန် ၁၆ မြို့နယ်မှ သင်တန်းသား သင်တန်းသူ ၁၀၂ ဦး တက်ရောက်အောင်မြင်ခဲ့ကြောင်း သိရသည်။ **ကိုကြီးစော**

## စလင်း၌ အခမဲ့ ဆေးကုသပေး

**စလင်း ဒီဇင်ဘာ ၂၁**

စလင်းမြို့တွင် ဒီဇင်ဘာ ၂၁ ရက် က ဒို့မေတ္တာပရဟိတ လူမှုကူညီမှုအသင်းမှဦးဆောင်၍ လူနာများကို အခမဲ့ဆေးကုသပေးခဲ့ရာ ဒေါက်တာ စိုးမြင့်အောင်နှင့်အဖွဲ့က စစ်ဆေးကုသပေးပြီး တစ်ရက်တာ ဆေးဖိုးကုန်ကျငွေကို ဒို့မေတ္တာပရဟိတလူမှုရေးအသင်းက လှူဒါန်းခြင်းဖြစ်သည်။ အဆိုပါအသင်းသည် စလင်းမြို့တွင် တစ်လတစ်ကြိမ် အခမဲ့ဆေးကုသပေးခြင်းအပြင် နာရေးကူညီခြင်း၊ မြွေဆိပ်ဖြေဆေးလှူဒါန်းခြင်း၊ အောက်ဆီဂျင်လှူဒါန်းခြင်း၊ မကွေးဆေးရုံသို့ လူနာသယ်ဆောင်ပေးခြင်း၊ တစ်လတစ်ကြိမ် အခမဲ့ဆေးခန်းဖွင့်ပေးခြင်း၊ မီးသတ်ရေလှူခြင်းနှင့် အခမဲ့လမ်းခင်းရန် မြေနီသယ်ပေးခြင်းတို့ကိုပါ ဆောင်ရွက်ပေးလျက်ရှိသည်။ **စစ်ကြည်(စလင်း)**

# အီရတ်၌ ဗုံးခွဲတိုက်ခိုက်မှုကိုလုပ်ဆောင်ခဲ့သည်ဟု အီရန်ရှိ ကာ့ဒ်အတိုက်အခံအုပ်စုများက တီဟီရန်အားစွပ်စွဲ

**တီဟီရန် ဒီဇင်ဘာ ၂၁**

အီရန်နိုင်ငံမှ ကာ့ဒ်လက်နက်ကိုင် အတိုက်အခံအုပ်စုများသည် ၎င်းတို့၏အဖွဲ့ဝင်ငါးဦးနှင့် အီရတ်နိုင်ငံသား ကာ့ဒ်မျိုးနွယ်စုရဲတစ်ဦးကို သေဆုံးစေခဲ့သည့် ဗုံးခွဲတိုက်ခိုက်မှုကို အီရန်က လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့က စွပ်စွဲပြောကြားခဲ့သည်။

အင်္ဂါနေ့နှောင်းပိုင်းက ဖြစ်ပွားသည့် ထပ်ဆင့်ဗုံးပေါက်ကွဲမှုကြောင့် အာဘီမြို့အရှေ့ဘက် ကွိုင်ဆန်ဂျပ်ရှိ အီရန်နိုင်ငံသား ကာ့ဒ်မျိုးနွယ်စု ဒီမိုကရက်တစ်ပါတီ (PDKI) ရုံးအဆောက်အအုံများကို ထိမှန်ခဲ့သည်။ ပထမတစ်ကြိမ် ပေါက်ကွဲပြီးနောက် ပေါက်ကွဲမှုဖြစ်ပွားရာနေရာသို့ ကာ့ဒ်အဖွဲ့များနှင့် ရဲများရောက်ရှိလာချိန်တွင် ပိုမိုကြီးမားသည့်ပေါက်ကွဲမှုတစ်ခု ထပ်မံဖြစ်ပွားခဲ့ကြောင်း PDKI အဖွဲ့ဝင် အဇိုဟာဆန်ဇာဒက်က ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။



သေဆုံးသူများ၏ ဈာပနတွင် ဟာဆန်က အီရန်တို့၏လက်ချက်ဖြစ်ကြောင်း သံသယရှိစရာမလိုဟု ပြောကြားခဲ့သည်။ မည်သို့ဖြစ်စေ အဖွဲ့၏လှုပ်ရှားဆောင်ရွက်မှုများ ရပ်တန့်သွားလိမ့်မည်မဟုတ်ဟု ၎င်းက ဆိုသည်။ အီရန်နိုင်ငံ၏ လူဦးရေရှစ်သန်းမှ ၁၀ သန်းအထိ ပမာဏရှိသည့် ကာ့ဒ်မျိုးနွယ်စုများသည် နယ်စပ်တစ်လျှောက်ရှိ အီရတ်နှင့် တူရကီ ကာ့ဒ်မျိုးနွယ်စုများနှင့် နီးကပ်သည့် အနောက်မြောက်ပိုင်း၌ နေထိုင်ကြသည်။ **(ရိုက်တာ)**

# အိန္ဒိယအနောက်ပိုင်း နာမည်ကြီးဟိုတယ်တစ်ခု၌ မီးလောင်၊ ခြောက်ဦးထက်မနည်း သေဆုံး

**နယူးဒေလီ ဒီဇင်ဘာ ၂၁**

အိန္ဒိယနိုင်ငံအနောက်ပိုင်း မဟာရက်ရှ်ထရာပြည်နယ်ရှိ နာမည်ကြီးဟိုတယ်တစ်ခု၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ လူခြောက်ဦးထက်မနည်း သေဆုံးခဲ့ပြီး လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြောင်း အဆင့်မြင့်ရဲအရာရှိတစ်ဦးက ပြောကြားသည်။

မဟာရက်ရှ်ထရာပြည်နယ် ဂွန်ဒီယာခရိုင် ဘင်ဒယ်လ် ပလာဇာဟိုတယ်၌ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ဟိုတယ်တစ်ခုလုံးနီးပါး မင်္ဂလာဆောင်အခမ်းအနားအတွက် ဌားရမ်းထားချိန် မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူ ခြောက်ဦး၏ ရုပ်အလောင်းများကို ကယ်ဆယ်ရေးသမားများက သယ်ထုတ်သွားခဲ့ကြောင်း အမည်မဖော်လိုသူ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ဟိုတယ်အတွင်း ပိတ်မိနေသူအများအပြား ကျန်ရှိနေသေးသည့်အတွက် သေဆုံးသူအရေအတွက် တိုးလာဖွယ်ရှိကြောင်း ၎င်းက ပြောကြားသည်။ အခင်းဖြစ်ပွားရာနေရာသို့ မီးသတ်ယာဉ် ၁၅ စီး လာရောက်မီးငြိမ်းသတ်ခဲ့ရပြီး ဟိုတယ်အတွင်း ပိတ်မိနေသူများကို ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ မီးလောင်ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း၊ အချို့မှာ စိုးရိမ်ဖွယ်အခြေအနေရှိကြောင်း သိရသည်။

ကနဦးဖော်ပြချက်အရ မီးလောင်ခြင်းမှာ လျှပ်စစ်ပတ်လမ်း ချွတ်ယွင်းမှုကြောင့်ဟုသိရပြီး အကြောင်းရင်းမှန်ကိုသိရှိရန် စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ယူအေအီး၌ ကမ္ဘာ့ပထမဆုံး သိမ်းငှက်သင်တန်းကျောင်းဖွင့်

**ဒူဘိုင်း ဒီဇင်ဘာ ၂၁**

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)ရှိ အဘူဒါဘီမြို့ အယ်လ် အင်န်မြို့၌ ကမ္ဘာ့ပထမဆုံး သိမ်းငှက်သင်တန်းကျောင်းကို ယနေ့တွင်ဖွင့်လှစ်ခဲ့ကြောင်း ယူအေအီးနိုင်ငံပိုင် သတင်းဌာနက ဖော်ပြခဲ့သည်။

ရှေးဦးအာရပ်တို့၏ သိမ်းငှက်ဖြင့် အမဲလိုက်သည့် ရိုးရာဓလေ့များ၊ စည်းမျဉ်းများနှင့် ကျင့်ဝတ်များကို နားလည်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ရှေးဟောင်းအမွေအနှစ် အနုပညာတစ်ခုနှင့် ပိုင်ဆိုင်မှုတစ်ခုအဖြစ် သိမ်းငှက်ထိန်းကျောင်းမှု၏တန်ဖိုးကို သတိပြုမှု တိုးမြင့်လာစေရန် ဖြစ်ကြောင်း သိမ်းငှက်ထိန်းသိမ်းသူ စော်ဘွားများကလပ်၏ ဥက္ကဋ္ဌ ရှိတ်ဟမ်ဒန် ဇာယက် အယ်လ်နာရန်က ပြောကြားခဲ့သည်။

အနာဂတ်မျိုးဆက်သစ်များအား အာရပ်ကျွန်းဆွယ်နှင့် ယူအေအီးနိုင်ငံ၏ သမိုင်းယဉ်ကျေးမှုအမွေအနှစ်များကို သင်ကြားပေးရန်အတွက် အဆိုပါစီမံကိန်းကို ၂၀၁၄ ခုနှစ်တွင် စတင်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။



သင်တန်းဖွင့်လှစ်ပေးခဲ့သူ သိမ်းငှက်ထိန်းသိမ်းသူ စော်ဘွားများကလပ်၏ အမှုဆောင်ဒါရိုက်တာ မက်ဂျက်ဒ် အလီ အယ်လ်မန်ဆောရီက ယခုဖွင့်လှစ်သည့်သင်တန်းကျောင်းသည် မကြာမီတွင် ရှေးဟောင်းအမွေအနှစ်မျိုးစုံတို့သင်ကြားရာ ဌာနတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း ပြောခဲ့သည်။ ထို့အပြင် သင်တန်းတွင် သင်ထောက်ကူပစ္စည်းများ၊ နည်းလမ်းများနှင့်အတူ သဲကန္တာရအတွင်း စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# ၂၀၁၆ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံး၌ သတင်းသမား ၄၈ ဦး အသတ်ခံရ

**ဝါရှင်တန် ဒီဇင်ဘာ ၂၁**

၂၀၁၆ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းလုံး၌ သတင်းသမားပေါင်း ၄၈ ဦး အသတ်ခံရကြောင်း၊ ဆီးရီးယားနိုင်ငံသည် ကမ္ဘာ့သတင်းသမားများ သေဆုံးမှုနှုန်းအမြင့်ဆုံး နိုင်ငံတစ်နိုင်ငံအဖြစ် ငါးနှစ်မြောက် ဆက်လက်ရပ်တည်ခဲ့ကြောင်း သတင်းသမားများ အကာအကွယ်ပေးရေးကော်မတီက ယမန်နေ့က ထုတ်ပြန်ကြေညာသည်။

ဆီးရီးယားနိုင်ငံတစ်ခုတည်း၌ သတင်းသမားပေါင်း ၁၄ ဦးသေဆုံးခဲ့ပြီး အခြားသေဆုံးမှုနှုန်း အမြင့်ဆုံးတိုင်းပြည်မှာ အရှေ့အလယ်ပိုင်းနိုင်ငံများမှဖြစ်ကြောင်း သိရသည်။

ထို့အပြင် အီရတ်၊ ယီမင်၊ အာဖဂန်နစ္စတန်၊ ဆိုမာလီယာနှင့် လစ်ဗျားနိုင်ငံများသည် သတင်းသမားအသတ်ခံရမှုတွင် အဆင့်နှစ်မှ ခြောက်အထိအသီးသီးရပ်တည်နေကြောင်း သိရသည်။ ကမ္ဘာတစ်ဝန်းသေဆုံးခဲ့ရသော သတင်းသမား ၄၈ ဦးတွင် စစ်မြေပြင်၌ သေဆုံးသူ ၂၆ ဦး၊ လုပ်ကြံသတ်ဖြတ်ခံရသူ ၁၈ ဦးနှင့် အန္တရာယ်များသောနေရာ၌ သတင်းရယူရင်း သေဆုံးသူ သုံးဦးနှင့် အခြားတစ်ဦးမှာ မည်သည့်အတွက်ကြောင့် သေဆုံးခဲ့ရသည်ကို ထုတ်ပြန်ချက်တွင် ဖော်ပြထားခြင်းမရှိပေ။

**(ဆင်ဟွာ)**

# မက္ကဆီကိုရှိ မီးရှူးမီးပန်းများရောင်းသည့်ဈေး၌ ပေါက်ကွဲမှုဖြစ်ပွား

**မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၂၁**

မက္ကဆီကိုရှိ မီးရှူးမီးပန်းများ ရောင်းသည့်ဈေးအတွင်း အင်္ဂါနေ့က ပေါက်ကွဲမှုများဖြစ်ပွားခဲ့ရာ လူ ၃၁ ဦးထက်မနည်း သေဆုံးကာ လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်။ ပေါက်ကွဲမှုများဖြစ်ပွားပြီး နောက်တစ်ရက်တွင် မက္ကဆီကိုအပြင်ဘက်ရှိ အဆိုပါဈေး၌ စုံစမ်းစစ်ဆေးသူများက ရှာဖွေစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ယခုဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှုသည် မက္ကဆီကိုမြို့တော်မြောက်ပိုင်းမှ ၃၂ ကီလိုမီတာ(မိုင် ၂၀ အကွာ) တွင် တည်ရှိသည့် နိုင်ငံ၏အထင်ကရဖြစ်သော မီးရှူးမီးပန်းများ ရောင်းဝယ်ဖောက်ကားရာ အစုအဝေးဖြစ်သည့် တာတီပက်ရှိ ဈေး၌ ဆယ်စုနှစ်တစ်ခုကြာမြင့်ပြီးနောက် တတိယအကြိမ် ပေါက်ကွဲခြင်းဖြစ်ကြောင်း သိရသည်။



ပေါက်ကွဲမှုအတွင်း လူ ၇၂ ဦး ထက်မနည်း ဒဏ်ရာရရှိခဲ့ပြီး ၅၃ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဒေသအုပ်ချုပ်ရေးမှူး အီရူဗီရယ် အာဗီလာက ပြောကြားခဲ့သည်။ ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာရှိ အရာအားလုံးပျက်စီးခဲ့ပြီး အလောင်းများ ပြန့်ကျဲသွားခဲ့ကြောင်း၊ ကလေးငယ်များလည်း သေဆုံးခဲ့ကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောကြားခဲ့သည်။ **(ရိုက်တာ)**

# အမေရိကန်၏ ပိတ်ဆို့မှုများကို ပြန်လည်တုံ့ပြန်မည်ဟု ရုရှားပြောကြား

**မော်စကို ဒီဇင်ဘာ ၂၁**

ရုရှားအစိုးရအဖွဲ့က အမေရိကန်က ရုရှားကို ထပ်မံပြုလုပ်လာသည့် ပိတ်ဆို့မှုအသစ်များကြောင့် နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်လာစေသဖြင့် မော်စကိုအနေဖြင့်လည်း ထိုသို့ပိတ်ပင်လာမှုများကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တုံ့ပြန်ဖြေရှင်းသွားမည်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့က ပြောကြားခဲ့သည်။

အမေရိကန်သည် နှစ်နိုင်ငံဆက်ဆံရေးပျက်ပြားစေမည့် လမ်းကြောင်းအပေါ် ဆက်သွားနေသည်ဟု မှတ်ယူကြောင်း ရုရှားအစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဒီမက်ထရီပက်စကော့က သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များအား ပြောကြားခဲ့သည်။ နှစ်နိုင်ငံဆက်ဆံရေးကိုပိတ်ဆို့မှုများက ယိုယွင်းစေလိမ့်မည်ဖြစ်ကြောင်း ရုရှားအနေဖြင့်လည်း အထိုက်အလျောက် တုံ့ပြန်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ၂၀၁၄ ခုနှစ်က ခရိုင်းမီးယားကို ရုရှားကျူးကျော်ဝင်ရောက်ခဲ့ပြီး ယူကရိန်း၌ ပဋိပက္ခများဖြစ်ပွားခဲ့ပြီးနောက် ရုရှားစီးပွားရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများကို အမေရိကန်က ပိတ်ဆို့မှုများ ပိုမိုပြုလုပ်လာခဲ့ခြင်းဖြစ်သည်။ **(ရိုက်တာ)**

# မြန်မာ့ရေသယံဇာတအကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် နိုင်ငံတကာအဆင့်မီတိုင်းတာရေးကိရိယာများဖြင့် တိုင်းတာနေပြီ

မြန်မာနိုင်ငံသည် တောင်တန်းများ၊ မြေပြန့်လွင်ပြင်များ၊ မြစ်များ၊ ပင်လယ်များ ဝန်းရံနေသောနိုင်ငံဖြစ်သည်။ တောတောင်များ ထူထပ်ပြီး ရေမြေသဘာဝအလှအပများဖြင့် ဝန်းရံနေသော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံမြေမျက်နှာသွင်ပြင် အနေအထားများမှာ တောတောင်အထပ်ထပ်၊ တောင်အသွယ်သွယ်၊ သစ်တောများဖြင့် အနီးအဝေး၊ အနိမ့်အမြင့်၊ မြေပြန့်လွင်ပြင်များဖြင့် တည်ရှိနေသော နိုင်ငံဖြစ်သည်။ မြေမျက်နှာသွင်ပြင်ပေါ်ရှိ အနိမ့်အမြင့်များကို တိတိကျကျတိုင်းတာခြင်းအားဖြင့် နိုင်ငံဖွံ့ဖြိုးရေးအတွက် စီမံကိန်းများချမှတ်ရေးဆွဲနိုင်ခြင်း၊ ဒီဇိုင်းတွက်ချက်၍ တည်ဆောက်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် မရှိမဖြစ် တိုင်းတာရမည့်လုပ်ငန်းဖြစ်သည်။ ကမ္ဘာ့မြေမျက်နှာပြင်ပေါ်ရှိ အထက်အောက် အကွာအဝေး၊ အနိမ့်အမြင့်များအား ဆက်စပ်တိုင်းတာခြင်းကို မြေတိုင်းနည်းပညာဟုခေါ်သည်။

ကမ္ဘာပေါ်ရှိ သဘာဝအတိုင်းတည်ရှိသော အရာများ (NATURAL FEATURES SOFT DETAIL) နှင့် လူတို့ဆောက်လုပ်ထားသောအရာများ (MAN-MADE FEATURES HARD DETAIL) တို့၏ တည်နေရာ (LOCATION)၊ အနေအထား (POSITION)၊ သုံးဖက်မြင်အတိုင်းအတာ (3 DIMESION) တို့ကို ရယူသော အသုံးချသိပ္ပံပညာတစ်ခုလည်း ဖြစ်သည်။

ဤကဲ့သို့ တိုင်းတာရာတွင် မြေမျက်နှာသွင်ပြင်ပြုလုပ်သော တိုင်းတာမှုများ (LAND SURVEYING)၊ ကောင်းကင်မှပြုလုပ်သော တိုင်းတာမှုများ (AERIAL SURVEYING) ပင်လယ်သမုဒ္ဒရာမြစ်ချောင်းများနှင့် ပတ်သက်သောတိုင်းတာမှုများ (HYDROGRAPHNIC SURVEYING (OR) BAT HYMETRIC SURVEYING) ဟု ကဏ္ဍများ ခွဲခြားနိုင်သည်။

မြေပြင်တိုင်းတာခြင်း (LAND SURVEYING) ကို အဓိကအားဖြင့်-(PLANE SURVEY) ပြင်ညီမြေတိုင်းခြင်း၊ (GEODEPIC SURVEY) ဟု ခွဲခြားနိုင်သည်။ ပြင်ညီမြေတိုင်းခြင်းကို မြေယာပိုင်ဆိုင်မှုသတ်မှတ်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် စကေးကြီးမြေပုံများ ထုတ်လုပ်သုံးစွဲသည်။

GEODEPIC SURVEY မှာ ကမ္ဘာ့မြေမျက်နှာပြင်၏ လုံးဝန်းမှုအခုံးကို ထည့်သွင်းစဉ်းစားကာ တိုင်းတာခြင်းဖြစ်ပြီး ကျယ်ဝန်းသော ဧရိယာများကို တိုင်းတာတင်ပြသည့်အခါတွင် သုံးသည်။ မြန်မာနိုင်ငံမြေတိုင်းဦးစီးဌာနက ဆောင်ရွက်သော နိုင်ငံ နယ်နိမိတ်တိုင်းတာရာတွင် အသုံးပြုသည်။

မြန်မာနိုင်ငံ၏ အဓိကမရှိမဖြစ်လိုအပ်သော အခြေခံရေတိုင်းနှင့် မြေတိုင်းသင်တန်းကျောင်းကို ၂၀၀၀ ပြည့်နှစ်က ပျော်ဘွယ်မြို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဖွင့်လှစ်ပေးခဲ့သည်။

အခြေခံမြေတိုင်းသင်တန်းကျောင်း၌ မြေတိုင်းဘာသာရပ်အနေဖြင့် သံကြိုး၊ မြေတိုင်းကွန်ပါ၊ နိမ့်မြင့်တိုင်းကိရိယာ၊ မြေတိုင်းခုံကိရိယာ၊ DOLIFE (TOTAL STATION) များသာရှိပြီး လက်တွေ့အသုံးပြုခြင်း ကွန်တိုမြေပုံရေးဆွဲနိုင်သည်အထိ သင်ကြားပို့ချပေးခဲ့သည်။ သင်တန်းကျောင်းမှ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေကြသော ဒု-လ/ထ အကောက်ခွန်မှူး (ဆည်) ဝန်ထမ်းများနှင့် လ/ထအကောက်ခွန်မှူး(ဆည်)တို့ အား သင်တန်းများ ပို့ချပေးခဲ့သည်။ သင်တန်းအပတ်စဉ် (၁၉) အထိ သင်တန်းသား ၄၀၄ ဦးကို သင်တန်းပို့ချပေးခဲ့သည်။

ဤကဲ့သို့ သင်တန်းပို့ချပေးခဲ့သဖြင့် ဆည်မြောင်းလုပ်ငန်း အခြေခံများ၊ ဝေါဟာရအခေါ်အဝေါ်များကို သိရှိနားလည်သဘောပေါက်ပြီး ကွင်းဆင်း၍ ဆည်ရေပေးဝေမှုကို ကြီးကြပ်ခြင်း၊ သီးနှံမှတ်တမ်းများ ကောက်ယူခြင်း၊ ဆည်မြောင်းတာတမံ ထိန်းသိမ်းခြင်းဆိုင်ရာပြစ်မှုများကို တားဆီးခြင်း၊ အခွန်တော်ကိစ္စရပ်များကို မှန်ကန်စွာဆောင်ရွက်လာနိုင်ခဲ့သည်။ ၂၀၁၅-၂၀၁၆ တွင် ပျော်ဘွယ်သင်တန်းကျောင်း၌ပင် မြေပြင်တိုင်းတာခြင်းလုပ်ငန်းရပ်များ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်၍ "SP-80s GNSS Receiver Garmin Aquamap 80s Echo Sounder လက်တွေ့အသုံးချသင်တန်း" ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

ယခုအခါ ခေတ်စနစ်နှင့်အညီ မြေတိုင်းပညာများခေတ်မီဖွံ့ဖြိုးတိုးတက်လာသဖြင့် နည်းပညာအရ နိုင်ငံတကာအဆင့်မီ ခေတ်မီမြေတိုင်းပညာရပ်များကို သိရှိနားလည်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၅ ရက်က ပျော်ဘွယ်မြို့ အခြေခံရေတိုင်းနှင့် မြေတိုင်းသင်တန်းကျောင်း၌ မြေပြင်တိုင်းတာခြင်းနှင့် မြေပုံထုတ်ခြင်း၊ နည်းပညာအသုံးချသင်တန်းကို ဖွင့်လှစ်ခဲ့ပါသည်။

သင်တန်းအတွက် လိုအပ်သော သင်ထောက်ကူပစ္စည်းများဖြစ်သည့် COMPUTER များ၊ AUTO LEVEL TOTAL STATION များကို ဝယ်ယူဖြည့်တင်းထားသည်။ သင်ကြားမည့် ကိရိယာများမှာ AUTO LEVEL TOTAL STATION, DIFFERENTIAL GPS တို့ဖြစ်သည်။ ခေတ်မီမြေတိုင်းကိရိယာများ အသုံးပြု၍ မြေတိုင်းတာခြင်း၊ မြေတိုင်းကိရိယာမှ AUTOCAT LAND DEVELOPMENT SOFT WARE နှင့် ချိတ်ဆက်ပုံထုတ်ခြင်း၊ မြေတိုင်းတာခြင်းလုပ်ငန်းများ၏ အခြေခံလိုအပ်ချက်များနှင့် တိုင်းတာခြင်း၊ နည်းစနစ်များကို စာတွေ့၊ လက်တွေ့ကွင်းဆင်း ဆောင်ရွက်တိုင်းတာပြီး ကွန်တိုမြေပုံထုတ်သည်အထိ သင်ကြားပေးသည်။

ပျော်ဘွယ်မြို့ အခြေခံရေတိုင်းနှင့် မြေတိုင်းသင်တန်းကျောင်းတွင် ဖွင့်လှစ်ခဲ့ပြီးသော ကိရိယာများဖြင့် ပစ္စည်းတင်သွင်းသည့် Suntace ကုမ္ပဏီမှ ဝန်ထမ်းများနှင့် စူးစမ်းလေ့လာရေးဌာနခွဲမှ အတွေ့အကြုံရှိပြီးသည့် သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့ကွင်းဆင်းကာ ဒု-လ/ထ ဦးစီးမှူး (မြို့ပြ)၊ လ/ထဦးစီး(မြို့ပြ)၊ ဒု-ဦးစီးမှူး(မြို့ပြ) သင်တန်းသား ၃၀ အား သင်တန်းကာလ သုံးပတ်ကြာ သင်တန်းပို့ချပေးသွားမည်ဖြစ်သည်။ သင်တန်းများကို ဆက်လက်ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

ဤကဲ့သို့ တိုးတက်သော နည်းပညာများအား ခေတ်မီသော နောက်ဆုံးပေါ် စက်ကိရိယာများဖြင့် မြေတိုင်းတာခြင်းကို ပိုမိုတိကျမှန်ကန်စွာ တိုင်းတာနိုင်မည်ဖြစ်၍ မြန်မာနိုင်ငံ၏ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးလုပ်ငန်းများ၏ အကြိုအင်ဂျင်နီယာလုပ်ငန်းများအတွက် မှန်ကန်တိကျသော ပညာရပ်ဖြစ်၍ မြေပြင်တိုင်းတာခြင်းလုပ်ငန်းရပ်များ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။

**သတင်းဆောင်းပါး - တင်လှိုင်(မိတ္ထီလာ)**



မြေတိုင်းတာခြင်းနှင့် မြေပုံထုတ်နည်းပညာသင်တန်းသားများ လေ့ကျင့်တိုင်းတာနေစဉ်

## အရည်အသွေးအာမခံချက်မရှိသော ငရုတ်သီးမှုန့်များ၊ မဆလာများနှင့် ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ဈေးကွက်များ၌ ရောင်းချလျက်ရှိသော ငရုတ်သီးမှုန့်များ၊ မဆလာများကို နမူနာ ကောက်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့် ထုတ်လုပ်သော ငရုတ်သီးမှုန့်၊ မဆလာမှုန့်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက် ရရှိထားခြင်းမရှိပါ၍ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် အရည်အသွေးအာမခံချက် မရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ ဈေးကွက်ရှိ ငရုတ်သီးမှုန့်အမျိုးမျိုးအား ဈေးကွက်ထောက်လှမ်းစောင့်ကြည့်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် အမည် | အစားအသောက် အမျိုးအစား | လုပ်ငန်းလိပ်စာ |
|---|---|---|---|
| ၁။ | ပစ်တိုင်းထောင် | ငရုတ်သီးမှုန့် | အမှတ်တံဆိပ်ပေါ်တွင်လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၂။ | ရွှေကြိုး | ငရုတ်သီးမှုန့် | ပွဲရုံ(၆၇-အေ)၊ ကျောက်စိမ်းလမ်း၊ ရတနာထွန်းပွဲရုံတန်း၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ ၀၉- ၅၃၂၀၉၁၆၊ ၀၅၇-၂၅၇၂၂(လိုင်းခွဲ- ၃၂၇)<br>စက်ရုံအမှတ်(၂၅၇)၊ ရွှေမြို့တော်(၁၅)လမ်း၊ မော်လမြိုင်စက်မှုဇုန်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ ၀၉-၅၃၂၁၅၀၇၊ ၀၉-၈၇၂၅၄၄၇ |
| ၃။ | ရွှေကျောက်ဆည်/ SKS | ငရုတ်သီးမှုန့် | ၀၉-၄၀၀၀၂၄၂၅၊ အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၄။ | စပယ်ဦး | ငရုတ်သီးမှုန့် | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၅။ | ရွှေ | ငရုတ်သီးမှုန့် | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၆။ | ရွှေတီ | ငရုတ်သီးမှုန့် | အမှတ်(၁)ဈေးကြီး၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ ၀၅၇-၂၂၁၉၂ |
| ၇။ | မြဝတီ | ငရုတ်သီးမှုန့် | အမှတ်(၂)ဈေးသစ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။<br>စက်ရုံအမှတ်(၂၇)၊ ရွှေမြို့တော်(၅)လမ်း၊ မော်လမြိုင်စက်မှုဇုန်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ |
| ၈။ | စိန် | ငရုတ်သီးမှုန့် | အမှတ်(၇၃)၊ ဈေးသစ်ဈေး၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ |
| ၉။ | ကောင်းကောင်း | ငရုတ်သီးမှုန့် | ဆိုင်အမှတ်(၁၁၁)၊ အမှတ်(၂)ဈေးသစ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ ၀၉- ၂၅၅၇၂၂၄၉၃၊ ၀၉-၇၉၆၀၉၃၄၃၀၊ ၀၉-၇၈၆၆၆၂၆၈၀ |
| ၁၀။ | ကရဝိက် | ငရုတ်သီးမှုန့် | ဆိုင်အမှတ်(၃၈-အေ)၊ ကမ်းနားလမ်း၊ ဖက်တန်း၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ ၀၅၇- ၂၃၁၀၅၊ ၀၅၇-၂၂၂၈၆၊ ၀၉-၅၀၁၇၄၁၁၊ ၀၅၇- ၂၅၃၉၃၊ ၀၅၇-၂၆၇၄၄ |

*(ဆက်လက်ဖော်ပြပါမည်)*

## ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် စာတမ်းဖတ်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၏ (၇၅) နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်စာတမ်း ဖတ်ပွဲအခမ်းအနားကို ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ဒီဇင်ဘာ ၂၂ ရက် မှ ၂၃ ရက်အထိ နှစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီတွင် စတင်မည်ဖြစ်ကာ ဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)က အဖွင့်အမှာစကားပြောကြားကာ ဒေါက်တာသန်းဦးနှင့် ဒေါက်တာမြင့်ကြည်တို့က အလှည့်ကျသဘာပတိများအဖြစ် ဆောင်ရွက်ကြမည်ဖြစ်သည်။ ထို့နောက် ဆရာဇော်ဂျီ၏ 'ထူးခြားသော ကိုလိုနီခေတ် ကဗျာများ' စာတမ်းကို ဆရာမင်းယုဝေ၊ ဆရာမင်းသုဝဏ်၏ 'ဇာတိမာန်ကဗျာများထဲမှ ဒေါင်းကဗျာများ' စာတမ်းကို ဒေါက်တာစိုးလွင်၊ 'ပြဇာတ်လောင်းရိပ်အောက်က သတင်းစာ အရေးအသားများ' စာတမ်းကို ဦးအေးချို(မဟာဝိဇ္ဇာ)၊'မြန်မာစာပေ တိုးတက်မြင့်မားရေးအတွက် စွမ်းဆောင်ခဲ့သော ဦးဖေမောင်တင်နှင့်တပည့်များ၏ ဂုဏ်ရည်' စာတမ်းကို ဒေါက်တာခင်သန်းဦး (မမိုးမြေ)၊ 'သိင်္ဂါလောဝါဒသုတ်လာ ပျို့ကဗျာလင်္ကာများ' စာတမ်းကို ဆရာသူရဇော်၊ 'တက္ကသိုလ်ဝန်းကျင်ကဗျာများ ၁၉၆၄-၁၉၇၀' စာတမ်းကို ဒေါက်တာစုစုနွယ်၊ 'ပေစာထုပ်ကြိုး ပေါ်ရှိရုပ်ပုံ၊ အပြောက်အမွမ်းနှင့်ကြိုးစာကို လေ့လာခြင်း' စာတမ်းကို ဦးရဲမြင့် (ပါမောက္ခငြိမ်း၊ ရှုပဗေဒ)၊ 'ရသစာပေတွင် တွေ့ရသော ဇာတ်ဆောင်စရိုက် ဖန်တီးမှုသဘော' စာတမ်းကို သီဟနှင့် 'ခေတ်ကိုထင်ဟပ်နေသည့် သတင်းနောက်ခံ ကာတွန်းများမှ ထုတ်မပြောသောအနက်' စာတမ်းကို ဒေါက်တာသက်ရည်အေးတို့က ဖတ်ကြားကြမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲ ဒုတိယနေ့တွင် ဒေါက်တာဒေါ်ပိုနှင့် ဒေါ်မာလေးတို့က အလှည့်ကျသဘာပတိများအဖြစ် ဆောင်ရွက်ပြီး ဒေါက်တာသန်းထွန်း၏ 'ရန်ကုန်တက္ကသိုလ်မြန်မာစာဌာန၏ ပထမများစာတမ်း' ကိုလည်းကောင်း၊ 'ဆရာသခင်၏ ခြေတော်ရင်းဝယ်' စာတမ်းကို တက္ကသိုလ်ဝင်းမွန်၊ 'ဝန်ကြီးပဒေသရာဇာ၏ စာပေလမ်းသစ်' စာတမ်းကို ဒေါက်တာခင်ဆွေမြင့်၊ 'ယနေ့ခေတ် ရုပ်သံလွှင့်မီဒီယာများနှင့်မြန်မာစကား' စာတမ်းကို ဒေါ်သန္တာခင်၊ 'ရသခံစားမှုစွမ်းရည်နှင့်ခေါင်းဆောင်မှုစွမ်းရည်' စာတမ်းကို ဒေါက်တာနီလာမြင့်၊ 'ထိုင်းနိုင်ငံ Mahasarakham University မြန်မာစာပေနှင့် မြန်မာ့ယဉ်ကျေးမှုသင်ကြားရေး' စာတမ်းကို မဇင်ဇင်မင်း (Mahasarakham University. Thailand)၊ 'မြန်မာစာဌာနနှင့် ပြင်ပစာပေလောက' စာတမ်းကို မောင်ခင်မင်(ဓနုဖြူ)၊ 'ဥက္ကဋ္ဌကြီးနှင့် ကျွန်တော်' စာတမ်းကို စောလူ၊ 'ကျွန်တော်သိသော တရုတ်ပညာရှင်၏ မြန်မာ့ယဉ်ကျေးမှုလေ့လာရေး' စာတမ်းကို Mr.Yang Yang (Nanjing Normal University, China)၊ 'မြန်မာစာပေတွင် ခေတ်ပေါ်ကဗျာ၏ အခန်းကဏ္ဍ' စာတမ်းကို ဦးဝင်းမောင်၊ 'အစောဆုံး မြန်မာကျောက်စာများနှင့် ခေတ်ပြိုင်ကျောက်စာများ' စာတမ်းကို ဦးကျော်ဦးလွင်၊ 'မြန်မာစာပေမြန်မာစကားရှင်သန်ရေး' စာတမ်းကို ဒေါက်တာလဲ့လဲ့ဝေ၊ 'မြန်မာစာပါရဂူဘွဲ့ခရီး' စာတမ်းကို ဒေါက်တာအောင်မြင့်ဦးတို့က ဖတ်ကြားကြမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ခရီးသည်တင်ရေယာဉ်များ စည်းကမ်းနှင့်ကိုက်ညီမှု ရှိ မရှိ စစ်ဆေး

**သရက် ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့ အမှတ်(၁)ရပ်ကွက် မြို့မဆိပ်ကမ်း၌ ဒီဇင်ဘာ ၂၀ ရက်က ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပါဝင်သောအဖွဲ့သည် ဧရာဝတီမြစ်ကြောင်းအတွင်း ပြေးဆွဲနေသော ခရီးသည်တင်ရေယာဉ် ၁၇ စင်းကို ရေယာဉ်မထွက်ခွာမီ သတ်မှတ်ချက်နှင့်ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးခြင်း၊ သတ်မှတ်ခံနိုင်ဝန်အားထက် ပိုမိုတင်ဆောင်ခြင်းများ မပြုရန်နှင့် လုံလောက်သော အသက်ကယ်ပစ္စည်းများထားရှိမှုတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

# မိန်းကလေးနှစ်ဦးကို ပြည့်တန်ဆာလုပ်ငန်း၌ ရောင်းစားခဲ့သူများအား ထောင်ဒဏ်တစ်သက်နှင့် ထောင်ဒဏ်(၁၂)နှစ်စီချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဆံတော်ရှင်ရပ်ကွက်နေ အမျိုးသမီးနှစ်ဦးအား ကျပန်းအလုပ်လုပ်ကိုင်သည်မှာ မကောင်းကြောင်း၊ စားသောက်ဆိုင် စားပွဲထိုးအလုပ်လုပ်ပါက လုပ်ခပိုရမည်ဟု ပြောဆိုစည်းရုံးခေါ်ဆောင်၍ ပြည့်တန်ဆာလုပ်ငန်း၌ ရောင်းစားခဲ့သူများဖြစ်သည့် ပြည်မြို့ ရွာဘဲရပ်ကွက်နေ မြင့်ကြိုင်၊ ခိုင်ဘွားအောင်(ခ) ခိုင်ဘွား၊ ချောက်မြို့ မြေနီကုန်းရပ် အမှတ်(၁၅) ရပ်ကွက်နေ မမြတ်နိုး(ခ) ဇင်မာဦး၊ သိန်းစိုး(ခ)ဗြားကြီး(မြတ်နိုး၏ခင်ပွန်း)၊ ချောက်မြို့ ပတ္တမြားရပ်ကွက်နေ အောင်မောင်းစိန်၊ ဒေါ်ကြူကြူဝင်း (ဦးအောင်မောင်းစိန်၏ဇနီး) တို့ ရှစ်ဦးအား ပြည်ခရိုင်တရားရုံးမှ ဒီဇင်ဘာ ၅ ရက်တွင် လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေပုဒ်မ-၂၄/၃၁ အရ တရားခံ မြင့်ကြိုင်အား ထောင်ဒဏ်တစ်သက်၊ တရားခံ ခိုင်ဘွားအောင်(ခ)ခိုင်ဘွား၊ မဇင်မာဦး(ခ)မြတ်နိုး၊ သိန်းစိုး(ခ) ဗြားကြီး၊ ဒေါ်ကြူကြူဝင်း၊ ဦးအောင်မောင်းစိန်တို့ ငါးဦးကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၂၄ အရ ထောင်ဒဏ် ၁၂ နှစ်စီ ကျခံစေရန်နှင့် သက်ဦးမောင်နှင့် မသူဇာတို့အား ကျင့်-၈၇/၈၈ အတည်ပြုအမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက် နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဆံတော်ရှင်ရပ်ကွက်နေ ဒေါ်မိုးမိုးက သမီးဖြစ်သူ မ----(၁၅ နှစ်)နှင့် မ----(၁၅ နှစ်) တို့နှစ်ဦးအား ဟင်းဝယ်ခိုင်းရာမှ ပြန်မလာဘဲပျောက်ဆုံးခဲ့ရာ မိခင်များက ပြည်မြို့မရဲစခန်းသို့ လူပျောက်တိုင်တန်းခဲ့ပြီး စုံစမ်းဆောင်ရွက်နေစဉ် ဒီဇင်ဘာ ၃ ရက် ည ၈ နာရီတွင် ပျောက်ဆုံးနေသူ မ----မှာ နေအိမ်သို့ ပြန်လည်ရောက်ရှိလာသဖြင့် အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ပဲခူး) မှ တပ်ဖွဲ့ဝင်များက တွေ့ဆုံမေးမြန်းခဲ့သည်။

မေးမြန်းချက်များအရ မြင့်ကြိုင်နှင့် ခိုင်ဘွားအောင်(ခ) ခိုင်ဘွားတို့က မ---- တို့နှစ်ဦးအား ကျပန်းအလုပ်လုပ်သည်မှာ မကောင်းကြောင်း၊ ချောက်မြို့ရှိ အဒေါ်ဖြစ်သူ၏စားသောက်ဆိုင်တွင် စားပွဲထိုးအလုပ်လုပ်ပါက လခပိုရမည်ဟုစည်းရုံးခေါ်ဆောင်သဖြင့် မြင့်ကြိုင်နေအိမ်သို့ လိုက်ပါလာပြီး မှန်လုံကားဖြင့် ချောက်မြို့သို့ထွက်ခွာခဲ့ကြောင်း၊ ချောက်မြို့လမ်းဆုံ၌ မြတ်နိုးဆိုသူကစောင့်ကြိုပြီး ၎င်းနေအိမ်သို့ခေါ်သွားကြောင်း၊ နောက်တစ်နေ့တွင် မြတ်နိုးတို့ဇနီးမောင်နှံက အလုပြင်ဆိုင်ခေါ်သွားပြီး အလုပြင်ခိုင်းကြောင်း၊ ၎င်းတို့ စေခိုင်းချက်အရ ကြောက်ရွံ့သဖြင့် ပြည့်တန်ဆာလုပ်ငန်းကို မလုပ်ချင်ဘဲ လုပ်ခဲ့ရကြောင်း၊ ထမင်းချက်ဇနီးမောင်နှံ (အမည်မသိ) ထိန်းကွပ်မှုအောက်၌ ပြည့်တန်ဆာအလုပ် လုပ်ခဲ့ရကြောင်း၊ မ----နှစ်ဦးတို့အား မြင့်ကြိုင်နှင့် ခိုင်ဘွားအောင်(ခ) ခိုင်ဘွားတို့က တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀၀ ဖြင့် ရောင်းစားခဲ့သည်ဟု ထမင်းချက်အမျိုးသမီး၏ပြောပြချက်အရ သိရှိခဲ့ရကြောင်း၊ မ---- မှာ ဆိတ်ခြံရှိ ဇနီးမောင်နှံက နေအိမ်သို့ ခေတ္တပြန်ခိုင်းရာမှ ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်ကို တွေ့ဆုံမေးမြန်းသိရှိရသည်။

သို့ဖြစ်၍ စားသောက်ဆိုင်တွင် အလုပ်လုပ်ရမည်ဟု လိမ်လည်ခေါ်ဆောင်၍ ပြည့်တန်ဆာလုပ်ငန်းတွင် ရောင်းချခဲ့ကြောင်း စိစစ်တွေ့ရှိသဖြင့် ပြည်မြို့မရဲစခန်းက (ပ) ၉၈၆/၁၅၊ လူကုန်ကူးတားပုဒ်မ-၂၄ ဖြင့် အရေးယူအမှုဖွင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ရေသယ်ဘောက်ဆာယာဉ်တိမ်းမှောက်၍ တစ်ဦးသေဆုံး

**တနင်္သာရီ ဒီဇင်ဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် သိန်ခွန်းကျေးရွာအုပ်စု ချောင်းနှစ်ပေါက်ကျေးရွာအနီး ရေဘောက်ဆာယာဉ်တစ်စီး ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ (GGE) လမ်းဖောက်လုပ်ရေးကုမ္ပဏီရုံးခွဲ သိန်ခွန်းရွာနေသူ ယာဉ်မောင်း ကျော်မင်းဦး၊ ယာဉ်နောက်လိုက် နေလင်း(၂၀ နှစ်)နှင့် အောင်ဆန်းဦး (၁၈ နှစ်) တို့ လိုက်ပါလျက် မောင်းနှင်လာစဉ် မိုင်တိုင်အမှတ်(၁၈/၆) အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ရေမြောင်းထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းတွင် ဒဏ်ရာ (မစိုးရိမ်ရ)၊ ယာဉ်နောက်လိုက်မှာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင် မောင်းနှင်သူ ယာဉ်မောင်း ကျော်မင်းဦးကို တနင်္သာရီမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**သတင်းနှင့်ဓာတ်ပုံ- နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# စိတ်ကြွရူးသွပ်ဆေးပြား၊ မှတ်ပုံတင်ထားခြင်းမရှိသည့် အိမ်သုံးဆေးဝါးများနှင့် နိုင်ငံခြားအရက်များဖမ်းမိ

**သထုံ ဒီဇင်ဘာ ၂၁**

မွန်ပြည်နယ် သထုံမြို့နယ် ဒူးရင်းဆိပ် ကျေးရွာအုပ်စု နမော်ဦးကျေးရွာ ဘားအံ-သထုံ ကားလမ်းပေါ်တွင် ဒီဇင်ဘာ ၂၀ ရက် နံနက်က သထုံခရိုင် မူခင်းနှိမ်နင်းရေးဌာနမှ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့တို့က သတင်းအရ စောင့်ဆိုင်းနေစဉ် ယာဉ်မောင်းထံမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ယာဉ်ပေါ်တွင် မှတ်ပုံတင်ထားခြင်းမရှိသည့် အိမ်သုံး ဆေးဝါးများနှင့် နိုင်ငံခြားအရက်ပါကင်များကိုပါ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သထုံခရိုင် မူခင်းနှိမ်နင်းရေးဌာနမှ ရဲအုပ်အောင်သူနှင့်အဖွဲ့သည် ဘားအံဘက်မှ သထုံဘက်သို့ ယာဉ်မောင်း အောင်မျိုးဦး မောင်းနှင်ပြီး ယာဉ်နောက်လိုက် အောင်ကျော်ကျော်လိုက်ပါလာသည့် ယာဉ်အမှတ် 9B/---- မှန်လုံယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်းထံမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားရှစ်ပြား၊ ယာဉ်ပေါ်မှ တရားမဝင် တင်သွင်းလာသည့် တစ်ဖာလျှင် ၁၂ လုံးပါသည့် DUNFIFE တံဆိပ်ပါ နိုင်ငံခြားအရက်ဖာ ၉၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၉၈၂၈၀၀၀ နှင့် မှတ်ပုံတင်ထားခြင်းမရှိသည့် အိမ်သုံးဆေးဝါးအမျိုးအစား ၂၃ မျိုး ကာလတန်ဖိုးငွေကျပ် ၂၃၈၄၄၈၀၀ စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၃၃၇၁၂၈၀၀ တို့အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ အောင်မျိုးဦးနှင့် အောင်ကျော်ကျော်တို့နှစ်ဦးကို သုဓမ္မဝတီနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **သက်ဦး(သထုံ)**

# ဒလမြို့နယ်၌ ရေနွေးအိုးတည်ထားရာမှ မီးလောင်မှုဖြစ်ပွား

**ဒလ ဒီဇင်ဘာ ၂၁**

ဒလမြို့နယ် မြို့မ(၃)ရပ်ကွက်၌ ဒီဇင်ဘာ ၂၁ ရက်မွန်းလွဲ ၂ နာရီခန့်က လျှပ်စစ်ရေနွေးအိုးတည်ထားရာမှ အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒလမြို့နယ် မြို့မ(၃)ရပ်ကွက် ရွာသာကန်ဘောင်လမ်းအမှတ်(၁၁၆၅) နေ ဦးကျော်ဇောလွင်(၅၄ နှစ်) သည် ရေနွေးအိုးတည်ထားစဉ်က မီးပျက်နေသော်လည်း ရေနွေးအိုးတည်ထားပြီး ပလပ်ထိုးကာ အပြင်သို့ထွက်သွားစဉ် လျှပ်စစ်မီးပြန်လာချိန်၌ အပူလွန်ကဲ၍ မီးလောင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါမီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက မီးသတ်ယာဉ်နှစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၂ နာရီ ၈ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ အိမ်ပိုင်ရှင်ကို ဒလမြို့နယ် မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **မောင်ယဉ်ဦး(ဒလ)**

# အမျိုးသမီးများပါဝင်သည့် ဖဲဝိုင်း လှိုင်သာယာ၌ ဖမ်းဆီး

**ရန်ကုန် ဒီဇင်ဘာ ၂၁**

လှိုင်သာယာမြို့နယ်အတွင်း လောင်းကစားဝိုင်းများကို မြို့မရဲစခန်းနှင့် သောင်ကြီးရဲစခန်းတို့က သတင်းရယူဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက် ညနေ ၅ နာရီက အမှတ်(၁၂)ရပ်ကွက် ရွှေဝါထွန်း(၇)လမ်းရှိ အိမ်တစ်အိမ်၌ အိမ်ရှင်နှင့်အတူ ဖဲဝိုင်းလောင်းကစား ပြုလုပ်နေသူ ရှစ်ဦးကို သောင်ကြီးရဲစခန်းအပိုင် ဒုရဲအုပ်ဇော်ဇော်ဦး ခေါင်းဆောင်သောအဖွဲ့က ရပ်မိရပ်ဖများနှင့် ဝင်ရောက်ဖမ်းဆီးခဲ့ရာ လောင်းကစားငွေကျပ် ခုနစ်သိန်းကျော်နှင့်အတူ ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

"ဖမ်းဆီးတဲ့နေ့ပဲ အမှုဖွင့်ထားတယ်။ ခိုင်လုံတဲ့သတင်းရရင်ဖမ်းမှာပါ။တဖြည်းဖြည်းနဲ့ လောင်းကစားမှု ပပျောက်အောင်လုပ်သွားမှာပါ။ ရာဇဝတ်မှုဆိုတာကလည်း ဒီပေါ်မှာ အခြေခံတာတွေရှိတယ်။ သတင်းရပြီးဖမ်းလို့မရရင် စောင့်ကြည့်ရတာလည်းရှိတယ်။ ပြည်သူကလည်း သတင်းပေးဖို့လိုတယ်"ဟု သောင်ကြီးစခန်းမှူး ရဲအုပ်ချစ်ကိုကိုက ပြောသည်။

အမှတ်(၁၂) ရပ်ကွက် ရွှေဝါထွန်း(၇)လမ်းရှိ အိမ်ရှင် မမိုးမိုး(ခ)မခင်မို့ဇော်(၃၀ နှစ်)၏ နေအိမ်အပေါ်ထပ်၌ ဖဲလောင်းကစားပြုလုပ်နေစဉ် မဝင်းမာထွန်း(၁၉ နှစ်) ထံမှ လောင်းကြေးငွေကျပ် တစ်သိန်း၊ မဝင်းဝင်းသော်(၃၆ နှစ်)ထံမှ လောင်းကြေးငွေကျပ် သုံးသိန်း၊ မမေမီကျော်(၂၄ နှစ်) ထံမှ လောင်းကြေးငွေကျပ် သုံးသောင်း၊ ရဲမင်းစိုး(၃၃ နှစ်) ထံမှ လောင်းကြေးငွေကျပ် တစ်သိန်းနှစ်သောင်း၊ ဇာနည် (၂၁ နှစ်) ထံမှ လောင်းကြေးငွေကျပ် ခုနစ်သောင်း၊ ဝင်းစိုးထွန်း (၃၀ နှစ်) ထံမှ လောင်းကြေးငွေကျပ် ငါးသောင်း၊ မမိုးမိုး(ခ)ခင်မို့မို့ဇော် (၃၀ နှစ်)၊ မခင်မျိုးထိုက် (၃၆ နှစ်) တို့နှင့်အတူ ဖဲဝိုင်းအလယ်မှ ငွေကျပ် ၃၃၂၅၀ နှင့် ဖဲချပ် ၅၂ ချပ်ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ လောင်းကစားမှုအား သောင်ကြီးစခန်းမှူးက အမှုဖွင့်အရေးယူထားပြီး တရားရုံးစွဲတင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ လောင်းကစားမှုတွင် ပါဝင်သော မဝင်းဝင်းသော် (၃၆ နှစ်) မှာ လှိုင်သာယာမြို့နယ် တရားရုံးတွင် အမှုရင်ဆိုင်နေရသူလည်းဖြစ်ကြောင်း သိရသည်။

**(၁၆၄)**




## အများသိစေရန်ကြေညာခြင်း

ဦးကျော်လင်း ၁၂/တမန(နိုင်)၀၉၉၁၇၄ အမှတ်(၄)၁၉၊ ကရပ်ကွက်၊ တောင်ဒဂုံတွင်းနေထိုင်သောသူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်လင်းနှင့် မစပါယ်ဖြူလွင် ၁၂/ဒဂတ(နိုင်)၀၁၀၇၄၀ တို့သည် ၁၂-၅-၂၀၁၆ ရက်တွင် စမ်းချောင်းမြို့နယ်တရားရုံးတွင် လက်ထပ်ခဲ့ပြီး သမီးတစ်ယောက် ထွန်းကားခဲ့ပါသည်။ ၉-၁၂-၂၀၁၆ ရက်တွင် ကျွန်တော်၏ဇနီး မစပါယ်ဖြူလွင်ကို မိခင်နှင့်အစ်မဖြစ်သူတို့က ကျွန်တော်၏ဇနီးအား ၎င်းတို့အိမ်သို့ခေါ်သွားရာ ယနေ့တိုင် ပြန်လည်ရောက်ရှိခြင်းမရှိပါ။ ယနေ့ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ဇနီးဖြစ်သူအား ပြန်လည်ပို့ဆောင်ပေးရန်ဖြစ်ပြီး လက်ခံထားသူတို့အား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-** **လွှဲအပ်ခြင်းကိုလက်ခံသူ**
**ဦးကျော်လင်း** **ဒေါ်နှင်းဆုအောင်** **ဒေါ်သီတာခင်လတ်**
**၁၂/တမန(နိုင်)၀၉၉၁၇၄** **အထက်တန်းရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၄/၁၉/ကရပ်ကွက်၊**
**တောင်ဒဂုံ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်တွင် နေထိုင်သော ဒေါ်တင်သူဇာ ၁၂/မဂတ(နိုင်)၀၅၆၅၀၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ လမ်း(၄၀)အထက်၊ အမှတ် ၂၆၈ဝဲဘက်၊ ၁၂ပေ×၄၀ပေ အကျယ်တိုက်ခန်းနှင့် ဖုန်း-၀၁-၂၄၉၃၅နှင့် ဒေါ်တင်သူဇာပိုင်ဆိုင်သော အင်းဝအပ်ချုပ်ဆိုင်အမည်နှင့် လိုင်စင်အပါအဝင် ရွှေ့ပြောင်းနိုင်သော၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းအားလုံး အကျိုးခံစားခွင့်အဝဝတို့ကို ဒေါ်တင်သူဇာ၏ ခွင့်ပြုချက်သဘောတူညီချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်းနှံခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်းတို့ကို မပြုလုပ်ရန် ကြေညာခြင်းဖြစ်ပါသည်။ ပြုလုပ်ခဲ့လျှင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ -** **လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်တင်သူဇာ** **ဒေါ်သီတာခင်လတ်**
**၁၂/မဂတ(နိုင်)၀၅၆၅၀၁** **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၆၅)**
**အမှတ် ၁၆၁၊ ကျိုက္ကဆံလမ်း၊**
**နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၅၄၃၈၁၈၂၇၊ ၀၉-၃၁၀၂၂၈၈၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ သတိပဋ္ဌာန်လမ်း၊ အမှတ် (၂၀)၊ ပထမထပ် (ခြေရင်း) တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းပြောဆိုသူ ဒေါ်မြင့်မြင့်ဌေး ၉/မနတ(နိုင်)၀၇၈၀၇၅ ထံမှ ဝယ်ယူရန်အတွက် ဦးအောင်တင် ၁၁/မပန(နိုင်)၀၀၁၈၇၃က စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့်တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ ၁၀ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဖြူမြတ်သွယ်** **ဒေါ်ရတနာချစ်**
**LL.B, LL.M, MA(H.R)** **(LL.B, LL.M)**
**အထက်တန်းရှေ့နေ စဉ်-၂၇၄၁၃** **အထက်တန်းရှေ့နေ စဉ်-၃၁၈၂၁**
**ဖုန်း-၀၉-၄၃၀၂၃၈၆၂** **ဖုန်း-၀၉-၄၃၀၈၂၀၉၁**
**အမှတ်-၃၊ တတိယထပ်၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/1749၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2D/4427 Toyota Alphard MNH 15, Micro Bus (4x4) ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းအောင် ၁၂/ဒလန(နိုင်)၀၃၄၀၃၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# အာရှယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ ဒုတိယပွဲအဖြစ် မြန်မာနှင့်ကာဂျစ္စတန် ယနေ့ကစားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၇ အာရှယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ အုပ်စု(ဂ)ဒုတိယနေ့ပွဲစဉ်များကို ဒီဇင်ဘာ ၂၂ ရက် **(ယနေ့)** တွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ အိမ်ရှင်မြန်မာအသင်းသည် ကာဂျစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဒုတိယနေ့အဖြစ် ညနေ ၃ နာရီတွင် ထိုင်းအသင်းနှင့် ပါလက်စတိုင်းအသင်း၊ ညနေ ၆ နာရီတွင် အိမ်ရှင်မြန်မာနှင့် ကာဂျစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဒီဇင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည့် ပထမနေ့ပွဲစဉ်များတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ နိုင်ပွဲရရှိထားပြီး မြန်မာအသင်းက ပါလက်စတိုင်းအသင်းကို ၁၀ဂိုး-ဂိုးမရှိ၊ ထိုင်းအသင်းက ကာဂျစ္စတန်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းသည် ပထမပွဲတွင် ပါလက်စတိုင်းအသင်းကို ခြေအသာဖြင့် တစ်ဖက်သတ် ဖိကစားနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ဂျူလိုင်ကျော်က ငါးဂိုး၊ နုနုက သုံးဂိုး၊ ရွှေမိုးအောနှင့် သဥ္ဇာချိုက တစ်ဂိုးစီသွင်းယူခဲ့သည်။

ခြေစစ်ပွဲအုပ်စု (ဂ)တွင် ပါဝင်သော အသင်းများအနက် ကာဂျစ္စတန်နှင့် ပါလက်စတိုင်းအသင်းတို့၏ အနေအထားမှာ မြန်မာနှင့် ထိုင်းအသင်းကို ယှဉ်ကစားနိုင်ရန်မလွယ်ရာ ယနေ့ပွဲတွင်လည်း မြန်မာနှင့် ထိုင်းအသင်းသာ ဆက်လက်အနိုင်ရသွားဖွယ်ရှိနေသည်။

ခြေစစ်ပွဲတွင် အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးတစ်သင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ရာ မြန်မာနှင့်ထိုင်းအသင်းတို့ အပြိုင်လုရမည်ဖြစ်ပြီး နောက်ဆုံးပွဲမှသာ အဖြေပေါ်မည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**



အာရှယူ-၁၉ ခြေစစ်ပွဲယှဉ်ပြိုင်နေသည့် မြန်မာအမျိုးသမီးအသင်း

## စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၃ ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံ) တတိယဆုရ သိပ္ပံစာရေးဆရာ ကိုကိုအောင်၏ "နျူကလီးယားစွမ်းအင်၊ သဘာဝပတ်ဝန်းကျင်နှင့် ဓာတ်ရောင်ခြည်အန္တရာယ်" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။


ယင်းစာအုပ်တွင် နျူကလီးယားစွမ်းအင်သုံး၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းဖြင့် အကျိုးသက်ရောက်မှုများစွာရရှိလာသော်လည်း လူတို့ကျန်းမာရေးပြဿနာများနှင့်အတူ သဘာဝပတ်ဝန်းကျင်အတွက် ဆိုးကျိုးများဖြစ်ပေါ်စေကာ ယင်း၏ ဓာတ်ရောင်ခြည်အန္တရာယ်က ကမ္ဘာလောကနှင့် လူသားအားလုံးအတွက် ကြီးမားသော ဘေးဒုက္ခရောက်စေနိုင်ကြောင်းကို ရေးသားထားသည့်အပြင် ဖြေရှင်းနိုင်မည့် နည်းလမ်းများကိုပါ ပြည့်စုံအောင် ရေးသားထားသည်။

သိပ္ပံနှင့်နည်းပညာဝေါဟာရများ၊ ရှင်းလင်းချက်များကို စာဖတ်သူများအတွက် အလွယ်တကူ နားလည်နိုင်အောင် ကျမ်းကိုးများနှင့် ညှိနှိုင်းကိုးကားရေးသားထားသဖြင့် နျူကလီးယားဆိုင်ရာအကြောင်း အချက်အလက်များကို သုတေသီများနှင့် စာဖတ်သူများ ဆက်လက် လေ့လာနိုင်ရန် အခွင့်အလမ်းများစွာရစေသည့် စာအုပ်ဟုလည်း ဆိုနိုင်သည်။

ထို့ကြောင့် ဤစာအုပ်သည် အနာဂတ် ကမ္ဘာလောကကြီးကို ပိုင်စိုးတော့မည့် လူငယ်လူရွယ်များ၊ သိပ္ပံသုတေသီများသာမက သာမန်စာဖတ်သူများကိုပင် အခြေခံဗဟုသုတအမြင်ရရှိရန် များစွာ အထောက်အကူပြုမည့်စာအုပ်ဖြစ်သည်။

အဆိုပါ စာအုပ်ကို ရောင်းဈေး ငွေကျပ် ၁၂၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း- ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈၊ အမှတ် (တ-၅၅) သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇-၄၁၄၆၈၁၊ ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း-၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**





## ၂၀၁၆-၂၀၁၇ ပညာသင်နှစ် အားကစားပညာဘာသာရပ် ကျောင်းသား ကျောင်းသူများအား ကြိုဆို

**မန္တလေး ဒီဇင်ဘာ ၂၁**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် အားကစားပညာဘာသာရပ် ပထမနှစ်မှ စတုတ္ထနှစ်အထိ ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအား ကြိုဆိုပွဲအခမ်းအနားကို အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) သုံးထပ်ဆောင်ခန်းမ၌ ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီက အဆိုပါကျောင်းရှိ သုံးထပ်ဆောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်၊ ရတနာပုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအေးကျော်၊ ဒုတိယပါမောက္ခချုပ်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) ဒုတိယကျောင်းအုပ်ကြီးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ အားကစားမှူးများ၊ အားကစားပညာဘာသာရပ် ပထမနှစ်မှ စတုတ္ထနှစ်သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြပြီး ရှေးဦးစွာ ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူးနှင့် ရတနာပုံတက္ကသိုလ်ပါမောက္ခချုပ်တို့က ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ရတနာပုံတက္ကသိုလ် အားကစားပညာဘာသာရပ် ပထမနှစ်မှ စတုတ္ထနှစ်အထိ တက်ရောက်ကြမည့် အား/ကာသိပ္ပံ(မန္တလေး)မှ ကျောင်းသား ကျောင်းသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ရတနာပုံတက္ကသိုလ် အရှေ့တိုင်းပညာဌာန ဌာနမှူး ပါမောက္ခ ဒေါက်တာဒေါ်ထွေးရီက အမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ပါမောက္ခတို့အား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ကြေညာချက်

"မြန်မာ့ဒီမိုကရေစီ ရုပ်ရှင်ရက်သတ္တပတ်"ကို ၂၀၁၇ခုနှစ်၊ စက်တင်ဘာ ၁၅ရက်၌ ကျရောက်သော ကမ္ဘာ့ဒီမိုကရေစီနေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ သို့ပါ၍ အောက်ဖော်ပြပါ ဒီမိုကရေစီအနှစ်သာရ ဖော်ဆောင်နိုင်သော အနုပညာရသမြောက်သည့် ရုပ်ရှင်ဇာတ်ကားများကို ပြန်ကြားရေးဝန်ကြီးဌာနမှ စီစဉ်ရိုက်ကူးထုတ်လုပ်နိုင်ရန်အတွက် ရုပ်ရှင်လောကသား များမှ စိတ်ပါဝင်စားသူ မည်သူမဆို ရုပ်ရှင်ဇာတ်လမ်းများအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ၄-၁-၂၀၁၇(လွတ်လပ်ရေးနေ့)တွင် နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ရုပ်ရှင်ရိုက်ကူးရန် ရွေးချယ်ခြင်းခံရသော ဇာတ်လမ်းများအတွက် ဉာဏ်ပူဇော်ခကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ပါသည်။

**မှတ်ချက်။** ။ အနည်းဆုံးလျှောက်လွှာစာရွက်(၅)မျက်နှာမှ(၁၀)မျက်နှာ ထက်မပိုဘဲ ရေးသားပေးပို့ပါရန်နှင့် စာရေးသူ၏မူပိုင်ဖြစ်ကြောင်း ခံဝန်ကတိပါရှိရပါမည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

Why democracy ?

1. Avoiding Tyranny
2. Essential Rights
3. General freedom
4. Self determination
5. Moral autonomy
6. Human development
7. Protecting essential personal interests
8. Political equality

In addition,modern democracies produce:

9. Peace-seeking
10. Prosperity

ဆရာအာသာ ၏သင်ကြားမှု(၂၅)နှစ်ပြည့်(1991-2016)အထိမ်းအမှတ် အထူးအစီအစဉ်
SUCCESS Language Academy
ကျောင်းသားသစ် (15% Discount) နှင့်
ကျောင်းသားဟောင်း (ပုံမှန် Discount + 15%)
(မြို့လယ်ကျောင်း)
အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 392048,256954,202046
BASIC ENGLISH SPEAKING
1 - 2:30 (Mon ~ Thurs) 2 Jan
1 - 4:00 (Sat + Sun) 8 Jan
7:30 - 9 (Mon ~ Thurs) 9 Jan
9 - 12:00 (Sat + Sun) 21 Jan
BASIC FOUR SKILLS ENGLISH
1 - 4:00 (Sat + Sun) 24 Dec
1 - 2:30 (Mon ~ Thurs) 26 Dec
12 - 3:00 (Sat + Sun) 31 Dec
7:30-10:30 (Sat + Sun) 14 Jan
7:30 - 9 (Mon ~ Thurs) 16 Jan
10-11:30 (Mon ~ Thurs) 16 Jan
1 - 2:30 (Mon ~ Thurs) 16 Jan
PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon ~ Thurs) 19 Dec
9 - 12:00 (Sat + Sun) 24 Dec
7:30 - 9 (Mon ~ Thurs) 26 Dec
INTERMEDIATE (ACADEMIC ENGLISH)
10-11:30 (Mon ~ Thurs) 19 Dec
9:30-12:30 (Sat + Sun) 31 Dec
3:30 - 5 (Mon ~ Thurs) 9 Jan
BASIC WRITING
9 - 12:00 (Sat + Sun) 14 Jan
VOCAB ENRICHMENT
7:30 - 9 (Mon ~ Thurs) 19 Dec
9 - 12:00 (Sat + Sun) 31 Dec
3:30 - 5 (Mon ~ Thurs) 2 Jan
BASIC GRAMMAR
10-11:30 (Mon ~ Thurs) 19 Dec
1 - 2:30 (Mon ~ Thurs) 9 Jan
လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းချိုလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယှဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232
BASIC ENGLISH SPEAKING
1- 2:30 (Mon~Thurs) 26 Dec
6 - 7:30 (Mon~Thurs) 9 Jan
12 - 3:00 (Sat + Sun) 15 Jan
10-11:30 (Mon~Thurs) 16 Jan
BASIC FOUR SKILLS ENGLISH
10-11:30 (Mon~Thurs) 2 Jan
4:30-7:30 (Sat + Sun) 7 Jan
1 - 2:30 (Mon~Thurs) 9 Jan
6 - 7:30 (Mon~Thurs) 9 Jan
12:30-3:30 (Sat + Sun) 14 Jan
IELTS (Preparation)
7:30-9:30 (Mon~Thurs) 23 Jan
IELTS (Speaking + Vocab)
7:30 - 9 (Mon~Thurs) 23 Jan
IELTS (Reading + Vocab)
10-12:00 (Mon~Thurs) 19 Dec
BASIC GRAMMAR
1 - 2:30 (Mon~Thurs) 9 Jan
7:30-10:30 (Sat + Sun) 29 Jan
PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon~Thurs) 9 Jan
3:30 - 5 (Mon~Thurs) 16 Jan
12 - 3:00 (Sat + Sun) 28 Jan
INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon~Thurs) 16 Jan
IELTS (Preparation)
4:30-7:30 (Sat + Sun) 7 Jan
IELTS (Writing+Grammar)
12:30-3:30 (Sat + Sun) 28 Jan
IELTS (Grammar + Vocab)
10-11:30 (Mon~Thurs) 26 Dec
IELTS (Writing+Grammar)
7:30 - 9 (Mon~Thurs) 23 Jan

**တစ်ဦးတည်း ဖြစ်ပါကြောင်း**
မိတ္ထီလာမြို့၊ ရထပ(၁)နေ ဦးဌေးအောင်ဝင်း ၉/မထလ(နိုင်)၂၄၂၂၇၀၏သား မောင်သောင်းနိုင်ဦး(ခ)မောင်မင်းသူနိုင်မှာ တစ်ဦးတည်းဖြစ်ပါသည်။

**တန့်ကွက်နိုင်ကြောင်းကြော်ငြာ**
ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၈၅၀)ဟုခေါ်တွင်သော မြေအလျားxအနံ (၄၀x၆၀)ပေ အကျယ်အဝန်းရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အေးအေးမြင့် (၇/အုန(နိုင်)၁၁၅၈၉၂)ထံမှ စာချုပ်စာတမ်း အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးထွန်း (၁၂/ခရန(နိုင်)၁၈၅၄၁၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခု ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြော်ငြာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဝါဝါနိုင် စဥ-၃ရ၁၁၈ LL.B, D.B.L, D.I.L (အထက်တန်းရှေ့နေ)
အမှတ်(၁၁၃၀)၊(၁၅)လမ်း၊(၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၀၁၀၇၇၁၉

COASTAL BEAUTY TRAVELS & TOURS
မြိတ်ကျွန်းစုဒေသအပန်းဖြေခရီးစဉ် (၆ရက်)
ထားဝယ် မောင်းမကန်ကမ်းခြေ - ငုက်သိုက်ကျွန်း - လေးကျွန်း - သမီးလှကျွန်း - ပိန္နဲကျွန်း - လိပ်ဥသောင်ကမ်းခြေ (295,000 ကျပ်)
ခရီးစဉ်ထွက်ခွာမည့်ရက် - 24 Dec နှင့် 27 Jan
09-5505201, 09-979809536,09-798185113,01-2302031

**SK AUTO**
ကားဝါယာရိန်းသင်တန်း
ကွဲဆည်ကန်၊ မန္တလေး
ဖုန်း-၀၉-၄၄၈၉၈၂၇၆၂

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 6B/3879 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 7B/7700 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 8D/2883 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

# ယခုနှစ် ခုနစ်လတာအတွင်း ဓာတ်လိုက်မှု ၈၅ ကြိမ်ဖြစ်ပွားပြီး သေဆုံးသူဦးရေ ၇၈ ဦးရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် ၂၀၁၆ခုနှစ် ဧပြီလမှအောက်တိုဘာလအထိ ခုနစ်လတာအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဓာတ်လိုက်မှုဖြစ်စဉ် ၈၅ ကြိမ်ဖြစ်ပွားခဲ့သည့်အနက် သေဆုံးသူဦးရေမှာ ၇၈ ဦးရှိပြီး ဒဏ်ရာရရှိသူ ၃၄ ဦးရှိကြောင်း သိရသည်။

ဓာတ်လိုက်မှုအန္တရာယ်ဖြစ်ပွားရခြင်းမှာ အဓိကအားဖြင့် လျှပ်စစ်ပစ္စည်းများ အရည်အသွေးမပြည့်မီခြင်း၊ ဝိုင်ယာကြိုးသွယ်တန်းမှု၊ လျှပ်စစ်ပစ္စည်းတပ်ဆင်မှု မပြည့်စုံခြင်း၊ စနစ်မကျခြင်း၊ သက်တမ်းလွန်ပစ္စည်းများအသုံးပြုခြင်း၊ အိမ်တွင်း လျှပ်စစ်ပစ္စည်းများကို ခံနိုင်ရည်ထက်ပိုသုံးခြင်း၊ လျှပ်စစ်ပစ္စည်းများကို ပေါ့ဆစွာ အသုံးပြုခြင်း၊ တရားမဝင်ဓာတ်အားသုံးစွဲခြင်းနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာဗဟုသုတနည်းပါးခြင်းတို့ကြောင့်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဓာတ်လိုက်မှုဖြစ်စဉ်တွေရဲ့ ၇၀ ရာခိုင်နှုန်းဟာ လျှပ်စစ်ဆိုင်ရာလိုက်နာဆောင်ရွက်ရမယ့် အသိပညာအားနည်းချက်ကြောင့် ဖြစ်တာကို တွေ့ရပါတယ်။ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက်လည်း ပြည်သူလူထုကို စဉ်ဆက်မပြတ် အသိပညာပေးဟောပြောပွဲတွေ၊ လက်ကမ်းစာစောင်ဖြန့်ဝေမှုတွေ၊ မြေစိုက်ပိုစတာစိုက်ထူတာတွေအပြင် ရုပ်သံမီဒီယာတွေမှာလည်း အသိပညာပေးတာတွေ ပြုလုပ်နေပါတယ်။ ဒါတွေအပြင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နဲ့ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတွေကလည်း ကျေးရွာတွေအထိ ကွင်းဆင်းပြီး လျှပ်စစ်အန္တရာယ်နဲ့ ပတ်သက်တဲ့ အသိပညာပေးအစီအစဉ်တွေ ဆောင်ရွက်နေပါတယ်" ဟု ၎င်းက ပြောသည်။

ဓာတ်လိုက်မှုများကို စိစစ်ရာတွင် တည်ဆောက်ရေးလုပ်ငန်းများနှင့် နေအိမ်များအတွင်း၌ လျှပ်စစ်ဆိုင်ရာ အသိပညာအားနည်းချက်ကြောင့် တည်ဆောက်ရေးပစ္စည်းများ နည်းစနစ်တကျ မကိုင်တွယ်ခြင်းနှင့် ရေမော်တာ၊ မီးပလပ်စသည့် လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ စနစ်တကျ ကိုင်တွယ်လုပ်ဆောင်ခြင်း မရှိသဖြင့် ဖြစ်ပွားသော ဓာတ်လိုက်မှုပေါင်းမှာ ၅၈ ကြိမ်ရှိကြောင်း၊ အိမ်သို့သွယ်တန်းသော ဆားဗစ်ဝိုင်ယာကြိုးဆွေးမြည့်ပေါက်ပြဲခြင်းတို့ကြောင့် ၁၀ ကြိမ်၊ ဓာတ်အားလိုင်းကြိုးပြုတ်ကျခြင်းကြောင့် ရှစ်ကြိမ်နှင့် အခြားအကြောင်းများကြောင့် ကိုးကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း ပြည်သူလူထုနှင့် ထိတွေ့ရာတွင် အတတ်နိုင်ဆုံး လျှပ်စစ်ဝန်ဆောင်မှုများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လျှပ်စစ်ရုံးများ၌ Call Center များ ထားရှိကြောင်း အဆိုပါ Call Center များသို့ ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်များကိုလည်း သတင်းစာများ၊ စာစောင်များ၊ မီတာတောင်းခံလွှာများတွင် ထည့်သွင်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ၂၄ နာရီအချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် တည့်မတ်ခြင်းမရှိတော့သည့် ဓာတ်အားလိုင်းတိုင်ပေါင်း ၁၉၃၆ တိုင်အား ပြန်လည်တည့်မတ်ခြင်းလုပ်ငန်းများကို (၇/၂၀၁၆)မှ (၁၁/၂၀၁၆)အထိ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ဟောင်းနွမ်းဆွေးမြည့်ပေါက်ပြဲနေသည့် သက်တမ်းလွန်ဆားဗစ်ဝိုင်ယာကြိုးများ လဲလှယ်ခြင်းကို မီးသုံးစွဲသူများထံသို့ အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်အန္တရာယ်ဖြစ်ပွားမှုများ လျော့ကျသွားစေရန်နှင့် ဓာတ်အားလိုင်းပြတ်ကျမှု မဖြစ်ပေါ်စေရန်အတွက် ဟောင်းနွမ်းဆွေးမြည့်ဓာတ်အားလိုင်းများကို ယခင်သုံးစွဲခဲ့သည့် အကာအကွယ်မပါသော ၄၀၀ ဗို့လိုင်းကြေးကြိုးများကို လျှပ်ကာပါသည့် Insulated ABC ကြိုးများဖြင့်ပါ လဲလှယ်ပြီး အခြားနည်းပညာပိုင်းဆိုင်ရာ ပြုပြင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**



## ဂန့်ဂေါ-ကလေးလမ်းပိုင်းတွင် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်း

**ကလေး ဒီဇင်ဘာ ၂၁**

ကလေးမြို့တွင်း လမ်းဆုံမီးပွိုင့်မှ နတ်ချောင်းသို့သွားသည့် ဘုရင့်နောင်လမ်းမကြီး၏ ဂန့်ဂေါ-ကလေးလမ်းပိုင်းတွင် လမ်းအရှည် သုံးမိုင်ကို ပြည်သူများ သွားလာရေးပိုမို အဆင်ပြေချောမွေ့စေရန်အတွက် နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်း၍ အဆင့်မြှင့်တင်လျက်ရှိကြောင်း သိရသည်။

လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၉၀၀ အကုန်အကျခံ၍ ဒီဇင်ဘာ ၁၅ ရက်မှ စတင်ကာ ဆောက်လုပ်ရေးဝန်ကြီးဌာန ခရိုင်လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးနိုင်ရေးအတွက် မြို့နယ်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကျော်ဦးက အနီးကပ်ကြီးကြပ်၍ လမ်းဦးစီးဌာနမှ အင်ဂျင်နီယာများက တာဝန်ယူကာ နေ့ရောညပါ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြကြောင်း သိရသည်။

**ချင်းတွင်းသား**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**အုတ်ဖို ဒီဇင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် အိုးသည်ကုန်းမြို့လျှပ်စစ်မှူးရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းတွင် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့နယ်လျှပ်စစ်မှူး ဦးအောင်အောင်နှင့်အဖွဲ့ ဒီဇင်ဘာလဒုတိယပတ်က မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ အသိပညာပေး ဟောပြောပွဲပြုလုပ်ခဲ့သည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသူများအား လျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်ရာ အချက်များပါဝင်သည့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **မြင့်နိုင်**

# ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ပဲခူးအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး



**ပဲခူး ဒီဇင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေသည် တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးမြင့်ဆန်း၊ ခရိုင်တရားသူကြီး ဒေါ်ခင်မာဆွေ၊ မြို့နယ် တရားသူကြီး ဦးကျော်သင်းတို့နှင့် ဒီဇင်ဘာ ၂၀ ရက်က ပဲခူးအကျဉ်းထောင်သို့ သွားရောက်စစ်ဆေးခဲ့သည်။

ပဲခူးအကျဉ်းထောင် တာဝန်ခံအရာရှိရုံးခန်း၌ တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်ဦးက ပဲခူးအကျဉ်းထောင် နောက်ခံသမိုင်း၊ လုံခြုံရေးနှင့် စီမံရေးရာကိစ္စများ ဆောင်ရွက်ထားရှိမှု၊ ပြစ်ဒဏ်ကျခံနေရသူများနှင့် စစ်ဆေးဆဲအမှုဖြင့် အချုပ်ခံနေရသူများ၏ အခြေအနေ၊ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေရရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်အဖွဲ့သည် ပြစ်ဒဏ်ကျခံနေရသူများ၏ အဆောင်များ၊ စားဖိုဆောင်တို့အား လှည့်လည်ကြည့်ရှု၍ နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိ/မရှိ၊ ကျန်းမာရေး မကောင်းပါက ဆေးကုသနိုင်ရန် အခွင့်အရေး၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ/မရှိ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေး ခံစားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန့်ဇင် (ပဲခူး)**

## မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာဟောပြော

**ခနုဖြူ ဒီဇင်ဘာ ၂၁**

ခနုဖြူမြို့နယ် ကျုံတနီးကျေးရွာအုပ်စု ကျုံတနီး အထကကျောင်း၌ ဒီဇင်ဘာလ တတိယပတ်က ဒသမတန်း၊ နဝမတန်းနှင့် သတ္တမတန်း ကျောင်းသား ကျောင်းသူများကို စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မြစန်းက ကျောင်းသား ကျောင်းသူများ စားသုံးရန်မသင့်သည့် စားသုံးသူအကာအကွယ်ပြုရေးဆိုင်ရာ အကြောင်းအရာများ ဟောပြောခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်သန္တာထွေးက ကွမ်းစားသုံးခြင်း၊ ဆေးလိပ်၊ အရက်သောက်သုံးခြင်း၏ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဘေးထွက်ဆိုးကျိုးများအကြောင်းကို ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရသည်။ **ခင်သန္တာထွေး( ပြန်/ဆက်)**

## စားသောက်ကုန် လုံခြုံစိတ်ချရမှု သင်တန်းဖွင့်

**လွိုင်ကော် ဒီဇင်ဘာ ၂၁**

စားသောက်ကုန်များ လုံခြုံစိတ်ချရမှုနှင့် သန့်ရှင်းလတ်ဆတ်သော အစားအသောက်များ ပြင်ဆင်နိုင်ရေးသင်တန်းကို ဒီဇင်ဘာ ၁၉ ရက်က ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန သင်တန်းခန်းမ၌ ဖွင့်လှစ်သင်ကြား ပို့ချခဲ့သည်။

အဆိုပါသင်တန်းတွင် လွိုင်ကော်တက္ကသိုလ် ဓာတုဗေဒဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာမောင်မောင်ဦးက အစားအသောက်တွင် ဓာတုဓာတ်ကြွင်းများပါဝင်မှု ဘာသာရပ်ကို လည်းကောင်း၊ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ဇွန်သန္တာဦးက ထုတ်ကုန်လုံခြုံစိတ်ချမှုရှိစေရေးနှင့် ပြင်ဆင်နိုင်ရေး ဘာသာရပ်ကိုလည်းကောင်း၊ ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးခမ်လျန်စွမ်းက သန့်ရှင်းလတ်ဆတ်သော အစားအသောက်များ ပြင်ဆင်ခြင်း ဘာသာရပ်ကိုလည်းကောင်း၊ ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာ စုသီရိနှင်းက အစားအသောက်ကြောင့်ဖြစ်သော ရောဂါများမှ ကာကွယ်ခြင်း ဘာသာရပ် ကိုလည်းကောင်း သင်ကြားပို့ချခဲ့ပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူဦးရေ ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# မူးယစ်ဆေးဝါးကင်းစင်ရေး ပညာပေးဟောပြောပြီး ဘိန်းစာပင်များကို ဖျက်ဆီး

**တနင်္သာရီ ဒီဇင်ဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ရေးအတွက် အသိပညာပေးဟောပြောပွဲကို သကျက်ကျေးရွာအုပ်စု ကျွဲထိန်းကုန်းကျေးရွာ၌ ဒီဇင်ဘာ ၁၈ ရက်က ပြုလုပ်ခဲ့ပြီး ဟောပြောပွဲအပြီးတွင် ကျေးရွာအနီး သဘာဝအလျောက်ပေါက်နေသော ဘိန်းစာပင် အခင်းများကို ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် ပြည်သူများအပါအဝင် အဖွဲ့စုံ ပူးပေါင်း၍ ဖျက်စီးခဲ့ကြကြောင်း သိရသည်။

ကျွဲထိန်းကုန်းကျေးရွာ ဝဏ္ဏမေဓာဝီကျောင်း ဓမ္မာရုံ၌ ကျင်းပသည့် ဟောပြောပွဲတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေမျိုး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါး၏ အန္တရာယ်နှင့် ဆိုးကျိုးများအကြောင်း၊ ပညာပေးဟောပြောသည်။

ထို့နောက် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ဦးဆောင်သော တိုင်းဒေသကြီးနှင့် ခရိုင်ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြိတ်ခရိုင် မူးယစ်ဆေးဝါး



တိုက်ဖျက်ရေးတပ်ဖွဲ့စု(၃၅)မှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ အမှတ်(၅၆၁) နယ်မြေခံခြေမြန်တပ်ရင်းမှ ဒုတပ်ရင်းမှူး ဗိုလ်မှူးမြတ်သူနှင့် တပ်မတော်သားများ၊ KNU ငြိမ်းချမ်းရေးအဖွဲ့မှ ဖဒို ဆေးဟဲနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၄၀၀ ခန့်သည် ကျွဲထိန်းကုန်းရွာအနောက်မြောက်ဘက် သုံးမိုင် ခန့်အကွာရှိ ဘန်ကြုတ်ဒေသ၌ သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသော ဘိန်းစာပင်နှစ်ဧကခန့်မှ ဘိန်းစာပင်ပေါင်း ၁၀၀၀ ခန့်ကို အမြစ်မှစ၍ ခုတ်ထွင်ရှင်းလင်းပြီး ပင်စည်၊ အကိုင်းအခက်၊ အရွက်များကို မီးရှို့ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

ဖျက်ဆီးခဲ့သော အဆိုပါဘိန်းစာပင်ခင်း နှစ်ဧကနေရာ၌ အစားထိုးသီးနှံအဖြစ် လာမည့်မိုးရာသီတွင် ဒေသထွက် ဆေးဖက်ဝင် ကမ်းဇော်ပင်များကို ဒေသခံများ၏ ဆန္ဒအရ စိုက်ပျိုးပေး သွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

# ဆူညံသံများနှင့် ကျန်းမာရေးထိခိုက်မှု

**သိပ္ပံစာရေးဆရာကိုကိုအောင်**

ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်မှစ၍ နှစ်စဉ်သန်း ၈၀ နှုန်းဖြင့် မှန်မှန်ကြီးတိုးပွားလာသော ကမ္ဘာ့လူဦးရေကြောင့် စက်မှုကုန်ထုတ်လုပ်ငန်းများက သိသာစွာ တိုးပွားများပြားလာသလို မော်တော်ကားအပါအဝင် စက်တပ်ယာဉ် သုံးစွဲမှုများကလည်း သိသိသာသာ ကျယ်ပြန့်လာသည်။ လူဦးရေ တိုးပွားလာမှု၊ စက်မှုနှင့် အီလက်ထရွန်နစ်ကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာမှု၊ လူမှုကွန်ရက် ပိုမိုကျယ်ပြန့်လာမှု၊ စီးပွားရေးနယ်ပယ်ပိုမိုချဲ့ထွင်လာမှု၊ နိုင်ငံအချင်းချင်း ကူးလူးဆက်ဆံမှုနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ပိုမိုကောင်းလာမှုစသော အကြောင်းတရားများစွာတို့သည် ဆူညံသော ကမ္ဘာ့ပတ်ဝန်းကျင်ကြီးကို ဖြစ်တည်လာစေခဲ့သည်။ တစ်ချိန်က တိတ်ဆိတ်ငြိမ်သက်နေခဲ့သော ကမ္ဘာကြီးသည် လှုပ်ရှားတက်ကြွပြီး ဆူညံသော ဂြိုဟ်ကြီးတစ်လုံးအဖြစ်သို့ ပြောင်းလဲလာခဲ့ပြီ ဖြစ်သည်။

စက်ကိရိယာများ လှုပ်ရှားလည်ပတ်သံ၊ စက်တပ်ယာဉ်များ မောင်းနှင်သံ၊ တူရိယာများ တီးခတ်သံ၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် တုန်ခါမြည်းဟီးသံ၊ လက်နက်များ ပစ်ခတ်ဖောက်ခွဲသံ၊ လေယာဉ်များ ပျံသန်းမောင်းနှင်သံ၊ ရေယာဉ်များ ခုတ်မောင်းသွားလာသံ၊ အာကာသယာဉ်များ ပျံသန်းထွက်ခွာသံစသော အသံမျိုးစုံတို့သည် လူမှုပတ်ဝန်းကျင်၌ နေ့စဉ်ကြားနေကြရသော အသံများဖြစ်ကြသည်။ ထိုထိုသော အသံများထဲတွင် ကြားလိုသဖြင့် နားစိုက်ထောင်ရသော အသံများရှိသလို မကြားချင်သော်လည်း ကြားနေရသော အသံများကလည်း ရှိနေကြသည်။

လူမှုပတ်ဝန်းကျင်တွင် အမြဲကြားနေရသော အသံမျိုးစုံတို့၏ စွမ်းအားပမာဏတစ်နည်းဆိုရသော် အသံ၏အတိုင်းအဆကို Decibel ယူနစ်ဖြင့် တိုင်းတာပြီး၊ အတိုကောက်အားဖြင့် db ဟု ရေးသားဖော်ပြသည်။ သာယာငြိမ့်ညောင်းသော အသံတို့သည် Decibel နိမ့်ပြီး ဆူညံသောအသံတို့က Decibel မြင့်သည်။ Decibel နိမ့်သည့် အသံများလွှမ်းခြုံနေသော ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်နေမည် ဖြစ်သလို Decibel မြင့်သည့်အသံများ လွှမ်းမိုးထားသော ပတ်ဝန်းကျင်သည်ကား ဆူဆူညံညံ ဖြစ်နေပေလိမ့်မည်။

သစ်ရွက်ကိုလေတိုးသည့် အသံ၏ပမာဏသည် 10 db မျှသာရှိသည်။ လှိုင်းကြက်ခွပ်ကလေးများ၏ အသံကမူ 20 db နှင့် 30 db အကြား၌ ရှိနေသည်။ လူတစ်ဦးတစ်ယောက်ကြားရရုံမျှသာ ဖွင့်ထားသော သာယာညင်းပျောင်းသည့် တေးဂီတအသံကမူ 40 db နှင့်အထက် အသံပမာဏ ရှိနေသည်။ လူအချင်းချင်း သာမန်ပြောဆိုနေ ကြသော စကားသံ၏ပမာဏက 60 db ရှိနေသည်။

လမ်းမများပေါ်၌ မောင်းနှင်သွားလာနေသော ဆလွန်းကားများနှင့် ပစ်ကပ်ကားများ၏ အသံပမာဏမှာ 70 db နှင့် 80 db အကြား၌ရှိပြီး ထရပ်ကားကြီးများနှင့် ဘတ်စ်ကားကြီးများက ထုတ်လွှတ်သော အသံပမာဏကမူ 90 db အထိပင် ရှိနေသည်။ ကောင်းကင်ယံ၌ လေယာဉ်များ ပျံသန်းနေစဉ် ကြားနေရသော အသံပမာဏက 120db ရှိပြီး၊ အာကာသအတွင်းသို့ လွှတ်တင်သော ဒုံးပျံများ၏ အသံကမူ ဂျက်တွန်းကန်အားအပေါ် မူတည်ပြီး 150db နှင့်အထက်၌ ရှိနေသည်။

လူတို့၏ သောတအာရုံခံစားမှုနေရာဖြစ်သော နား(Ear)သည် 70db ထက်နိမ့်သည့် အသံများအနက် စိတ်ဝင်စားမှုမရှိသော အသံများကို အလိုအလျောက် ဥပေက္ခာပြုထားနိုင်သည့် အစွမ်းကို သဘာဝက ပေးအပ်ထားသည်။ ဆိုလိုသည်မှာ လူမှုပတ်ဝန်းကျင်၌ ကြားနေရသော 70 db ထက်နိမ့်သည့် အသံမျိုးစုံတို့အနက် စိတ်အာရုံက ညွှတ်မထားသော အသံတို့ကို နားက လက်မခံသည့်အတွက် ထိုအသံလေးများကို ကြားရခြင်းမရှိပေ။

သို့ရာတွင် 70 db ထက်မြင့်သော အသံတို့ကိုမူ စိတ်ဝင်စားသည်ဖြစ်စေ၊ စိတ်မဝင်စားသည်ဖြစ်စေ၊ နားထောင်လိုသည်ဖြစ်စေ၊ နားမထောင်လိုသည်ဖြစ်စေ၊ ကြားလိုသည်ဖြစ်စေ၊ မကြားလိုသည်ဖြစ်စေ၊ နားက အလိုအလျောက်လက်ခံပြီးသားဖြစ်နေသည်။ ထို့ကြောင့်ပင်လျှင် အော်ဟစ်ပြောဆိုသော အသံများ၊ ခိုက်ရန်ဖြစ်ပွားသည့်အခါ အပြန်အလှန်ပြောဆိုသော အသံများ၊ ကျယ်လောင်သော သီချင်းသံများ၊ အသံချဲ့စက်ဖြင့် ပြောဆိုနေသော အသံများ၊ ယာဉ်ရထားတို့ မောင်းနှင်သွားလာနေသော အသံများ၊ လေယာဉ်ပျံသန်းနေသည့် အသံများ၊ စက်ယန္တရားကြီးများလည်ပတ်လှုပ်ရှားနေသော အသံများသည် 70db ထက်ကျော်လွန်နေသည့်အတွက် မကြားချင်သော်လည်း ကြားနေကြရမည်သာ ဖြစ်သည်။

70db ထက်ကျော်လွန်သော အသံတိုင်းသည် သွေးခုန်နှုန်းကို ပိုမိုမြန်ဆန်လာစေပြီး အချိန်ကြာမြင့်စွာဖြင့် ဆက်တိုက်ကြားနေရပါက အာရုံကြောများကို ထိခိုက်သည့် သက်ရောက်မှုများပင်ဖြစ်စေနိုင်ကြောင်း သိပ္ပံပညာရှင်တို့က သုတေသနပြုတွေ့ရှိခဲ့ကြသည်။ ဆူညံမှုမြင့်မားသော ပတ်ဝန်းကျင်သည် စဉ်းစားတွေးခေါ်မှုများကိုပါ သိသာစွာထိခိုက်စေသည်ကို မရေမတွက်နိုင်အောင် များပြားလှသော သာဓကများက ထောက်ပြလျက် ရှိနေကြသည်။

ဆိတ်ငြိမ်သည့် ပတ်ဝန်းကျင်၌ ကြီးပြင်းခဲ့ရသော ကလေးငယ်များနှင့် ဆူညံသည့် ပတ်ဝန်းကျင်၌ ကြီးပြင်းခဲ့ရသော ကလေးငယ်တို့ကို သုတေသနပြုစစ်တမ်းကောက်ယူရာတွင် ဆိတ်ငြိမ်သည့်ပတ်ဝန်းကျင်၌ ကြီးပြင်းခဲ့ရသော ကလေးငယ်များသည် စိတ်ရှည်ခြင်း၊ သည်းခံတတ်ခြင်း၊ အကြောင်းအရာတစ်ခုကို စေ့ငုသေချာစွာ စဉ်းစားတတ်ခြင်း၊ စာနာထောက်ထားခြင်း၊ နားလည်ခွင့်လွှတ်ခြင်း စသည့် လူမှုဆက်ဆံရေးနယ်ပယ်၏ အရေးကြီးလှသော စိတ်နေသဘောထားအရာ၌ ပိုမိုသာလွန်ပြည့်စုံကြောင်း တွေ့ရှိရသည်။

အဆက်မပြတ်ကြားနေရသော db Level မြင့်မားသည့် ဆူညံသံများသည် ကြားရသူကို လွယ်လင့်တကူ ဒေါသထွက်စေနိုင်သလို ရုတ်တရက်ကြားလိုက်ရသော ဆူညံသံကြီးများကလည်း ကြားရသူတိုင်းကို ထိတ်လန့်တုန်လှုပ်စေသည်။ မော်တော်ကားသည် ဆူညံသံကို ဖန်တီးထုတ်လွှတ်ပေးနေသည့် အရင်းအမြစ်တစ်ခု ဖြစ်သည်နှင့်အညီ၊ ကားလမ်းမနှင့်နီးကပ်စွာ နေထိုင်သူများနှင့် ကားလမ်းဘေး ဝဲယာတစ်လျှောက် ခြေကျင်လျှောက်နေသူများသည် db Level မြင့်မားသည့် ဆူညံသံများကို မကြားချင်သော်လည်း အမြဲလိုလို ကြားနေကြရသည်။

ဤသည်တို့ကို ထောက်ရှုခြင်းအားဖြင့် စက်မှုထွန်းကားတိုးတက်သော မျက်မှောက်ကာလတွင် ဆူညံမှုများကို ထိန်းကွပ်ရန်၊ ဆူညံသံများကို တတ်နိုင်သရွေ့ လျှော့ချရန်၊ ဆူညံသံများ စုဝေးထွက်ပေါ်ရာ စက်ရုံအလုပ်ရုံများကို လူနေရပ်ကွက်များနှင့် အလှမ်းကွာဝေးသောနေရာ၌ ထားရှိရန်၊ ကားလမ်းများကို လူနေအိမ်ခြေများနှင့် ဖြစ်နိုင်သမျှ ခွာထားပေးရန် လိုအပ်နေပြီဖြစ်သည်။



မော်တော်ကားများ တပ်ဆင်ထုတ်လုပ်ရာ၌ အင်ဂျင်စက်သံကို ညင်သာနိုင်သမျှ ညင်သာညက်ညောအောင် မော်တော်ယာဉ် အင်ဂျင်နီယာတို့က အသံထိန်းအိုး (Silencer) ပါဝင်သော အိတ်ဇောပိုက်များကို မော်တော်ကားများတွင် တပ်ဆင်ပေးလိုက်ကြသည်။ ဤမျှ ကြိုးစားပမ်းစား စီမံပြုလုပ်ပေးခဲ့သည့် ကြားကပင် မော်တော်ကားစက်သံ၏ ဆူညံမှုပမာဏသည် ကားအမျိုးအစားပေါ်မူတည်ပြီး 70 db နှင့် 90 db အကြား၌ ရှိနေဆဲပင်ဖြစ်သည်။

ထို့အတူပင် သုံးပေအကွာက ကြားရသော မော်တော်ကားဟွန်းသံသည် ပေ ၂၀၀၀ အမြင့်တွင် ပျံသန်းနေသော လေယာဉ်အင်ဂျင်စက်မှ ထွက်ပေါ်လာသည့် အသံပမာဏနှင့်ညီမျှပြီး 120 db အထိပင်ရှိနေသည်။ ယနေ့ခေတ် လူငယ်များအကြား တွင်တွင်ကျယ်ကျယ်အသုံးပြုနေကြသော MP-3 Player ၏ နားကြပ်များမှ တစ်ဆင့်ကြားရသော အသံပမာဏသည်လည်း 97 db အထိရှိနေပြီး ယင်းအတိုင်းအဆသည် လယ်ယာလုပ်ငန်းခွင်သုံး ထော်လာဂျီများ၏ အင်ဂျင်စက်သံနီးပါးမျှပင်ဖြစ်သည်။

ထော်လာဂျီများ၏ စက်သံသည် 100 db မှ 110 db အကြား၌ ရှိနေသလို ရော့ခ်တေးဂီတ၏ ဆူညံမှုအဆင့်ကမူ 120 db နီးပါးမျှ ရှိနေသည်။ db Level မြင့်မားသည့်အသံများသည် အများသူငါ လှုပ်ရှားသွားလာနေကြသော နေ့အချိန်၌ပင် သိသာသောအနှောင့်အယှက်တစ်ခု ဖြစ်နေပေရာ လူခြေတိတ်ဆိတ်သည့် ညအချိန်များအတွက်မူ ဆိုဖွယ်ရာပင် မရှိတော့ပေ။

ညအခါ အိပ်စက်အနားယူကြသည့် အချိန်မျိုး၌ 45 db ထက်ကျော်လွန်သော အသံပမာဏလောက်ကသည်ပင်လျှင် အိပ်မပျော်နိုင်ခြင်းနှင့် အိပ်ပျော်နေရာမှ လန့်နိုးခြင်းများကို ဖြစ်ပေါ်စေနိုင်သည်။ အနောက်ဥရောပရှိ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် လူဦးရေ၏ ၂၀ ရာခိုင်နှုန်းတို့မှာ ညအိပ်ချိန်များတွင် မော်တော်ကားစက်သံများကြောင့် အိပ်မပျော်သည့်ဝေဒနာကို ခံစားနေကြရပြီး ကျန်းမာရေးအရ ထိခိုက်မှုများနှင့် ကြုံတွေ့နေကြရသည်။ အဆိုးဆုံးမှာ နော်ဝေနိုင်ငံဖြစ်ပြီး ထိုနိုင်ငံလူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့်မှာ မော်တော်ကားစက်သံများကြောင့် အမြဲတမ်း စိတ်အနှောင့်အယှက်ဖြစ်နေကြရသည်။

အလားတူပင် ဗြိတိန်နိုင်ငံရှိ လူဦးရေ၏ ၃၀ရာခိုင်နှုန်းကျော်တို့သည် ညပိုင်းတွင် ကျင်းပသော ပါတီပွဲများမှ ထွက်ပေါ်လာသော ဆူညံသံများကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေကြရကြောင်းကို သုတေသနပြုစစ်တမ်းကောက်ယူချက်များက ဖော်ပြလျက်ရှိသည်။ ကမ္ဘာပေါ်ရှိ အလွန်နာမည်ကျော်ကြားသော အပန်းဖြေကျွန်းကြီးတစ်ကျွန်းဖြစ်သည့် ဟာဝိုင်ယီကျွန်းပေါ်တွင် ရှင်သန်ကျက်စားနေကြသည့် ကောင်ရေသောင်းနှင့်ချီသော ဖားများ၏အော်သံကြောင့် ကျွန်းသူကျွန်းသားများနှင့်တကွ အပန်းဖြေရန်လာရောက်ကြသော နိုင်ငံတကာမှ ဧည့်သည်များသည် ညဘက်တွင် အိပ်မပျော်သော ဒုက္ခနှင့်ကြုံတွေ့နေကြရသည်။

db Level မြင့်မားသော ဆူညံသံကြီးများသည် အမိဝမ်းတွင်း၌ ရှိနေသော သန္ဓေသားကိုပင် ထိခိုက်မှုဖြစ်စေနိုင်သည်။ လေယာဉ်အတက်အဆင်းပြုလုပ်ရာတွင် ထွက်ပေါ်လာသော ဆူညံသံကြီးများသည် သန္ဓေသား၏အပေါ်တွင် မည်သို့အကျိုးသက်ရောက်မှုဖြစ်စေနိုင်သည်ကို ပြုလုပ်သော သုတေသနများအရ လေဆိပ်အနီးတွင် နေထိုင်သော ကိုယ်ဝန်ဆောင် မိခင်လောင်းများသည် ကိုယ်အလေးချိန်မပြည့်သော ကလေးများ၊ နှုတ်ခမ်းကွဲနေသော ကလေးများ၊ အာခေါင်ကွဲနေသော ကလေးများနှင့်ကျောရိုးဆစ် မူမမှန်သော ကလေးငယ်များကို မွေးဖွားလာစေနိုင်ကြောင်း ထိတ်လန့်တုန်လှုပ်ဖွယ် ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

မွေးကင်းစကလေးငယ်များနှင့် လေးဖက်ထောက်သွားသည့်အရွယ် ကလေးငယ်များ၏ ပတ်ဝန်းကျင်တွင် ကျယ်လောင်သော သီချင်းသံများကို ဖွင့်ထားခြင်းနှင့် ဆူညံသောအသံမျိုးစုံတို့ကို အချိန်ကာလကြာမြင့်စွာ ကြားနေရစေခြင်းတို့သည် အဆိုပါကလေးငယ်များကို ပုံမှန်ထက် နောက်ကျပြီးမှ စကားပြောစေနိုင်ကြောင်းကိုလည်း အခြားသော သုတေသနတစ်ခု၌ တွေ့ရှိရသည်။

ဆူညံသံများသည် လူသားများကိုသာမက တိရစ္ဆာန်များ၏ သဘာဝအလျောက် ရှင်သန်နေထိုင်မှု ပုံစံများအပေါ်၌ပါ သက်ရောက်မှုရှိစေကြောင်း တွေ့ရှိရသည်။ တိရစ္ဆာန်များ၏ သဘောသဘာဝအရ မိတ်လိုက်ရာသီတွင် အချင်းချင်းဆက်သွယ်သောစနစ်ကို ပတ်ဝန်းကျင်ဆူညံသံများက ရှုပ်ထွေးသွားစေသည်။ ဆူညံသံများကို ကြောက်လန့်နေကြသော တိရစ္ဆာန်များသည် မျိုးစိတ်တူအချင်းချင်း ပြုလုပ်သည့် ဖိုမအချက်ပြစနစ်ကို နားမလည်နိုင်တော့သည့်အတွက် မျိုးပွားခြင်းကို ထိခိုက်မှုဖြစ်စေသည်။

သဘာဝအလျောက် နေ့ခင်းပိုင်းများ၌သာ တွန်ကျူးလေ့ရှိကြသော သပိတ်လွယ်ငှက်ကလေးများသည် ဆူညံလွန်းသော ပတ်ဝန်းကျင်ကြောင့် အလေ့အကျင့်ပြောင်းသွားပြီး လူခြေတိတ်သည့် ညအခါရောက်မှသာလျှင် တွန်ကျူးလာကြတော့သည်။ ထို့အတူပင် ဆင်၊ မြင်း၊ ကျွဲ၊ နွားစသည့် လူတို့နှင့်နီးစပ်သော တိရစ္ဆာန်များသည်လည်း ဆူညံလွန်းသော ပတ်ဝန်းကျင်အသံများကြောင့် သခင်ကို ရန်ပြုတတ်လာကြသည်။ နှစ်ပေါင်းများစွာ ထိန်းကျောင်းလာခဲ့သော ဆင်ထိန်းကို ဆင်က အစွယ်ဖြင့် ထိုးသတ်ခြင်း၊ အစာကျွေးနေသည့် မြင်းထိန်းကို မြင်းက ခြေထောက်ဖြင့်ကန်ခြင်းစသော ဖြစ်ရပ်များသည် ကမ္ဘာပေါ်၌ မကြာခဏဆိုသလို ဖြစ်လေ့ဖြစ်ထရှိသော ကိစ္စရပ်များဖြစ်ကြသည်။

အချို့သော အသံများသည် လူတို့အတွက် မပြောပလောက်သော ဆူညံမှုများဖြစ်သော်လည်း ကြိမ်နှုန်းအလွန်နိမ့်သည့် အသံများကိုပင် ကြားနိုင်စွမ်းရှိသည့် ဆင်ကဲ့သို့သော သတ္တဝါများအတွက်မူ ထိတ်လန့်တုန်လှုပ်မှုကို ကြီးမားစွာဖြစ်စေသည်။ နှစ်ကာလကြာရှည်စွာ ကျွေးမွေးပြုစုစောင့်ရှောက်လာခဲ့သော တိရစ္ဆာန်ထိန်းသိမ်းရေးသမားများကို တိရစ္ဆာန်တို့က ပြန်လည်ရန်ပြုတတ်ခြင်းများသည် အဆိုပါ သဘောတရားကြောင့်ပင် ဖြစ်သည်။

ဆူညံလွန်းသော အသံများသည် သက်ကြီးရွယ်အိုများအား စိတ်ကျဝေဒနာကို ခံစားရစေနိုင်သလို ဆူညံမှုလွန်ကဲသော ပတ်ဝန်းကျင်၌ ကြီးပြင်းကျင်လည်ခဲ့ရသော လူငယ်များသည်လည်း လူလတ်ပိုင်းသို့ ရောက်ရှိလာချိန်တွင် အကြားအာရုံချို့တဲ့မှုများနှင့် ကြုံတွေ့ကြရဖွယ်ရှိသည်။

ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများ၌လူမှုပတ်ဝန်းကျင်ကို ဆူညံသံများဖြင့် နှောင့်ယှက်သော အပြုအမူမျိုးကို မကြာခဏဆိုသလို တွေ့မြင်ကြရလေ့ရှိသည်။ ထိုနိုင်ငံများတွင် အခမ်းအနားနှင့် ပွဲတော်များ၊ အလှူအတန်းများကို အကြောင်းပြု၍ အသံချဲ့စက်များကို အသုံးပြုကာ ဘေးပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်စေသော အသံများကို ထုတ်လွှတ်ပေးလျက်ရှိနေကြသည်။ ထိုနိုင်ငံမျိုးများ၌ ကျင်းပကြသည့် ပွဲတော်များနှင့် အခမ်းအနားများ၊ အလှူအတန်းများနှင့် အလှူခံမဏ္ဍပ်များသည် 90 db မှ 150 db အထိရှိသော ဆူညံသံကြီးများကို ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်သို့ စဉ်ဆက်မပြတ် ထုတ်လွှတ်ပေးလျက် ရှိနေကြသည်။

ထိုသို့သော အပြုအမူများက ပတ်ဝန်းကျင်ရှိ အများပြည်သူတို့၏ ခန္ဓာကိုယ်ကျန်းမာရေးနှင့် စိတ်ကျန်းမာရေးကို သိသာစွာ ထိခိုက်စေသော်လည်း ထိုကဲ့သို့သော ဆူညံသံများကို အတိုင်းအဆမဲ့ ထုတ်လွှတ်နေမှုမျိုးကို အရေးယူမည့်ဥပဒေ ပြဋ္ဌာန်းထားမှုမရှိခြင်း၊ ဥပဒေ ပြဋ္ဌာန်းထားသည့်တိုင် လက်တွေ့တွင် ထိရောက်စွာအရေးယူဆောင်ရွက်မှုမရှိဘဲ ဥပေက္ခာပြုထားခြင်းများကြောင့် အများပြည်သူတို့အဖို့ ဥပဒေအကာအကွယ်ရရှိမှု ကင်းမဲ့လျက်ရှိနေကြသည်။

ထို့ကြောင့်ပင် ဆူညံလွန်းသော ပတ်ဝန်းကျင်ကို ရှောင်ရှားခြင်း၊ ဆူညံသံများကို တတ်နိုင်သည့် နည်းလမ်းများဖြင့် လျော့ကျအောင်ပြုလုပ်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများကို ဆူညံသံများမှ ကင်းဝေးရာတွင်သာ နေနိုင်စေခြင်း၊ လူမမယ်ကလေးသူငယ်များ၏ ပတ်ဝန်းကျင်တွင် ဆူညံမှုများ မဖြစ်ပေါ်အောင် ဂရုပြုခြင်း၊ MP-3 ကဲ့သို့သော ဖျော်ဖြေရေးစက်ကိရိယာများဖြင့် နားထောင်ခြင်းကို တစ်ရက်လျှင် တစ်နာရီထက် မကျော်လွန်အောင် ဂရုပြုခြင်း၊ မိမိကိုယ်တိုင်က ဆူညံသံထုတ်လွှတ်ရာ အရင်းအမြစ်တစ်ခု မဖြစ်ရလေအောင် ဆင်ခြင်ပြုမူနေထိုင်ခြင်း စသည်တို့ကို အလေးထားလိုက်နာ လုပ်ဆောင်ကြခြင်းအားဖြင့် ဘဝတစ်သက်တာ ကျန်းမာရေးကို စောင့်ရှောက်သွားသင့်ကြပေသည်။ ။

## ဟိုပုံးမြို့နယ်၌ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

**ဟိုပုံး ဒီဇင်ဘာ ၂၁**

ဂျပန်နိုင်ငံအခြေစိုက် Megatech Corporation မိသားစုမှ ဆောက်လုပ်လှူဒါန်းသော ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် တိလုံကျေးရွာအုပ်စု ကန္တြားကျေးရွာအခြေခံပညာ မူလတန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ လ တတိယပတ် အဆိုပါကျောင်း၌ ပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်အား ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ဒေသဦးစီးဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် Megatech Corporation ဥက္ကဋ္ဌ မစ္စတာ နာဝါစံတို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ကျောင်းရှေ့တွင် အမှတ်တရသစ်ပင်များစိုက်ပျိုးကြသည်။

ယင်းနောက် ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ကျောင်းဆောက်လုပ်ရေးကော်မတီမှ ရှမ်းပြည်နယ် ပညာရေးရုံး လက်ထောက်ညွှန်ကြားရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ပြီးနောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဗလာစာအုပ် ဒါဇင် ၁၀၀ ကို တာဝန်ခံ ကျောင်းအုပ်ထံသို့ ပေးအပ်လှူဒါန်းခဲ့ပြီး ကျောင်းဆောက်လုပ် ရေးကော်မတီမှ အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ် ချီးမြှင့်သည်။

အဆိုပါ ကျောင်းဆောင်ကို ဂျပန်နိုင်ငံ အခြေစိုက် Megatech Corporation မိသားစု၏ ပံ့ပိုးကူညီမှုနှင့် ဒေသခံမိဘပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ပေ (၁၀၀×၃၀) RC တစ်ထပ်၊ သွပ်မိုးအုတ်ကာ ကျောင်းဆောင်သစ်နှင့် သင်ထောက်ကူပစ္စည်း၊ ပရိဘောဂများလှူဒါန်းပေးခဲ့ရာ ကုန်ကျငွေကျပ်သိန်း ၅၀၀ အကုန်ကျခံဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**

# လူမှုဖူလုံရေးအဖွဲ့မှဝန်ထမ်းများကို နယ်လှည့်ဆေးဝါးကုသမှု ဆောင်ရွက်ပေး

**မော်လမြိုင် ဒီဇင်ဘာ ၂၁**
မွန်ပြည်နယ် လူမှုဖူလုံရေးရုံးခွဲတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အိအိသွယ်နှင့်အဖွဲ့သည် မော်တော်ယာဉ်ဖြင့် ဒီဇင်ဘာလတတိယပတ်က မော်လမြိုင်ဘူတာကြီး၌ ပို့ဆောင်ရေးဌာန၊ စက်မှုအင်ဂျင်နီယာဌာန၊ မြို့ပြအင်ဂျင်နီယာဌာနများရှိ ကျန်းမာရေး ကောင်းမွန်ခြင်းမရှိသော မီးရထားဝန်ထမ်းများကို လာရောက်ဆေးကုသပေးကြောင်း သိရသည်။

လူမှုဖူလုံရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးက ဝန်ထမ်းတစ်ဦး မတော်တဆမှု ဖြစ်ရင်သော်လည်းကောင်း၊ ကျန်းမာရေး ချို့တဲ့၍သော်လည်းကောင်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီးဝန်ထမ်းများ ကိုသော်လည်းကောင်း ဆေးရုံတက်၍ ဆေးဝါးကုသမှုခံယူပါက ဆေးဖိုးကုန်ကျစရိတ်ငွေကျပ် ၃၀၀၀၀ ကို နေ့ချင်းပြီး ထုတ်ပေးသွားမည်ဖြစ်၍ ငွေကျပ် ၃၀၀၀၀ နှင့်အထက်ကို သက်ဆိုင်ရာ အဆင့်ဆင့်သို့ တင်ပြ၍ ကြန့်ကြာမှုမရှိအောင်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောသည်။



ထို့နောက် လူမှုဖူလုံရေးအဖွဲ့သည် မော်လမြိုင်မြို့ပြီးပါက မုဒုံ၊ သထုံ၊ ကျိုက်ထိုမြို့များရှိ ဝန်ထမ်းများကို ကွင်းဆင်းဆေးဝါးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်ထွဋ်(မော်လမြိုင်)**

# မော်လူးမြို့၌ အမှိုက်ကင်းစင်ရေးအတွက် အမှိုက်ကားတစ်စီးပေးအပ်ရန် လာရောက်ဆွေးနွေး

**မော်လူး ဒီဇင်ဘာ ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသ၌ အမှိုက်ကင်းစင်ရေးအတွက် အမှိုက်ကားတစ်စီးပေးအပ်နိုင်ရန် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက မော်လူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ဒီဇင်ဘာ ၁၈ ရက်က လာရောက်ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် အင်းတော်မြို့နယ် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းဆွေမြင့်က မော်လူးဒေသသည် မကြာမီအချိန်တွင် မြို့အဖြစ်သို့တိုးမြှင့်ပေးမည်ဖြစ်၍ မြို့ပြစည်ပင်သာယာရေးနှင့် အမှိုက်ကင်းစင်ရေးအတွက် ရည်ရွယ်ကာ မော်လူးတွင်စည်ပင်သာယာရေးရုံးမစိုက်မီကာလအတွင်း ရပ်မိရပ်ဖများ၏ အစီအစဉ်ဖြင့် အမှိုက်ကင်းစင်ရေးအတွက် အသုံးပြုရန် အမှိုက်ပစ်ကားတစ်စီးကို ပေးအပ်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ထို့အတူ မော်လူးဒေသရှိ ရပ်ကွက်ချင်းဆက် ရတနာလမ်းတွင် ကတ္တရာခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီလအတွင်း ဆောင်ရွက်နိုင်ရန်၊ အမှိုက်ပစ်ရန်နေရာနှင့် မိလ္လာစွန့်ပစ်ရန် မိလ္လာကျင်းများကို ပြည်သူလူထုနှင့်ဝေးရာနေရာ၌ စီမံပေးရန်နှင့် လိုအပ်သောပံ့ပိုးမှုများကိုလည်း ဆောင်ရွက်ပေးသွားရန်တို့ကို စည်ပင်သာယာရေးကော်မတီအမှုဆောင်အရာရှိဦးအေးမင်းထွန်းနှင့် အင်ဂျင်နီယာများက ဖြည့်စွက်ဆွေးနွေးခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့်အတူ အမှိုက်ပစ်ရန်နေရာနှင့် မိလ္လာစွန့်ပစ်မည့်နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **ခင်မောင်ဆွေ(မော်လူး)**



**ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီးရပ်ကွက်၌ စည်ပင်သာယာဈေးများဌာန ဌာနစုမှူး ဒေါ်နှင်းနှင်းကြည်၊ ဈေးတာဝန်ခံအရာရှိ၊ ဈေးများဌာန ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့၊ မြို့နယ်ကျန်းမာရေးအဖွဲ့၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဈေးသူ ဈေးသားများ၊ ပြည်သူများပူးပေါင်း၍ ဒီဇင်ဘာ ၁၉ ရက်က စံပြညဈေးအနောက်ဘက်တွင် မှိုဆိပ်ပါရေတ်သီးမှုန့် အမှတ်တံဆိပ် အမည်ကိုးမျိုးနှင့် မလွတ်ကင်းသော ငရုတ်သီးမှုန့်များအား မြေမြှုပ်ဖျက်ဆီးကြစဉ်**
ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

# လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**မြောက်ဦး ဒီဇင်ဘာ ၂၁**
ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ ကွဲပြားခြားနားမှုနှင့် သဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ (CDNH) ကကြီးမှူး၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မြောက်ဦးမြို့ အလယ်ဈေးရပ်ကွက်ရှိ နန်းတော်ရာကုန်း ရင်ပြင်တွင် ဒီဇင်ဘာ ၁၈ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲကို စစ်တွေတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများက လူကုန်ကူးမှုတားဆီးကာကွယ်ပေးတေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ဖွင့်လှစ်ပြီး တရားလွှတ်တော်ရှေ့နေ ဦးမြင့်ဆွေက ရခိုင်ပြည်နယ် မြောက်ဦးဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် လူမှုအဖွဲ့အစည်းများရှိ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်၊ လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာရေးနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးကို ကျေးလက်နေပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိစေရန် ရည်ရွယ်၍ လူထုအသိပညာပေး လှုပ်ရှားမှုဟောပြောပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် CDNH အဖွဲ့ဝင်များက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောပြီး ဟောပြောပွဲတက်ရောက်လာသော ကျောင်းသား ကျောင်းသူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ပတ်သက်သည့် ဉာဏ်စမ်းမေးခွန်းများမေးမြန်းကာ ဆုလက်ဆောင်များ ချီးမြှင့်ပေးခဲ့သည်။

ကွဲပြားခြားနားမှုနှင့် သဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ (CDNH) သည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် အဆိုပါ ဟောပြောပွဲကို လာရောက်ဟောပြောခြင်းဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်အတွင်းရှိ အခြားမြို့နယ်များသို့လည်းသွားရောက်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**




## မှူခင်းသတင်းတိုများ

# ကျပ်သိန်း ၁၆၀ ကျော်တန်ဖိုးရှိ ဘိန်းမည်းများဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်အတွင်း ကျပ် ၁၆၃ သိန်းကျော်ခန့်တန်ဖိုးရှိ ဘိန်းမည်းများကို ဒီဇင်ဘာ ၁၆ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဝက်လက်မြို့နယ် လုံခြုံရေးစခန်းမှူး ရဲအုပ်ရဲညွှန့်နှင့် တပ်ဖွဲ့ဝင်များက ရွှေဘို-မန္တလေးကားလမ်းပေါ် ရွှေတောင်တိုးဂိတ်အနီး၌ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် အောင်မြင့်ဦး(ခ)လော်ရိုင်း မောင်းနှင်လာသည့် ဆိုင်ကယ်အံဝှက်အတွင်းမှ ဘိန်းမည်းဟုယူဆရသော အထုပ် ၁၇ ထုပ်(အလေးချိန် ၂၅ ဒသမ ၄ ကီလိုဂရမ်)ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်းအား ဝက်လက်မြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# တရားမဝင် ကျွန်းသစ် ၃၃ လုံး ဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ခေါင်းကိုက်ကျေးရွာ၌ တရားမဝင်ကျွန်းသစ်များကို ဒီဇင်ဘာ ၁၆ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ခေါင်းကိုက်ကျေးရွာ ဘုန်းကြီးကျောင်းအနီး၌ တရားမဝင်သစ်ထုတ်လုပ်နေကြောင်း သတင်းအရ ဗန်းမောက်မြို့မရဲစခန်းမှ ဒုရဲအုပ် အေးသန်းစိန်နှင့် ပူးပေါင်းအဖွဲ့က သွားရောက်ရှာဖွေရာ တရားမဝင် ကျွန်းသစ် ၃၃ လုံး(အလေးချိန် ၁၀ ဒသမ ၇၄၂ တန်) ကာလတန်ဖိုး ငွေကျပ် ၁၀ သိန်းကျော်ခန့်ကို တွေ့ရှိရပြီး ပိုင်ရှင်ကိုစုံစမ်းရာ သိန်းတန်ဆိုသူ ပိုင်ဆိုင်သည့်ပစ္စည်းများဖြစ်ကြောင်း သိရသဖြင့် ဗန်းမောက်မြို့မရဲစခန်း၌အမှုဖွင့်ထားပြီး ၎င်းအားဖမ်းဆီးရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

# မသင်္ကာသူကို စစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှုပေါ်ပေါက်

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ ရဲတပ်ဖွဲ့ဝင်များ ဒီဇင်ဘာ ၁၆ ရက်က လှည့်ကင်းဆောင်ရွက်စဉ် မသင်္ကာသူတစ်ဦးကို စစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှုတစ်မှု ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်နိုင်လင်းနှင့် တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်ကင်းဆောင်ရွက်စဉ် ဈေးပိုင်းရပ်ကွက်၌ မသင်္ကာဖွယ်လူတစ်ဦးကိုတွေ့ရှိ၍ စစ်ဆေးမေးမြန်းရာ ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးခဲ့သည်။ ၎င်းမှာ ပဲခူးမြို့နေ မျိုးအောင် (၂၅ နှစ်)ဖြစ်ကြောင်း၊ ပဲခူးမြို့နယ် ထုံးကြီးကျေးရွာမှ ဆိုင်ကယ်တစ်စီးကို ခိုးယူရောင်းချထားကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သနပ်ပင်မြို့နယ်ရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။
**လှမိုး(ပြန်/ဆက်)**

# ယာဉ်မတော်တဆမှုများတွင် ဆိုင်ကယ်မှု ၁၁၄ မှုရှိ

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ၂၀၁၆ ခုနှစ် နိုဝင်ဘာလတစ်လတာကာလအတွင်း ယာဉ်မတော်တဆမှုပေါင်း ၁၁၃ ကြိမ်နှင့် ကလေးခရိုင်အတွင်းရှိ အခြားမြို့များ၌ ခုနစ်ကြိမ် စုစုပေါင်းအကြိမ် ၁၂၀ အထိ ဖြစ်ပွားခဲ့ပြီး ဆိုင်ကယ်ပါဝင်သောအမှုပေါင်းမှာ ၁၁၄ မှုအထိရှိကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှု အကြိမ် ၁၂၀ တွင် ဆိုင်ကယ်ချင်းတိုက်မှု ၆၇ ကြိမ်၊ ဆိုင်ကယ်လဲမှု ၁၇ ကြိမ်၊ ဆိုင်ကယ်နှင့် လူတိုက်မှု ၁၂ ကြိမ်၊ ဆိုင်ကယ်နှင့် ကားတိုက်မှု ခုနစ်ကြိမ်၊ ဆိုင်ကယ်နှင့် သုံးဘီးတိုက်မှု လေးကြိမ်၊ ဆိုင်ကယ်နှင့် စက်ဘီးတိုက်မှု ခြောက်ကြိမ်၊ ဆိုင်ကယ်နှင့် ခွေးတိုက်မှုတစ်ကြိမ်၊ ကားမှောက်မှု ငါးကြိမ်၊ ဆိုက်တွဲနှင့် ကားတိုက်မှုတစ်ကြိမ် ဖြစ်ပွားခဲ့ရာ ဆိုင်ကယ်ပါဝင်သော မတော်တဆမှုပေါင်းသည် ၁၁၄ မှုအထိ ရှိနေပြီး ဆိုင်ကယ်မပါသော အခြားယာဉ်မတော်တဆမှုမှာ ခြောက်မှုသာရှိကြောင်း သိရသည်။ **ဂျူနိုင်း**

# ပုလဲမြို့နယ်၌ တရားမဝင်သစ် သုံးတန်ကျော်ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင် ပုလဲမြို့နယ်၌ ဒီဇင်ဘာ ၁၇ ရက်က တရားမဝင်သစ် သုံးတန်ကျော် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဝေလင်းနှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၇ ရက်က သတင်းအရ တနယ်ကျေးရွာ၏ အရှေ့မြောက်ဘက် သုံးဖာလုံခန့်အကွာ တောင်ယမားမြောင်းကူးတံတားအနီး ယာဉ်မောင်း ကိုမောင်ကိုနှင့် ယာဉ်နောက်လိုက် ကိုတင်စိုး ကျောမြို့နေသူတို့ မောင်းနှင်လာသောယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် တရားမဝင်ပိတောက်သစ်ထောင့်တုံး ၁၅ တုံး(၁ ဒသမ ၉၁၅၈ တန်)နှင့် ကျွန်းသစ်ထောင့်တုံး ၁၇ တုံး(၂ ဒသမ ၀၇၁၂ တန်)တို့အား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် ကိုတင်စိုးနှင့် ကိုမောင်ကိုအား ပုလဲမြို့မရဲစခန်းမှ တရားစွဲနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**မင်းခန့်စိုး( ဇေယျာမြေ )**

# မော်လမြိုင်မြို့တွင် ပိုင်ရှင်မဲ့ယာဉ်နှစ်စီး ဖမ်းဆီးရမိ

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ဒီဇင်ဘာ ၁၈ ရက်က အမှတ်(၇၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲအုပ်စိုးမြင့်အောင်နှင့် တပ်ဖွဲ့ဝင်များသည် မော်လမြိုင်မြို့ လှိုင်ရပ်ကွက် မြို့ရှောင်လမ်း နဂါးရုံဘုရားအနီးတွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး တာဝန်ထမ်းဆောင်နေစဉ် မြို့ရှောင်လမ်းရှိ ရေပေးဝေရေးစခန်းအနီးတွင် YGN EE/---- မော်တော်ယာဉ်တစ်စီးနှင့် လှိုင်ရပ်ကွက် မြို့ရှောင်လမ်း နဂါးရုံဘုရားအနီးတွင် ရပ်တန့်ထားသည့် 6C/----ယာဉ်တို့ကိုတွေ့ရှိခဲ့ပြီး အနီးပတ်ဝန်းကျင်တွင် ပိုင်ရှင်အား လိုက်လံစုံစမ်းရှာဖွေသော်လည်း မတွေ့ရှိသဖြင့် ပိုင်ရှင်မဲ့ယာဉ်အဖြစ် သိမ်းဆည်းခဲ့ကြောင်း သိရသည်။
**(ပြည်နယ် ပြန်/ဆက်)**

# ရခိုင်ရိုးရာကျင်ပွဲ စစ်တွေမြို့၌ ခြိမ့်ခြိမ့်သဲကျင်းပ

**သတင်းဆောင်းပါး-ကံထွန်း**
**ဓာတ်ပုံ-တင်ထွန်း(ပြန်/ဆက်)**



"ကျင်... ကျင်... ရခိုင်သားကြိုက်တယ်ကျင်... ရခိုင်သား...သွီးမှာကျင်...ရခိုင်ရို့ရိုးရာကျင်"ဆိုသည့် ကျင်ပွဲကိုဂုဏ်ပြုသော တေးသီချင်းသံများ ပျံ့လွင့်ကာ (၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ ရခိုင်ရိုးရာကျင်ပြိုင်ပွဲ ဒုတိယနေ့ကို ဒီဇင်ဘာ ၁၇ ရက်က စစ်တွေမြို့ ဝက်ပါကွင်း၌ ခြိမ့်ခြိမ့်သဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည်ကား ရခိုင်သားတို့အတွက် ဂုဏ်ယူစရာနေ့တစ်နေ့ပင် ဖြစ်ပေသည်။

ရခိုင်ရိုးရာ ကျင်သည် ရခိုင်တို့၏ရိုးရာ မူပိုင် အားကစားတစ်ခုဖြစ်ကြောင်း၊ ရခိုင်ရိုးရာ ကျင်ပွဲဓလေ့ မပျက်ရအောင် ယခုလို ပြည်နယ်နေ့မှ အစ ဘုရားပွဲ၊ ဘာသာရေးပွဲ၊ ပျော်ပွဲရွှင်ပွဲများတွင် ရခိုင်ရိုးရာကျင်ပွဲကို ထည့်သွင်းကျင်းပရခြင်း ဖြစ်ကြောင်း၊ ရခိုင်လူငယ်များ အားကစားကို လေ့လာလိုက်စားလာစေရန်နှင့် မူးယစ်ဆေးဝါး သုံးစွဲမှုဘက်တွင် လျော့နည်းပပျောက်သွားစေရန်လည်းကောင်း၊ ရခိုင် ရိုးရာယဉ်ကျေးမှုမှသည် ကြံ့ခိုင်ကျန်းမာသောလူငယ်များ ဖြစ်လာစေရန် လည်းကောင်း ရည်ရွယ်ချက်များဖြင့် ကျင်ပြိုင်ပွဲကို ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း (၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမောင်သာစိန်က ပြောကြားသည်။

ရခိုင်ရိုးရာ ကျင်ပွဲကျင်းပရေးအဖွဲ့ ဒိုင်ချုပ်အဖွဲ့အတွင်းရေးမှူး ဦးသင်္ချော်က ကျင်ပွဲတွင် ကျင်အားကစားသမားများ လိုက်နာရမည့် စည်းကမ်း ၃၄ ချက်နှင့် ကျင်ဒိုင်များလိုက်နာရမည့် စည်းကမ်းချက် ၂၂ ချက် ရှိပါကြောင်း၊ ကျင် အားကစားသမားများသည် ကျင်စာရင်းလာသွင်းပြီး ဒိုင်လူကြီးမှ သုံးကြိမ်ခေါ်၍ မလာရောက်သူအား ထုတ်ပယ်မည်၊ ကျင်ကိုင်ရာတွင် အဖမ်း၊ အခံကို တစ်ဖက်လျှင်နှစ်ကြိမ် ပြုလုပ်နိုင်မည် စသည်ဖြင့် ပါရှိပါကြောင်း၊ ယခုစည်းကမ်းများသည် ရခိုင်ပြည်နယ်တစ်ခုလုံးအတွက် ပြည်နယ် နေ့ကျင်းပရေးကော်မတီက ပြည်နယ်တစ်ခုလုံး မှ ကျင်သန်ကြီးများ၊ ကျင်ဒိုင်ကြီးများအား ခေါ်ယူကာ ရေးဆွဲထားသည့်အတွက် တိကျ မှန်ကန်သော စည်းကမ်း၊ နည်းလမ်းများ ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဦးသင်္ချော်က စည်းကမ်း၊ နည်းလမ်းများ ကောင်းမွန်တိကျသည့်အတွက် ရခိုင်ပြည်နယ်တစ်ခုလုံးမှ ကျင်အားကစားသမားများ ယခင်နှစ်ထက် ပိုမိုပါဝင်ယှဉ်ပြိုင်လာကြသည်ကို တွေ့ရှိရပါကြောင်း၊ ယနေ့ဆိုလျှင် ငွေမောင်းတန်း ကျင်ကစားသမား ၃၄၀ အထိ တိုးတက်လာသည်ကို တွေ့ရှိရသည့်အပြင် ရွှေမောင်းတန်း ကျင်ကစားသမား ၂၁ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်ကို အားရဖွယ်တွေ့ရှိရပါကြောင်း ပြောကြားသည်။

"ကျွန်တော်ကတော့ ကျင်ကိုဝါသနာပါလို့လာရောက်ယှဉ်ပြိုင်ခြင်း ဖြစ်ပါတယ်။ အခုလို ကျင်အားကစားသမားတွေကို ဆုတွေ တိုးမြှင့်ပေးတဲ့ပွဲဆိုလို့ ဒီတစ်ပွဲပဲ ရှိပါတယ်။ ထိုင်းနိုင်ငံ၊ ကချင်ပြည်နယ်နဲ့ ရန်ကုန်တိုင်းဒေသကြီးတို့မှာလည်း ရခိုင်ရိုးရာကျင်ပွဲကို ကျွန်တော်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ကျင်အားကစားသမားတစ်ယောက်အတွက် အခုလို ဆုတွေပိုမိုချီးမြှင့်လာတဲ့အတွက် ဆုတစ်ခုရရှိရင် မိသားစုအတွက် အထောက်အကူအများကြီးဖြစ်နိုင်ပါတယ်"ဟု ပုဏ္ဏားကျွန်းမြို့နယ် ကြပ်စင်တလင်းကျေးရွာမှ ရွှေမောင်း ၅၇ လုံး ရရှိထားသူ ၂၀၁၅ ခုနှစ် ရခိုင်ပြည်နယ်နေ့ကျင်ပွဲ ရွှေမောင်းတန်း ချန်ပီယံဟောင်း ကိုဌေးမင်းစိုးက ပြောကြားသည်။

ကျင်ကစားသမားများ ပြိုင်ပွဲဝင်ရာတွင် ရိုးရာရခိုင် ကျင်နည်းလမ်းများ တိကျစွာဖြင့် ဇာတိသွေး၊ ဇာတိမာန် တက်ကြွစွာ ပါဝင်ယှဉ်ပြိုင်ရေးအတွက် ရခိုင် စည်တော်အဖွဲ့ကလည်း တစ်ကွင်းလုံး မြည်သံ ဟိန်းအောင် ဖြိန်းစောင် ဖြိန်းစောင်တီးကာ ရခိုင်ရိုးရာကျင်ပွဲကြီးကို စည်ကားစွာ ကျင်းပနေသည်ကို တွေ့ရှိရပါသည်။

ကျင်စည်းကမ်း၊ နည်းလမ်းများ ကောင်းမွန်လာသည့်အတွက် ကျင်အားကစားသမားများ တိုးတက်များပြားလာသည်ကို တွေ့ရှိရပါကြောင်း၊ ကျင်အားကစားသမားများကလည်း ပွဲကြည့်ပရိသတ်များ စိတ်ဝင်စားအောင် ကစားကြသည့်အတွက် အားပေးသူတစ်ယောက်အနေဖြင့် ကျေနပ်မိပါကြောင်း၊ သို့သော်လည်း အခက်အခဲတစ်ခုက အားပေးလာကြသည့် ပရိသတ်များအတွက် ကြည့်ရှုအားပေးမည့်နေရာ အခက်အခဲများစွာ ရှိပါကြောင်း၊ ပွဲကြည့်မဏ္ဍပ်တွင် အခန်းခြောက်ခုဖွဲ့ထားသည်ကို တွေ့ရှိရပါကြောင်း၊ ကျင်သန်ကြီးများ၊ သံဃာတော်များ၊ ကျင်တည်းအဖွဲ့၊ ကျင်ဒိုင်အဖွဲ့များ၊ အရေးကြီးပုဂ္ဂိုလ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများဟု ကပ်ထား၍ ပြည်သူများ ကြည့်ရှုအားပေးရမည့်နေရာမရှိပါကြောင်း၊ ကျင်အားကစားသမား ၅၀ ပြိုင်သည့်အခါတွင်လည်း ယခုမဏ္ဍပ်တွင်ပင် ယှဉ်ပြိုင်ပြီး ယခု ကျင်အားကစားသမား ၃၀၀ ကျော် ပြိုင်သည့်အခါတွင်လည်း မဏ္ဍပ်ကို ယခင်အတိုင်း ဆောက်လုပ်ထားသည့်အတွက်ကြောင့် ကျင်အားကစားသမားများနှင့်ပင်လျှင် ပြည့်လျှံနေသည်ကို တွေ့ရပါကြောင်း၊ ကျင်ဝါသနာရှင်များ၊ ပရိသတ်များအတွက် စိတ်ချမ်းသာစွာ အားပေးနိုင်အောင် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးစေလိုကြောင်း စစ်တွေမြို့ ရတနာ့ဂုဏ်ရည်ရွှေဆိုင်မှ ကိုခင်မောင်ဌေးက ပွဲကြည့်ပရိသတ်များ၏ အခက်အခဲတစ်ခုကို ပြောကြားသည်။

ရခိုင်ရိုးရာ ကျင်ကိုင်ပွဲကြီးကို ကျင်စည်းကမ်း နည်းလမ်းများနှင့်အတူ စဉ်ဆက်မပြတ် ဆင်ယင်ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ လာရောက်ကြည့်ရှုအားပေးနိုင်ရန် ဖော်ပြလိုက်ရပါသည်။ ။

## ထရန်စဖော်မာသစ် တိုးချဲ့တပ်ဆင်ပြီး လျှပ်စစ်မီးစတင်ပို့လွှတ်

**ရမည်းသင်း ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ဝါတိုးဈေးကုန်းရပ်ကွက်၌ ၂၀၀ ကေဗွီအေ ထရန်စဖော်မာသစ်တစ်လုံးကို တိုးချဲ့တပ်ဆင်ခဲ့ရာ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်သဖြင့် မြို့ပေါ်ရပ်ကွက်နေ လျှပ်စစ်မီးသုံးစွဲသူ ပြည်သူများ လျှပ်စစ်ဓာတ်အားအပြည့်အဝ သုံးစွဲနိုင်ရေးအတွက် ဒီဇင်ဘာ ၁၇ ရက်မှစ၍ ဓာတ်အားစတင်ပို့လွှတ်ပေးနေပြီဖြစ်ကြောင်း သိရသည်။



ဓာတ်အားပို့လွှတ်နိုင်ရန် ၁၁ ကေဗွီအေ ဓာတ်အားလိုင်းကြိုးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းကြိုးများ တပ်ဆင်ခြင်းလုပ်ငန်းများကို ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးတိုးတိုးအောင်၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးညွန့်ဝင်းတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း၊ ရမည်းသင်းမြို့ပေါ် ရပ်ကွက်ကြီးငါးခု၌လည်း ၂၀၀ ကေဗွီအေ ထရန်စဖော်မာသစ်များ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ရာ ဓာတ်အားပို့လွှတ်ပေးနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားလိုင်းကြိုးများ တပ်ဆင်ခြင်းကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ရပ်ကွက်များအတွင်း တိုးချဲ့တပ်ဆင်သော ထရန်စဖော်မာများကို ADB က ကူညီပံ့ပိုးသည့်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ထိုရပ်ကွက်များရှိ ထရန်စဖော်မာသစ်များတွင် ဓာတ်အားလိုင်းကြိုးများ တပ်ဆင်ပြီး၍ လျှပ်စစ်ဓာတ်အား ပို့လွှတ်နိုင်ပါက ဓာတ်အားလေလွင့်ပျောက်ဆုံးမှုများလည်း လျော့နည်းသွားမည်ဖြစ်သည့်အတွက် တစ်မြို့လုံးရှိ ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို ပိုမိုရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာ၏ ပြောကြားချက်အရ သိရသည်။

**တင်ဦး(ရမည်းသင်း)**

## ကိုယ်ဝန်ဆောင်များအား ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုဆောင်ရွက်ပေးနိုင်ရန် ကော်မတီသစ်ဖွဲ့စည်း

**ချောင်းဆုံ ဒီဇင်ဘာ ၂၁**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း မိခင်နှင့်ကလေးစောင့်ရှောက်မှု လုပ်ငန်းစဉ်များတွင် တစ်ရပ်အပါအဝင်ဖြစ်သည့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ပိုမိုဆောင်ရွက်ပေးနိုင်ရန်အတွက် ကျန်းမာရေးကော်မတီအသစ်ဖွဲ့စည်းသည့်အခမ်းအနားနှင့် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲကို (မြို့မ)မိခင်နှင့်ကလေး ကျန်းမာရေးဌာန၌ ဒီဇင်ဘာ ၁၉ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးညဏ်မြင့်က အမှာစကားပြောကြားပြီး မိခင်နှင့်ကလေးကျန်းမာရေးဌာနအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုလွှာများ ပေးအပ်ကာ ကျန်းမာရေးကော်မတီအသစ်ကို ဖွဲ့စည်းခဲ့သည်။ မိခင်များကို စောင့်ရှောက်ခြင်းအားဖြင့် ကလေးနှင့်မိခင် သေဆုံးမှုနှုန်းကို လျော့နည်းစေမည်ဖြစ်ကာ အန္တရာယ်လက္ခဏာများကို မိခင်များအား ကျန်းမာရေးအသိပညာပေး ပြောကြားခြင်းအားဖြင့် ကလေးသေဆုံးမှုနှုန်းကိုလည်းကောင်း၊ ဆင်းရဲနွမ်းပါးမှုနှုန်းကိုလည်းကောင်း တစ်ဖက်တစ်လမ်းမှ ဖြေလျှော့ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် ကျန်းမာရေးကော်မတီကို ဖွဲ့စည်းခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သတင်းတိုများ

### အိမ်တွင်းမှုသက်မွေးလုပ်ငန်းနှင့် စက်ချုပ်သင်တန်းများဖွင့်လှစ်

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့၌ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းက ဖွင့်လှစ်သော အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၂)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၂) သင်တန်းများဖွင့်ပွဲကို ဒီဇင်ဘာ ၁၉ ရက်က ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်က အမှာစကားပြောကြားပြီး သင်တန်းကျောင်း ကျောင်းအုပ် ဒေါ်မြမြသင်းက သင်တန်းဆိုင်ရာအချက်အလက်များ၊ သင်ကြားပေးမည့် ဘာသာရပ်များနှင့် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းများသို့ မြို့နယ်အတွင်းမှ သင်တန်းသူ ၁၀၀ တက်ရောက်ကြကြောင်း သိရသည်။ **ဖြူးမြင့်ဦး**

### စာအုပ်လှူဒါန်းပွဲနှင့် စာပေနီးနှောပွဲ ကျင်းပ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျစ်ကိုင်းကျေးရွာအုပ်စု သနဝကျေးရွာရှိ အမေ့ရင်ခွင်စာကြည့်တိုက်အတွက် စာအုပ်လှူဒါန်းပွဲနှင့် စာပေနီးနှောပွဲကို ဒီဇင်ဘာ ဒုတိယပတ်အတွင်းက ကျင်းပခဲ့သည်။ စာအုပ်လှူဒါန်းပွဲတွင် အလှူရှင်များကိုယ်စား စာရေးဆရာမ ဟသ်ာမြေသက်ထားဝေမှ ပေးအပ်သော စာအုပ် ၈၀ ကို အမေ့ရင်ခွင်စာကြည့်တိုက် ဦးဆောင်တည်ထောင်သူ အရှင်သီရိန္ဒက လက်ခံရယူပြီး ဆက်လက်၍ စာပေနီးနှောပွဲကို ကျင်းပကာ ကျေးရွာနေ လူငယ်များက စာပေဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ နီးနှောဖလှယ်ကြပြီး ကျေးရွာစာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာများကိုလည်း ဆွေးနွေးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

### ကျေးရွာမြေငှားဂရန်နှင့် မြေငှားစာချုပ်ပေးအပ်ပွဲပြုလုပ်

**ရမ်းဗြဲ ဒီဇင်ဘာ ၂၁**

ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် တိန်ပြင်ကျေးရွာ၌ ကျေးရွာမြေငှားဂရန်နှင့် မြေငှားစာချုပ်ပေးအပ်ပွဲကို ဒီဇင်ဘာ ၁၇ ရက်က ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းက အမှာစကားပြောကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ပြောကြားသည်။ ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်သိန်းက ကျေးရွာမြေငှားဂရန်နှင့် မြေငှားစာချုပ်ပေးအပ်ခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး ကျေးရွာမြေငှားဂရန်နှင့် မြေငှားစာချုပ်နှင့် စာရွက်စာတမ်းများကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။
(၁၅၇)

## ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**မင်းဘူး ဒီဇင်ဘာ ၂၁**

မင်းဘူးမြို့နယ်အတွင်းမှ ကျေးလက်နေပြည်သူများ အသိပညာ ဗဟုသုတ တိုးတက်ရေး၊ စားသုံးသူတို့၏ အခွင့်အရေးများနှင့် အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးအကြောင်းများကို သိရှိစေရေးအတွက် အသိပညာပေးဟောပြောပွဲကို မင်းဘူးမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများပူးပေါင်းကာ ဒီဇင်ဘာ ၁၉ ရက်က ရေတွင်းကုန်းကျေးရွာနှင့် ပေါက်ပင်တွင်းကျေးရွာများ၌ ပြုလုပ်ခဲ့ပြီး ဒေသခံပြည်သူများအား တိုင်းရင်းဆေးဖြင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများလည်း ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မင်းဘူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးသန်းဌေးက ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်တည်ထောင်နိုင်ရေးနှင့် စာဖတ်ခြင်းမှရရှိနိုင်သော အကျိုးကျေးဇူးများကို ဟောပြောခဲ့ပြီး ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးခင်မောင်ညွန့်ကလည်း စားသုံးသူများ၏ အခွင့်အရေးများ၊ အဆိုပါအခွင့်အရေးများကို သိရှိနားလည်၍ တောင်းဆိုရယူနိုင်ရန်၊ ကုန်စည်(သို့)ဝန်ဆောင်မှုကို ရယူသုံးစွဲရာတွင် လိမ်လည်လှည့်ဖြားမှုတို့ မခံရစေရန်၊ အစားအစာဆိုးဆေးများ၏ အန္တရာယ်များအကြောင်း စသည်တို့ကို ဟောပြောခဲ့သည်။

ဟောပြောပွဲအပြီးတွင် တိုင်းရင်းဆေးကုဌာနမှ ဒေါ်ခိုင်မေရီသက်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများက ပြည်သူများအား တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေး ဆေးကုသပေးခြင်းများ အခမဲ့ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ဖိုးပြည့်**

## တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြည်သူများနှင့်တွေ့ဆုံ

**မော်လူး ဒီဇင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသရှိ ပြည်သူများအား တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဘိုးသန်းညွန့်နှင့် တာဝန်ရှိသူများက မန်ဟဲဘုန်းတော်ကြီးကျောင်း၌ ဒီဇင်ဘာ ၁၉ ရက်က တွေ့ဆုံခဲ့ပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ၊ ဒေသခံပြည်သူတို့၏ အခက်အခဲများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍ၊ လွှတ်တော်အသီးသီး၏ လုပ်ငန်းဆောင်တာများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းက ပြည်သူများအနေဖြင့် အခက်အခဲများနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များအား တိုက်ရိုက်တွေ့ဆုံ ရင်ဖွင့်ကြရန် ပြောကြားကာ ဒေသခံပြည်သူများက ၎င်းတို့တွေ့ကြုံနေသော အခက်အခဲများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့နောက် ဒေသခံပြည်သူများအား အင်းတော်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဆွေညွန့်က မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဦးစောလင်းထွန်းက မူးယစ်ဆေးဝါးဖြတ် မက်သဒုံးစင်တာနှင့်ပတ်သက်၍လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်နိုင်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဒုတိယဦးစီးမှူးဦးထွန်းလွင်ဦးက လယ်ယာမြေကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

**(ဝ၆၉)**

## ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)က ဦးစီး၍ စာပေဟောပြောပွဲကျင်းပ

**ပျဉ်းမနား ဒီဇင်ဘာ ၂၁**

ပျဉ်းမနားမြို့နယ်အသင်း (ရန်ကုန်)နှင့် ပျဉ်းမနားမြို့နယ်အသင်း(ဌာနေ) အသင်းများ တည်ထောင်ခြင်း (၈၅)နှစ်ပြည့်အထိမ်းအမှတ် စာပေဟောပြောပွဲကို နေပြည်တော် ပျဉ်းမနားမြို့ လယ်တီမဟာစံကျောင်းတိုက် လယ်တီဓမ္မဗိမာန်တော်ကြီး၌ ဒီဇင်ဘာ ၁၈ ရက်က ကျင်းပခဲ့သည်။

စာပေဟောပြောပွဲတွင် ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)မှ အသင်းဥက္ကဋ္ဌ ဒေါက်တာအောင်မြင့်က ကျေးဇူးတင်စကားပြောကြားကာ စာရေးဆရာ ဦးဘုန်း(ဓာတု)က 'အပ်ချည်ကြိုး'ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ကိုရွှေအောင်သင်းက 'လူငယ်နှင့် အနာဂတ်ခရီး' ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြပြီး စာချစ်သူပရိသတ် တစ်ထောင်ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)အနေဖြင့် အသင်းတည်ထောင်ခြင်း (၈၅) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် သွေးလှူဒါန်းပွဲကိုလည်း ဒီဇင်ဘာ ၁၆ ရက်က ပျဉ်းမနားမြို့ ခုတင် (၂၀၀) ပြည်သူ့ဆေးရုံ၌ ကျင်းပခဲ့ပြီး အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေး အခမဲ့ထိုးနှံပွဲကြီးကိုလည်း ဒီဇင်ဘာ ၁၈ ရက်က ပျဉ်းမနားမြို့ သံဃာ့ဆေးရုံ၌ ကျင်းပကာ ကာကွယ်ဆေးများ ထိုးပေးခဲ့ကြောင်း သိရသည်။

**ကိုကြီးကျော်(ပျဉ်းမနား)**

## ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲကျင်းပမည်

**မန္တလေး ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီတို့ ပူးပေါင်း၍ တိုင်းဒေသကြီး ဒီဇင်ဘာအားကစားလှုပ်ရှားမှုအဖြစ် ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲကို ဒီဇင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် မန္တလေးမြို့ရှိ ဗထူးအားကစားခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီရုံးခန်း၌ ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးတွင် ဘော်လီဘောဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးထွန်းလင်း (မြန်မာ့ဘော်လီဘောလက်ရွေးစင်ဟောင်း)က ပြောကြားသည်။

အဆိုပါ ဘော်လီဘောဖိတ်ခေါ်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းမှ အား/ကာသိပ္ပံ (မန္တလေး)အသင်း၊ မန်းစည်ပင်အသင်း၊ ရတနာပုံတက္ကသိုလ်အသင်း၊ မန္တလေးအကျဉ်းဦးစီးဌာနအသင်း၊ မဲကင်းကုန်းပုသိမ်ကြီးမြို့နယ်အသင်းနှင့် မတ္တရာမြို့နယ်ညွန့်ပေါင်းအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## သံသတ္တုလုပ်ငန်းရှင်များအား တူးဖော်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ ရှင်းလင်းဆွေးနွေး

**မြစ်ကြီးနား ဒီဇင်ဘာ ၂၁**




ကချင်ပြည်နယ် ပန်ဝါမြို့၌ သတ္တုတူးဖော်ရေးလုပ်ငန်းများ လုပ်ကိုင်နေကြသော သံသတ္တု တူးဖော်လုပ်ငန်းရှင်များအား သံသတ္တုတူးဖော်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအကြောင်း ရှင်းလင်းဆွေးနွေးပွဲကို ပန်ဝါမြို့ ကချင်အထူးဒေသ(၁) ဗဟိုကုန်သွယ်ရေးရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၈ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးHလအောင်က အမှာစကားပြောကြားပြီး ပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးက သံသတ္တုတူးဖော်သည့် လုပ်ငန်းရှင်များအနေဖြင့် စမ်းသပ်ရှာဖွေခြင်းလုပ်ငန်း လုပ်ပိုင်ခွင့်လျှောက်ထားရာတွင် ပါဝင်ရမည့်အချက်များ၊ သံသတ္တုတူးဖော်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် စီမံဆောင်ရွက်ကြရန် လိုအပ်ချက်များ၊ သံသတ္တုတူးဖော်မှုနှင့် အခြားသော စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဓိကကျသော ဒေသခံပြည်သူများ၏ သဘောထားဆန္ဒကို အရင်ကောက်ခံပြီး ဒေသခံပြည်သူများ၏ သဘောတူညီမှုရရှိမှသာ လုပ်ငန်းရှင်များအနေဖြင့် လုပ်ကိုင်ဆောင်ရွက်စေလိုကြောင်း၊ လုပ်ငန်းများမှရရှိသော အကျိုးအမြတ်များထဲမှလည်း ဒေသဖွံ့ဖြိုးရေးအတွက် ပြန်လည်အသုံးပြု လုပ်ကိုင်ဆောင်ရွက်ပေးစေလိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ကြောင်း၊ သတ္တုတူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်မှုအပြီးတွင်လည်း လုပ်ကွက်အားလုံးကို မူလစတင်လုပ်ကိုင်ခဲ့သည့် သဘာဝအခြေအနေအတိုင်းဖြစ်အောင် ပြန်လည်ပြုလုပ် ဆောင်ရွက်ခဲ့ရန် လိုအပ်ကြောင်း စသည့် အချက်များ အပါအဝင် သတ္တုတူးဖော်မှုလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်သော ပန်ဝါဒေသနှင့် ဖီမော်ဒေသရှိ သံသတ္တုတူးဖော်ရေးကုမ္ပဏီများ၊ လုပ်ငန်းရှင်များက လက်ရှိသတ္တုတူးဖော်မှုများ လုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေ၊ နိုင်ငံတော်အတွက် အခွန်ပေးသွင်းထားရှိမှု၊ သတ္တုတူးဖော်မည့်လုပ်ကွက်များ စမ်းသပ်ရှာဖွေနေသည့် အခြေအနေများ၊ သတ္တုတူးဖော်မှုကို တရားဝင်လုပ်ကိုင်နိုင်ရေးအတွက် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရရှိရေး ဆောင်ရွက်နေမှုများနှင့် လိုင်စင်ရရှိရန် ကြန့်ကြာနေသည့် အခြေအနေများ၊ လုပ်ငန်းမှရရှိသော အကျိုးအမြတ်ထဲမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြန်လည်ဆောင်ရွက်ပေးနေမှု အခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြကာ ဝန်ကြီးနှင့် တာဝန်ရှိသူများက လိုင်စင်ထုတ်ပေးရေးတွင် ကြန့်ကြာနေရသည့် အကြောင်းရင်းများနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဟောပြောပွဲအပြီးတွင် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် သံသတ္တုတူးဖော်ရေး ကုမ္ပဏီများမှ လုပ်ငန်းရှင်များနှင့်အတူ သံသတ္တုတူးဖော်ရေး ကုမ္ပဏီများက သံသတ္တုတူးဖော်နိုင်ရေးအတွက် စမ်းသပ်ရှာဖွေနေမှုနှင့် သံသတ္တုထုတ်လုပ်မည့် စက်ရုံများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## တီဘီလူနာရှာဖွေခြင်းစီမံချက်တွင်ပါဝင်သူ စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုဆုပေး

**ရန်ကုန် ဒီဇင်ဘာ ၂၁**




မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးလေးခုမှ မြို့နယ် ၁၂ မြို့နယ်အတွင်း အရှိန်အဟုန်မြှင့် တီဘီလူနာရှာဖွေခြင်း စီမံချက် (၂၀၁၆) ၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ထူးချွန်စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုဆုပေးပွဲကို ဒီဇင်ဘာ ၁၉ ရက်က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ စကိုင်းစတားဟိုတယ် ပတ္တမြားခန်းမတွင် ပြုလုပ်ခဲ့သည်။

ဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခဦးရဲမြနှင့် အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမြတ်ကျော်သူတို့က မြန်မာနိုင်ငံအတွင်းမှ ပြည်သူများ တီဘီရောဂါ ပျောက်ကင်းစေရမည်ဆိုသော ရည်ရွယ်ချက်ထားပြီး စေတနာ့ဝန်ထမ်းမိတ်ဆွေများက တီဘီရောဂါရှိ လူနာရှာဖွေပေးခြင်း၊ သလိပ်ပိုးတွေ့ လူနာရှာဖွေမှုများနှင့် စီမံချက်အောင်မြင်ရန် စုပေါင်းတက်ကြွစွာ ဆောင်ရွက်ခဲ့ကြသော မြို့နယ်များအား ဂုဏ်ပြုဆု ချီးမြှင့်ပေးရခြင်းဖြစ်ကြောင်း ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသွားသည်။ ဆက်လက်၍ စီမံချက်မန်နေဂျာ ဒေါက်တာယုယုလွင်က ၂၀၁၆ ခုနှစ်အတွင်း စီမံချက်လုပ်ငန်းဆောင်ရွက်မှုများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ပါမောက္ခဦးရဲမြ၊ စီမံကိန်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမြတ်ကျော်သူ၊ အောက်မြန်မာပြည် ဆေးသုတေသန ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဒေါ်စောစောတို့က ၂၀၁၆ ခုနှစ် တီဘီလူနာရှာဖွေမှု ထူးချွန်စေတနာ့ဝန်ထမ်းဆု၊ သလိပ်ပိုးတွေ့ တီဘီလူနာရှာဖွေမှု ထူးချွန်စေတနာ့ဝန်ထမ်းဆုများနှင့် ရည်မှန်းချက်အပြည့်မီဆုံး မြို့နယ်ဆု၊ အကောင်းဆုံးမြို့နယ်စီမံချက် တာဝန်ခံဆု၊ စီမံချက်ဆိုင်ရာ စီမံခန့်ခွဲမှုအကောင်းဆုံးမြို့နယ်ဆု ရရှိသော မြစ်သား၊ စဉ့်ကိုင်၊ မကွေး၊ ကန်ကြီးထောင့်၊ ရမည်းသင်း၊ ကျောက်တန်း၊ ခရမ်းမြို့နယ်တို့အား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

## ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရောမင်းမိုးစပါး စံကွက်ရိတ်သိမ်း



**ကန့်ဘလူ ဒီဇင်ဘာ ၂၁**

ကန့်ဘလူမြို့နယ် အုတ်ဖိုကျေးရွာအုပ်စု အုန်းတောကျေးရွာ၌ စိုက်ပျိုးထားသော (သင့်အဆင့်)ရောမင်းမိုးစပါးစိုက်ကွက်၌ Combine Harvester စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် စံကွက်ရိတ်သိမ်းပွဲကို ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ဒီဇင်ဘာ ၁၉ ရက်က ပြုလုပ်ခဲ့သည်။

မိုးစပါးစံကွက်ရိတ်သိမ်းရာသို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းရွှေ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြင့်မောင်နှင့် စိုက်ကြပ်အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ လာရောက်လေ့လာ ကြည့်ရှုကြပြီး အဆိုပါစံကွက်မှ တစ်ဧကလျှင် ၇၃ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

မိုးစပါးကို ရိတ်သိမ်းရာတွင် ခေတ်မီ စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြင်းဖြင့် ရိတ်သိမ်းစဉ် လေလွင့်ဆုံးရှုံးမှုများ သက်သာစေခြင်း၊ အချိန်တိုအတွင်း ရိတ်သိမ်းခြွေလှေ့နိုင်ခြင်း၊ လယ်ယာမြေပျက်စီးမှုရှိခြင်း၊ အလုပ်သမားရှားပါးမှုပြဿနာကို ပြေလည်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက တောင်သူများအား ပြောကြားခဲ့သည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

Myanma Apex Bank

## ဝန်ထမ်းအလိုရှိသည်

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်မှ ဘဏ်ခွဲများ (၇၃)ဘဏ်ကျော်ဖွင့်လှစ်ပြီး ဘဏ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ မကြာမီထပ်မံဖွင့်လှစ်မည့် ရန်ကုန်နှင့်မန္တလေး ဘဏ်ခွဲများတွင်ခန့်ထားရန်အတွက် အောက်ဖော်ပြပါဝန်ထမ်းများအလိုရှိသည်။

**၁။ အငယ်တန်းလက်ထောက်**

(၁) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
(၂) ရုပ်ရည်ချောမောပြေပြစ်ပြီး ဆက်ဆံရေးကောင်းမွန်ရမည်။ အသက် (၂၅) နှစ်ထက်မကြီးရ။
(၃) အရပ်အနည်းဆုံး (၅'၊ ၂") ရှိရမည်။ အိမ်ထောင်မရှိသူ (လူပျို/အပျို)ဖြစ်ရမည်။
(၄) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုတတ်ပြီး၊ စာရင်းကိုင်ပညာတတ်ကျွမ်းသူများကို ဦးစားပေးမည်။
(၅) မည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။
(၆) ဘဏ်နှင့်(၃)နှစ်စာချုပ် ချုပ်ဆိုနိုင်ရမည်။ ကျန်းမာရေးကောင်းမွန်ရမည်။

**၂။ ရုံးအကူ (ကျား) ၊ သန့်ရှင်းရေး (မ) - ရန်ကုန်ဘဏ်ခွဲများအတွက်သာ**

(၁) အနည်းဆုံးအခြေခံပညာ အလယ်တန်း (၈-တန်း) အောင်မြင်ရမည်။ (၁၀-တန်းအောင်မြင်ပြီးသူမဖြစ်ရ)
(၂) အသက် (၂၀)နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။ ဘဏ်နှင့်(၃)နှစ်စာချုပ် ချုပ်ဆိုနိုင်ရမည်။ ကျန်းမာရေးကောင်းမွန်ရမည်။

**၃။ ယာဉ်မောင်း - ရန်ကုန်ဘဏ်ခွဲများအတွက်သာ**

ယာဉ်မောင်းကျွမ်းကျင်ရမည်။ (ယ) လိုင်စင်ကိုင်ဆောင်ထားသူဖြစ်ရမည်။ အသက်(၃၀)နှစ်ထက်မငယ်၊ အသက် (၄၀)နှစ်ထက်မကြီးရ။ ဘဏ်နှင့်(၃)နှစ်စာချုပ် ချုပ်ဆိုနိုင်ရမည်။ ကျန်းမာရေးကောင်းမွန်ရမည်။

**အလုပ်လျှောက်ထားသူများသည်**

ကိုယ်ရေးမှတ်တမ်း/ပညာအရည်အချင်းအထောက်အထား/လုပ်ငန်းအတွေ့အကြုံ/နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူ/သန်းခေါင်စာရင်းမိတ္တူ/အလုပ်သမားမှတ်ပုံတင်မိတ္တူ/မကြာမီကရိုက်ထားသောကာလာဓါတ်ပုံ (Passport Size)/ သက်ဆိုင်ရာရဲစခန်းထောက်ခံချက် ပူးတွဲတင်ပြရမည်။ အလုပ်လျှောက်လွှာများကို (၅.၁.၂၀၁၇)နေ့နောက်ဆုံးထား၍ ရုံးချိန်အတွင်းပေးပို့ရမည်။ အိမ်ထောင်စုစာရင်းပါ ဒေသခံဖြစ်ရမည်။ **(မြန်မာလူမျိုး၊ တိုင်းရင်းသားများ လျှောက်ထားနိုင်ပါသည်။)** မပြည့်စုံသောလျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**အလုပ်လျှောက်ထားရန်နှင့်ဆက်သွယ်ရန်လိပ်စာ**

(၁) အမှတ်(၂၀၇)၊ သိမ်ဖြူလမ်း(အလယ်)ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ (ရန်ကုန်ဘဏ်ခွဲများအတွက်)
(၂) အမှတ်(၂၅၆)၊ (၇၄ လမ်းနှင့် ၃၆လမ်းထောင့်)၊ ရတနာဘုမ္မိအနောက်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ (မန္တလေးဘဏ်ခွဲများအတွက်)

**Aung's College (Tu Tu - Su Su)**
ပြည်ထောင်စုလွှတ်တော်ရုံး-အငယ်တန်းစာရေး(၂၅)ဦး
လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး(အမျိုးသား)
စုစုပေါင်း (၃၅၀)ဦး
အငယ်တန်းစာရေး(အမျိုးသမီး)၃လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန-စီမံကိန်းရေးဆွဲရေး ၃-ဦးစီးမှူး(၁၀၀)ဦး
၁၀၆၊စဉ့်အိုးတန်းလမ်း၊လသာ။ ဖုန်း-250727,09-5163884

### တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အထက (၂၁)မှ (ဘ)ဦးသာသာ၏သမီး အထက်တန်းပြ ဒေါ်ချိုချိုစန်းနှင့် ဒေါ်ချိုချိုစမ်း ၁၁/အမန(နိုင်)၀၀၀၁၈၈ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ချိုချိုစန်း(ခ)ဒေါ်ချိုချိုစမ်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ကျောက်အိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်စိုးမိုးထက်၏ဖခင် ဦးချို(ခ)ဦးညွန့်ဝေ ၅/ကလန(နိုင်)၀၁၂၄၈၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးချို(ခ)ဦးညွန့်ဝေ**

## (၁၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ အထက(ကျိုက္ကော်)ကျောင်းသား/သူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ကျောင်းသား/သူဟောင်းများ တက်ရောက်ပူဇော်ကန်တော့နိုင်ရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများမှလည်း ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်အပူဇော်ခံပေးပါရန် ရိုသေလေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၇-၁-၂၀၁၇ရက် (စနေနေ့)
**အချိန်** - နံနက် ၉နာရီ
**နေရာ** - ရွှေရတုခန်းမ၊ အထက(ကျိုက္ကော်)
- ရန်ကုန်မှလိုက်ပါမည့် ဆရာကြီး၊ ဆရာမကြီးများနှင့်ကျောင်းသား၊ ကျောင်းသူဟောင်းများ ၅-၁-၂၀၁၇ ရက်နောက်ဆုံးထား၍ ဒေါ်မေရီစိန်ထံဆက်သွယ်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းလိုပါက**
ဒေါ်မေရီစိန် - ဖုန်း-၀၉-၇၃၁၅၄၀၂၀
ဒေါ်ကျင်ဟုန် - ဖုန်း-၀၉-၇၃၀၄၅၅၅၄

**(မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ)**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း(မိတ္ထီလာမြို့) အခြေခံယာဉ်မောင်းသင်တန်းဖွင့်လှစ်ခြင်း

* ယာဉ်မောင်းသင်တန်းအမှတ်စဉ်(၂၁၅/၂၀၁၇)ကို ၉-၁-၂၀၁၇ ရက်တွင် ဖွင့်လှစ်မည်။
* ၂၄-၁၂-၂၀၁၆ရက်မှစတင်၍ သင်တန်းကြေးများ လက်ခံပါမည်။
* "ခ"လိုင်စင်ရရှိရေးဆောင်ရွက်ပေးသည်။
* ရပ်ဝေးသင်တန်းသားများနှင့် အမျိုးသမီးများအတွက် အဆောင်နှင့်စားသောက်ရေးစီစဉ်ပေးသည်။
* ရပ်ကွက်/ကျေးရွာအတွင်း အမှန်တကယ်နေထိုင်ကြောင်း ထောက်ခံစာနှင့် အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ယူဆောင်လာရမည်။
* အောက်ဖော်ပြပါရက်များအတိုင်း ဆက်လက်၍ သင်တန်းဖွင့်လှစ်သွားပါမည်-

| စဉ် | သင်တန်းအမည် | အမှတ်စဉ် | ဖွင့်ရက် |
|---|---|---|---|
| ၁။ | အခြေခံယာဉ်မောင်း | ၂၁၆/၂၀၁၇ | ၁၃-၂-၂၀၁၇ |
| ၂။ | အခြေခံယာဉ်မောင်း | ၂၁၇/၂၀၁၇ | ၂၀-၃-၂၀၁၇ |
| ၃။ | အခြေခံယာဉ်မောင်း | ၂၁၈/၂၀၁၇ | ၂၄-၄-၂၀၁၇ |
| ၄။ | အခြေခံယာဉ်ပြင် | ၉၉/၂၀၁၇ | ၁၆-၁-၂၀၁၇ |

* အမျိုးသမီး(အထူး) သီးသန့်ယာဉ်မောင်းသင်တန်းအား အမျိုးသမီးနည်းပြများဖြင့် စနစ်တကျ မောင်းနှင်နိုင်သည်အထိ သင်ကြားပေးသည်။ ၂-၁-၂၀၁၇ ရက်မှစတင်၍ လစဉ်ဖွင့်လှစ်သွားပါမည်။
* စုံစမ်းဆက်သွယ်ရန် - သင်တန်းမှူး(ပြင်ပယာဉ်မောင်း/ယာဉ်ပြင်သင်တန်း)

**ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ ကျောက်ပန်းတောင်းလမ်း၊ မိတ္ထီလာမြို့။ ဖုန်း-၀၆၄-၂၃၅၄၅၊ ၀၉-၄၀၂၆၄၅၅၀၃**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ၂၅ရက် (ခရစ္စမတ်နေ့) နှင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်(ကရင်နှစ်သစ်ကူးနေ့)များတွင် ပိတ်ထားမည် ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/9262 Toyota Probox NCP 51 Station Wagon (4x2)ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီသီမာ ၁၂/ဥကမ(နိုင်)၁၃၆၄၃၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးတွင်ဓာတ်ခွဲခန်းအဆောက်အအုံ ဆောက်လုပ်ရန်အတွက် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန် ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
(၁) ဓာတ်ခွဲခန်းအဆောက်အအုံ (RC)(၁)ထပ် (၁)ဆောင် 1.Lot ပေ(၆၀×၃၀×၁၂)မီးအပါအဝင်
၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန် ဖြစ်ပါသည်။
(က) တင်ဒါလျှောက်လွှာရယူရန် ၂၀-၁၂-၂၀၁၆ရက်မှ ၃၀-၁၂-၂၀၁၆ရက်ထိ
(ခ) တင်ဒါတင်သွင်းရန် ၆-၁-၂၀၁၇ရက် ညနေ ၄နာရီ
၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၁-၂၂၅၄၂၊ ၀၇၁-၂၂၈၀၁၊ ၀၉-၃၃၃၆၉၈၁၁

**တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန မုံရွာမြို့**

### အမည်ပြောင်း

ဦးဇော်ဝင်းလှိုင်၏သား တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အထက(၂)၊ ပထမတန်း(C)မှ မောင်အောင်သက်အားယနေ့မှစ၍ မောင်အောင်နိုင်ဦးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်နိုင်ဦး**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် KYH 8H/9872 ယာဉ်လက်ဝယ်ရှိသူ ဦးစံလင်းထွဋ်က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ကယားပြည်နယ်ရုံး (လွိုင်ကော်)**



# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅–၂၀၁၆ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက် **“ကမ္ဘောဇဘဏ်လီမိတက်”** သည် ကျပ်ငွေ (၂၂,၉၅၉.၈၃)သန်း ဖြင့် **“ပထမ”** နေရာမှ (၅)နှစ်ဆက် ဝင်ငွေခွန် အများဆုံးထမ်းဆောင်ခဲ့ခြင်း၊

ကမ္ဘောဇဘဏ်လီမိတက်၏ **“ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM)”** သည် နိုင်ငံတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တပြေးညီ ရှေ့ဆုံးမှ တက်ကြွစွာ လူအား၊ ငွေအားဖြင့် ပံ့ပိုးကူညီဆောင်ရွက်လျှက်ရှိပြီး ၂၀၀၇ ခုနှစ်မှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအထိ နိုင်ငံတော်နှင့်ပြည်သူအတွက် **(၁၁၀.၆၈၂)ဘီလီယံ** လှူဒါန်းခဲ့ခြင်း၊

ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ချီးမြှင့်သော ဆုအမြောက်အမြားကို ကမ္ဘောဇဘဏ်လီမိတက်မှ နှစ်စဉ် ထိုက်တန်စွာလက်ခံရရှိခဲ့ခြင်း၊

နိုင်ငံတကာမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများ၊ အရည်အချင်းများနှင့် အရည်အသွေး စစ်ဆေးမှုများကို အောင်မြင်ပြီး ၂၀၁၆ ခုနှစ်အတွင်း မြန်မာ့ဘဏ္ဍာရေးသမိုင်းတွင် ပထမဆုံးအဖြစ် ထိုင်းနိုင်ငံ၊ စင်္ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် ကမ္ဘောဇနိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံးခွဲများကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်း၊

စသည့် အောင်မြင်မှုများအတွက် ကမ္ဘောဇဘဏ်လီမိတက်နှင့် ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာပြည်သူပြည်သားများ အမြဲထာဝရ အားကိုးအားထားရသော အောင်မြင်သည့် ထိပ်တန်းဘဏ်ကြီးအဖြစ် ထာဝရရပ်တည်နိုင်ပါစေကြောင်းနှင့် နိုင်ငံ့အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌လည်း ဆထက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဦးအောင်မြတ်
အုပ်ချုပ်မှုဒါရိုက်တာ
**Mother Trading & Construction Co., Ltd.**

**Agro Innovation Group Public Co., Ltd. မှ Chairman**

## ဦးတင်မျိုးထွင့်နှင့် ဒါရိုက်တာအဖွဲ့ဝင်များသိစေရန် ကြေညာခြင်း

မြန်မာ့ဆေးဝါးကြီးကြပ်မှုရှိ ဘီးလင်းသကြားစက်ရုံကို ၁-၈-၂၀၁၄ ရက်မှစ၍လည်းကောင်း၊ ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံခွဲ(ရန်ပယ်)နှင့် ဗိုလ်တထောင်ဈေးလမ်းသိုလှောင်ရုံ (၂)လုံးတို့အား ၁-၂-၂၀၁၅ ရက်မှစ၍လည်းကောင်း၊ ငှားရမ်းဆောင်ရွက်ခြင်းအတွက် Agro Innovation Group Public Co., Ltd. နှင့် မြန်မာ့ဆေးဝါးလုပ်ငန်းနှင့် ငှားရမ်းသဘောတူစာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ပါသည်။

ယင်းသို့ဆောင်ရွက်ရာမှ Agro Innovation Group Public Co., Ltd. အနေဖြင့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှ အောက်တိုဘာလအထိ ငှားရမ်းခနှင့် ၂၀၁၅ ခုနှစ် ဇွန်လမှအောက်တိုဘာလအထိ ဝန်ထမ်းလစာများပေးသွင်းခြင်းမရှိဘဲ စာချုပ်ပါစည်းကမ်းများ ဖောက်ဖျက်ခဲ့သဖြင့် မြန်မာ့ဆေးဝါးလုပ်ငန်းသို့ လာရောက်ဖြေရှင်းပေးရန် စာဖြင့်အကြိမ်ကြိမ်အကြောင်းကြားခဲ့သော်လည်း လာရောက်ဖြေရှင်းခြင်းမရှိသည့်အတွက် လုပ်ငန်းမှအခက်အခဲဖြစ်ပေါ်ခဲ့ပြီး လုပ်ငန်းများ ရပ်ဆိုင်းခဲ့ရသဖြင့် ၃၁-၁၀-၂၀၁၅ ရက်တွင် စာချုပ်ရပ်စဲခဲ့ရပါသည်။

ယင်းသို့ဖြစ်ပေါ်ခဲ့သဖြင့် ငှားရမ်းခနှင့် ဝန်ထမ်းလစာများအပါအဝင် Agro Innovation Group Public Co., Ltd. ထံမှ ရရန်ရှိငွေ ကျပ် ၂၆၀၇.၆၄၆ သိန်း ဖြစ်ပေါ်ခဲ့သည့်အတွက် မြန်မာ့ဆေးဝါးလုပ်ငန်းသို့ ၃၁-၁၂-၂၀၁၆ ရက် နောက်ဆုံးထား လာရောက်ဖြေရှင်းပေးရန်နှင့် လာရောက်ဖြေရှင်းခြင်းမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး**
**မြန်မာ့ဆေးဝါးလုပ်ငန်း**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး(လစာနှုန်း) | ပညာအရည်အချင်း | ခန့်အပ်မည့်ဦးရေ |
|---|---|---|---|
| (က) | သရုပ်ပြ (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | B.E (Civil, EC, EP, Mech, MC, IT Textile, Chemical, Mining, Metallurgy) | (၄၁၀)ဦး |
| (ခ) | ကျွမ်းကျင် (၄) (၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀) | AGTI (Civil, EC, EP, Mech,) | (၁၅၀)ဦး |
| (ဂ) | ကျွမ်းကျင် (၅) (၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀) | GTHS (BT, EcT, ET, AMT, MT)/ ITC/TTS ကျောင်းဆင်းများ | (၁၅၀)ဦး |

၂။ အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် နီးစပ်ရာကောလိပ်၊ သိပ္ပံနှင့် ကျောင်းများတွင် လျှောက်လွှာများထုတ်ယူပြီး လိုအပ်သောစာရွက်စာတမ်းများ ပူးတွဲ၍ ၆-၁-၂၀၁၇ရက် နောက်ဆုံးထားလျှောက်ထားရမည်။

၃။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အသက် (၁၈)နှစ် ပြည့်ပြီးသူဖြစ်ရမည်။
- (ဂ) ၃၁-၁၂-၂၀၁၆ ရက်တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက် (၃၀)၊ ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဃ) ကျွမ်းကျင်မှုဆိုင်ရာ ကာလတို၊ ကာလရှည်သင်တန်းများ တက်ရောက်နိုင်သူဖြစ်ရမည်။
- (င) နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ကျောင်းများတွင်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (စ) (၆)လအတွင်း ရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်/ သင်တန်းဆင်းလက်မှတ်မိတ္တူ၊ တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ။
- (ဆ) (၁)လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ။
- (ဇ) (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ။
- (ဈ) ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်။
- (ည) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်။

၄။ BE ဘွဲ့ရ သတ်မှတ်ချက်ကိုက်ညီသူများအား ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်ပါမည်။

၅။ ရေးဖြေစာမေးပွဲများကို အထက်မြန်မာပြည်မှ အလုပ်လျှောက်ထားသူများအနေဖြင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး)နှင့် အောက်မြန်မာပြည်မှ အလုပ်လျှောက်ထားသူများအနေဖြင့် အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ)တို့တွင် ကျင်းပမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၆။ AGTI လက်မှတ်ရများနှင့် THS, ITC, TTS ကျောင်းဆင်းများအား လူတွေ့စစ်ဆေးမှု ပြုလုပ်မည်ဖြစ်ပါသည်။

၇။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်(သို့)သင်တန်းဆင်းလက်မှတ်/နိုင်ငံသားစိစစ်ရေး ကတ်/ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်/အလုပ်သမားမှတ်ပုံတင်မူရင်းများ တင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ဖုန်း-၀၆၇-၄၀၄၀၁၉သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၈။ ရေးဖြေအောင်မြင်သူစာရင်းနှင့် လူတွေ့အောင်မြင်သူစာရင်းများ စာရင်းအား www.tvetmyanmar.org/announcements နှင့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ကြေညာသွားမည် ဖြစ်ပါသည်။

၉။ အခြားဝန်ထမ်းအဖွဲ့အစည်းများမှ လျှောက်ထားလာသူများသည် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ပါရှိရမည်။

၁၀။ လျှောက်လွှာနှင့်စပ်လျဉ်း၍ စာရွက်စာတမ်းများ မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

| စဉ် | ဖြေဆိုရမည့်ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| ၁။ | သက်ဆိုင်ရာဘာသာရပ် | ၂၈-၁-၂၀၁၇ (စနေနေ့) | နံနက် ၁၀း၀၀မှ ၁၂း၀၀ထိ |
| ၂။ | အင်္ဂလိပ်စာ | ၂၉-၁-၂၀၁၇ (တနင်္ဂနွေနေ့) | နံနက် ၁၀း၀၀မှ ၁၂း၀၀ထိ |

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သထုံမြို့နယ်၊ နောင်ကုလားကျေးရွာ၊ ရွာကြီး၊ ဘူတာလမ်း၊ အိမ်အမှတ် ၆၃၅ နေ ကျွန်မ ဒေါ်အေးကြည် ၁၀/သထန(နိုင်)၁၆၉၈၂၆ ၏ သမီး မမေသက်နွယ် ၁၀/သထန(နိုင်)၁၂၅၅၁၀ သည် မိခင်ဖြစ်သူနှင့် ညီအစ်မများ၏ ဂုဏ်သိက္ခာညှိုးနွမ်းစေသည့်လုပ်ရပ်ဖြင့် မိမိသဘောအရ ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအရင်းအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်ပြီး မည်သည့်ကိစ္စကိုမဆို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ဒေါ်အေးကြည်**

---

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**
**ရခိုင်ပြည်နယ်၊ စစ်တွေမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် စစ်တွေမြို့နယ်၊ ကျားမသောက်ကျေးရွာရှိ ညွှန်ကြားရေးမှူးရုံး၌ အောက်ဖော်ပြပါပစ္စည်းများအား ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
- (က) လေထုအရည်အသွေးတိုင်းကိရိယာ
- (ခ) ရေထုအရည်အသွေးတိုင်းကိရိယာ

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂-၁-၂၀၁၇ ရက် (တနင်္လာနေ့)
**တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၀-၁-၂၀၁၇ရက် (သောကြာနေ့)၊ ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းကမ်းချက်သတ်မှတ်ချက်နှင့် လျှောက်လွှာပုံစံများကို ရခိုင်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စစ်တွေမြို့နယ်၊ ကျားမသောက်ကျေးရွာတွင် ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၂၀၀၀၁၀၅ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရခိုင်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

---

## စစ်တွေတက္ကသိုလ်

### (၁၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင် ကျင်းပမည့်အစီအစဉ် ကြေညာချက်

၁။ စစ်တွေတက္ကသိုလ်၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားကြသူများအား အောက်ဖော်ပြပါအစီအစဉ်အတိုင်း စစ်တွေတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**(၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်**

**နံနက်ပိုင်းအစီအစဉ်** — **၁၄-၁-၂၀၁၇ရက်(စနေနေ့) နံနက် ၉နာရီ**
- မဟာသုတေသနဘွဲ့ - မြန်မာစာ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ
- မဟာဥပဒေဘွဲ့ - ဥပဒေပညာ
- မဟာသိပ္ပံဘွဲ့ - ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ
- ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ - မြန်မာစာ၊ ပထဝီဝင်၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ၊ရူပဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒ

**မွန်းလွဲပိုင်းအစီအစဉ်** — **၁၄-၁-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၂နာရီ**
- ဝိဇ္ဇာ/ သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ - မြန်မာစာ၊ ပထဝီဝင်၊ ဓာတုဗေဒ၊ ရူပဗေဒ၊သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ
- ဥပဒေဘွဲ့ - ဥပဒေပညာ
- ဝိဇ္ဇာဘွဲ့/ သိပ္ပံဘွဲ့ - အင်္ဂလိပ်စာ၊ သမိုင်း၊ သင်္ချာ
- ဝိဇ္ဇာဘွဲ့/ သိပ္ပံဘွဲ့ (တောင်ကုတ်ဒီဂရီကောလိပ်) - မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ ဓာတုဗေဒ၊ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ

**အစမ်းလေ့ကျင့်ရက်** - ၁၂-၁-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက် ၉နာရီ

၂။ ဘွဲ့အသီးသီးကို တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားများတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ အနက်မှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။

၃။ ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာများကို ၁၀-၁-၂၀၁၇ရက် (အင်္ဂါနေ့) မှစ၍ စစ်တွေတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ (မြေညီထပ်)တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ လာရောက်ထုတ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို စစ်တွေတက္ကသိုလ်၊ စာမေးပွဲနှင့် ဘွဲ့နှင်းဌာန ဖုန်း-၀၉-၅၀၅၁၁၅၄သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မေခင်**
**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**စစ်တွေတက္ကသိုလ်**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ မြေနဲကျေးရွာအုပ်စု၊ ကွင်းအမှတ်(၇၀၆ မြေနဲအနောက်)၊ ဦးပိုင်အမှတ်(၃၈၄/၂၊ ၃၈၅/၁)၊ ဧရိယာ ၀ဒသမ၈၃ ဧကရှိ မြေသည် ဦးအောင်ထူး ၅/မရန(နိုင်)၀၉၄၆၀၀ အမည်ဖြင့် ရေဆေးဆီလိုက်နှင့် လေထိုးကျွတ်ဖာလုပ်ငန်းလုပ်ကိုင်ရန် လယ်ယာမြေအခြားနည်းအသုံးပြုခွင့် ရရှိထားသောမြေဖြစ်ပြီး ဦးအောင်ထူးမှ မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ ပြည့်မြောက်သည်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

## ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်ုပ် မြေရှင် ဒေါ်တင်ဦး(ဘ)ဦးမောင်မြ ၁၂/ဥကမ(နိုင်)၀၇၆၃၃၄ က ကန်ထရိုက်တာ ဦးအောင်ကျော်စိုး (ဘ)ဦးရှိန်၁၂/စခန(နိုင်)၀၂၃၀၂၃ အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၉-၈-၂၀၁၃ ရက်၌ ကိုယ်စားလှယ်စာမှတ်ပုံတင်စာချုပ်အမှတ် ၁၃၈၆၆/၂၀၁၃ ဖြင့် လွှဲအပ်ထားရာတွင် အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် ယခုကြေညာပါသည့်ရက်မှစ၍ ကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းလိုက်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်ဦး**
**၁၂/ဥကမ(နိုင်)၀၇၆၃၃၄**
**အမှတ် ၅၁၈၊ (၂)ရပ်ကွက်၊ အာသာဝတီလမ်းမကြီး၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**

---

**ပညာရေးဝန်ကြီးဌာန**
**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် A.G.T.I**

## ပထမနှစ်ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရစက်မှုလက်မှုသိပ္ပံ(ဂန့်ဂေါ)မှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အကျင့်စာရိတ္တ ကောင်းမွန်ရမည်။
- (ဂ) အလုပ်ရုံတွင် သင်ထောက်ကူစက်ပစ္စည်း အသုံးပြုသင်ကြားလေ့ကျင့်ရန်လိုအပ်သဖြင့် ကိုယ်လက်အင်္ဂါသန်စွမ်း ကျန်းမာသူဖြစ်ရမည်။
- (ဃ) တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါဘာသာတွဲများဖြင့် အောင်မြင်သူဖြစ်ရမည်။
  - (၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ၊
  - (၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ၊
  - (၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊
  - (၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ၊
  - (၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊သင်္ချာ၊ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ၊
- (င) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာ စုစုပေါင်းရမှတ်အပေါ်မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ အစိုးရနည်းပညာအထက်တန်းကျောင်းများမှ အောင်မြင်သူများလည်း လျှောက်ထားနိုင်သည်။

၄။ အစိုးရစက်မှုလက်မှုသိပ္ပံ(ဂန့်ဂေါ)တွင် ဖွင့်လှစ်သင်ကြားပေးမည့်သင်တန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။
- (က) မြို့ပြအင်ဂျင်နီယာ
- (ခ) အီလက်ထရွန်နစ်အင်ဂျင်နီယာ
- (ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
- (ဃ) စက်မှုအင်ဂျင်နီယာ

၅။ သင်တန်းကာလမှာ(၃)နှစ်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက ဒီပလိုမာ အောင်လက်မှတ် ပေးအပ်မည်ဖြစ်သည်။

၆။ ဝင်ခွင့်လျှောက်လွှာများကို မိမိတို့လျှောက်ထားလိုသည့် အစိုးရစက်မှုလက်မှုသိပ္ပံ(ဂန့်ဂေါ)၌ ၁၉-၁၂-၂၀၁၆ ရက်မှ စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၃၀-၁၂-၂၀၁၆ ရက် နောက်ဆုံးထား၍ အစိုးရစက်မှုလက်မှုသိပ္ပံ(ဂန့်ဂေါ)သို့ ပြန်လည်တင်သွင်းရမည်။

၇။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-
- (က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
- (ခ) အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက် (သို့မဟုတ်)ကျေးရွာအုပ်စုထောက်ခံစာမူရင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထောက်ခံစာမူရင်းနှင့်မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံစာမူရင်း၊
- (င) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့်အမှတ်စာရင်း(မူရင်းနှင့်မိတ္တူ)
- (ဃ) ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ

၈။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အစိုးရစက်မှုလက်မှုသိပ္ပံ(ဂန့်ဂေါ)သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

---

### ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အထက တောင်နီ၊ ဆဋ္ဌမတန်းမှ မသင်းစပယ်၏ ဖခင်အမည်မှန်မှာ ဦးခွန်ကျော်စိန် ဖြစ်ပါကြောင်း။ **ဦးခွန်ကျော်စိန်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

MUFL တွင် ပညာသင်ကြားနေသော မောင်စိုင်းအောင်ဟိန်းနှင့် မနန်းသဥ္ဇာစိုး တို့၏ဖခင် ဦးမျိုးမြင့် ၁/မကတ(နိုင်) ၀၀၀၃၇၀နှင့် ဦးစိုင်းမျိုးမြင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးမျိုးမြင့်(ခ)ဦးစိုင်းမျိုးမြင့်**

### ဖခင်အမည်မှန်

